# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၄၅)


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝတ်(ဓမ္မပဒ - ၁၄၆)

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အစည်းအဝေး ဒုတိယနေ့ကျင်းပ



သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သောဠသမအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ သတင်းစဉ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သောဠသမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးခင်မောင်ဝင်း နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက် ဆရာတော်

*စာမျက်နှာ ၄ ကော်လံ ၁* ✻

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာနိုင်ငံကြက်ခြေနီအသင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများအတွက် ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ နာယက၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုအလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ နယ်ပယ်အသီးသီးတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအတွက် ထောက်ပံ့ငွေများပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ နာယက၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ အငြိမ်းစား ဗဟိုအလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာမြသူထံ ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**အမျိုးသားအကျိုးစီးပွားနဲ့ သတင်းလွတ်လပ်ခွင့်ပြဿနာ**

*ဆောင်းပါး* စာ » ၆

**စတုတ္ထမဏ္ဍိုင်လို့ခေါ်တဲ့ သတင်းသမားတွေ လွတ်လပ်အမှီအခိုကင်းပြီး အားကောင်းတဲ့ မီဒီယာဖြစ်လာအောင် လုပ်ပေးဖို့လို**

စာ » ၁၀


Shwe La Min

ရွှေလမင်း ဆေးရုံ

မြန်မာ့နှစ်သစ်ကူးအတာသင်္ကြန်ကို ကြိုဆိုသောအားဖြင့်(၁.၃.၂၀၁၈ မှ ၃၀.၄.၂၀၁၈) ရက်နေ့အတွင်း အခန်းခများကို (၃) ရက် နေခဲ့လျှင် (၁) ရက် လျှော့ပေးခြင်းနှင့် (Medical Check Up Package) ကျန်းမာရေးစစ်ဆေးခြင်းများကို အထူးလျှော့ဈေးပေးမည် ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

ရွှေလမင်းဆေးရုံ(၁) ： အမှတ်(၁၂၅၄)၊ သုဓမ္မာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ Hot Line : 01-655612

ရွှေလမင်းဆေးရုံ(၂) ： အမှတ်(၁၅/၁၉)၊ ဇော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်။ Hot Line : 01-2301949

ရွှေလမင်းဆေးရုံ(၃) ： အမှတ်(၃၂)၊ ဗိုလ်စောမောင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ဟင်္သာတမြို့။Ph:044-2021375,2022799

ရွှေလမင်းဆေးရုံ(၄) ： အမှတ်(၁)၊ ရှမ်းစုလမ်း၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့။ Ph-057-2026202,2026855

မြန်မာ့အလင်း

# အဖျက်အမှောင့် အင်အားစုတို့၏ ဇာတိရုပ်အစစ်အမှန်

ရခိုင်ပြည်နယ်၌ တည်ငြိမ်ပြေလည်မှုမရရှိစေရန် သွေးထိုးလှုံ့ဆော်နေသော အင်အားစုတို့၏ ဇာတိရုပ်အစစ်အမှန်ကို ထင်းခနဲ ပေါ်လွင်စေသော သတင်းဆောင်းပါးတစ်ပုဒ်ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက် နေ့စွဲဖြင့် **Aljazeera** ၏ အင်တာနက်စာမျက်နှာ၌ ဖတ်ရှုရပါသည်။ ဤသတင်းဆောင်းပါးရေးသားသူက ထွန်းခင်ဆိုသူ၏ " ယခုအချိန်သည် နေရပ်သို့ ပြန်လည်ပို့ဆောင်နေရာချထားရေးကို ပြောဆိုဆွေးနွေးရမည့်အချိန် မဟုတ်" ဟူသော စကားကို ကိုးကားဖော်ပြထားပါသည်။ ဤသတင်းဆောင်းပါးသည် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က ရခိုင်ပြည်နယ်သို့ ပြန်လည်ဝင်ရောက်လာမည့် ဘင်္ဂါလီမျိုးနွယ်တို့အား ပြန်လည်လက်ခံနေရာချထားရေး အသေးစိတ်အစီအစဉ်တို့ကို ညှိနှိုင်းပြီးစီး၍ လက်တွေ့ပြန်လည်လက်ခံနေရာချထားတော့မည့် အချိန်၌ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။ တိကျသော စကားဆိုရပါက ပြေလည်တော့မည့် အနေအထားကို ပျက်ပြားစေရန် ခြေထိုးလိုက်ခြင်း ဖြစ်ပါသည်။

ဤသတင်းဆောင်းပါး၌ ဇာနည်ဆိုသူက " ရိုဟင်ဂျာမျိုးနွယ် (မူရင်းဆောင်းပါး၌ သူတို့စိတ်ကြိုက်အမည်ကို သုံးထားပါသည်) တို့ လိုအပ်နေသည်မှာ အိမ်ဟုခေါ်ဆိုနိုင်သော နယ်မြေတစ်ရပ် လိုအပ်ပါသည်။ ဤနယ်မြေသည် ရိုဟင်ဂျာတို့အတွက် ဥပဒေမဲ့သတ်ဖြတ်ခံရမည်ကို စိုးရိမ်ပူပန်စရာ မလိုအပ်သော၊ သူတို့ကျေးရွာ၊ သူတို့နေအိမ်များ မီးရှို့ခံရမည်ကို စိုးရိမ်စရာမလိုသော နယ်မြေဖြစ်ရမည်" ဟုဆိုထားပါသည်။ အမှန်မှာမူ နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်သို့ ပြန်လည်ဝင်ရောက်နေထိုင်ကြမည့် ဘင်္ဂါလီမျိုးနွယ်တို့၏ လုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်စရာ မလိုအပ်ကြောင်းကို နိုင်ငံတကာသို့ ရှင်းလင်းစွာ ပြောကြားထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါက အဆိုပါ ဇာနည်ဆိုသူက အဘယ်ကြောင့် အတွန့်တက်ပါသနည်း။

ဇာနည်ဆိုသူ အတွန့်တက်ပုံမှာ သာမန်အတွန့်တက်ခြင်းမဟုတ်၊ ပြေလည်တော့မည့် အခြေအနေ ရှုပ်ထွေးသွားစေရန် အချွန်နှင့် မလိုက်ခြင်းသာ ဖြစ်ပါသည်။ ဤဇာနည်ဆိုသူက "ဘင်္ဂါလီမျိုးနွယ်တို့ ရခိုင်ပြည်နယ်သို့ပြန်နိုင်ရန် ကုလသမဂ္ဂက လုံခြုံရေးအရ ကာကွယ်မှုပြုထားသည့် နယ်မြေတစ်ရပ်လိုအပ်ပါသည်" ဟု အစပျိုးစကား ထည့်လိုက်ပါသည်။ မြန်မာနိုင်ငံသို့ ရွှေ့ပြောင်းအခြေချသူတို့က မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လျစ်လျူရှုလျက် မြန်မာ့လုံခြုံရေးတပ်ဖွဲ့တို့က စိတ်မချရ၊ ကုလသမဂ္ဂက ကာကွယ်ရမည်ဟု မည်ကဲ့သို့သော စိတ်ဓာတ်ဖြင့် ဇာနည်ဆိုသူက ဆိုလိုက်ပါသနည်း။ ဇာနည်ဆိုသူအား အသုံးချရေးလိုက်သော ဤဆောင်းပါး၏ ရည်ရွယ်ချက်က စတင်ပုံပေါ်လာပြီ ဖြစ်ပါသည်။ သို့သော် ဤဆောင်းပါး၏ ရည်ရွယ်ချက်သည် အရိပ်ကိုသာ ပြရန်မဟုတ်၊ အကောင်အထည်ကိုပါ ပီပြင်ရှင်းလင်းစွာ ပြသရန် ဖြစ်ပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ဇာနည်ဆိုသူက " ကျွန်ုပ်တို့အတွက် လိုအပ်နေသည်မှာ အမှန်တကယ်စိုးရိမ်ပူပန်သော ကမ္ဘာ့ခေါင်းဆောင်တို့က ဘင်္ဂါလီမျိုးနွယ်တို့အတွက် ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်ရဒေသတစ်ရပ် ထူထောင်နိုင်ရန် အထူးညီလာခံတစ်ရပ်ကို ခေါ်ယူရမည်ဖြစ်ပါသည်။ ဤကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်ရဒေသ၌ ဘင်္ဂါလီမျိုးနွယ်တို့၏ လုံခြုံရေးကို ကုလသမဂ္ဂ၊ ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် တခြားနိုင်ငံတို့က ကာကွယ်စောင့်ရှောက်ရမည် ဖြစ်သည်" ဟု ဆိုလိုက်ခြင်းသည် အဖျက်အမှောင့် အင်အားစုတို့၏ ဇာတိရုပ်ကို ပီပြင်ရှင်းလင်းစွာ ပြသလိုက်ခြင်း ဖြစ်ပါသည်။ တိကျစွာဆိုရပါက အဖျက်အမှောင့် အင်အားစုတို့သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင် နယ်မြေတစ်ရပ်ကို ဖဲ့ထုတ်သိမ်းပိုက်နိုင်ရန် ကောက်ကျစ်သောစကားတို့ကို ဆိုလိုက်ခြင်းသာ ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အဖျက်အမှောင့်အင်အားစုတို့၏ ကောက်ကျစ်ခြေထိုးမှုတို့ကို တုန်လှုပ်မည်မဟုတ်၊ "တိုင်းပြည်၏ ဥပဒေသတ်မှတ်ပြဋ္ဌာန်းချက်တို့နှင့် ညီညွတ်ပြည့်စုံသော သူတိုင်းအား တန်းတူနိုင်ငံသားအခွင့်အရေးပေးမည်" ဟူသော အခြေခံမူအပေါ်တွင် မြဲမြဲမြံမြံရပ်တည်လျက် မိမိတို့၏ ကျင့်ဝတ်သိက္ခာကို စောင့်ထိန်းသွားမည်ဖြစ်ကြောင်း ခိုင်မာပြတ်သားစွာ တင်ပြအပ်ပါသည်။ ။

## မြန်မာ-ဂျာမနီ ပုဂံယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာရေးထိုး

**ရန်ကုန် ဖေဖော်ဝါရီ ၂၁-** ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံ အစိုးရတို့အကြား ပုဂံဒေသရှိ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က မရမ်းကုန်းမြို့နယ်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျင်းပသည်။

မြန်မာ- ဂျာမနီနှစ်နိုင်ငံအကြား ပုဂံဒေသရှိယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အသိသက်သေအဖြစ် တက်ရောက်သည်။ ထို့နောက် နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံကိုယ်စား သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံကလည်းကောင်း၊ ဂျာမနီနိုင်ငံကိုယ်စား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E.Mrs Dorothee Jantgke Wergel ကလည်းကောင်း လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရှေ့နေချုပ်နှင့် ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့ တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဂျပန်နိုင်ငံ တရားရေးဝန်ကြီး ဌာန အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာန၏ အကြီးအကဲ Mr. Taro MORINAGA အား ဖေဖော်ဝါရီ ၂၀ ရက်က ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(အောက်ပုံ)**



ထိုသို့တွေ့ဆုံရာတွင် ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဥပဒေရေးရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ဆောင်ရွက်မှုထိရောက်ကောင်းမွန်စေရေး လုပ်ငန်းများ၊ အမှုလိုက်လုပ်ငန်း နယ်ပယ်တွင် လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်လာစေရေး၊ လေ့လာရေးခရီးနှင့် သင်တန်းများ ဆက်လက်စီစဉ်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ထင်သာမြင်သာ ပြုပြင်စရာ

## ပေါက်တောမြို့နယ် ပတ်ဝန်းကျင်ဒေသများ တယ်လီဖုန်းလိုင်းကောင်းစေလို

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဆင်တက်မော်ကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် ဆက်သွယ်ရေး တယ်လီဖုန်းလိုင်းများ အခက်အခဲတွေ့နေကြောင်း သိရသည်။

ဆင်တက်မော်ကျေးရွာအုပ်စုဒေသများသည် ရခိုင်ပြည်နယ် မြို့တော်စစ်တွေနှင့် ကစ္ဆပနဒီမြစ်တစ်ဖက်တစ်ချက်တွင် ရှိသော်လည်း သွားလာရခက်ခဲခြင်း၊ တယ်လီဖုန်းလိုင်းများ အလွယ်တကူဆက်မရခြင်း စသည့်အခက်အခဲများစွာ ရှိသည်။

"ကျွန်တော်တို့ကျေးရွာမှာ နေထိုင်ကြတဲ့သူတွေက စစ်တွေနဲ့နီးတယ်ဆိုပေမယ့် သွားရလာရတာ ခက်ခဲပါတယ်၊ ဒီအထဲ အခက်အခဲဆုံးတစ်ခုကတော့ တယ်လီဖုန်းလိုင်းတွေ မကောင်းတာပါပဲ၊ အချို့နေရာတွေဆို သစ်ပင်ပေါ်ကို တက်ပြီးဆက်မှ ရပါတယ်၊ ဒါတောင် အချိတ်အဆက်မမိတဲ့အခါလည်း ရှိပါတယ်၊ ရခိုင်ပြည်နယ်မှာ MPT၊ Telenor၊ Ooredoo တယ်လီဖုန်းလိုင်းတွေရှိပါတယ်၊ လောလောဆယ်မှာတော့ ဘာလိုင်းနဲ့မှလည်း အဆင်မပြေပါဘူး၊ အရေးကိစ္စကြုံလာရင် အခက်အခဲတွေနဲ့ ကြုံရတာပါပဲ၊ ဒီကမ်းခြေမှာလည်း တယ်လီဖုန်းတိုင်တစ်ခုမှ မရှိပါဘူး၊ ဒါကြောင့် ကျွန်တော်တို့ဒေသနေ ပြည်သူများကတော့ တယ်လီဖုန်းလိုင်းတွေ ကောင်းစေချင်ကြပါတယ်၊ ဒီလောက်တိုးတက်နေတဲ့ ခေတ်ကြီးမှာ စစ်တွေမြို့နဲ့နီးပြီး ခုလိုဖြစ်နေရတာကတော့ ဒေသရဲ့လိုအပ်ချက်တစ်ခုလို့ ပြောချင်ပါတယ်" ဟု ဆင်တက်မော်ကျေးရွာမှ အထက်တန်းပြဆရာ ဦးသန်းနိုင်က ပြောသည်။ ပင်လယ်ဝနှင့် ဆက်စပ်ဒေသများဖြစ်သဖြင့် သွားလာရခက်ခဲသလို ဆက်သွယ်ရေးတယ်လီဖုန်းလိုင်းများ မရသဖြင့် ဒေသတွင်နေထိုင်ကြသူများမှာ အခက်အခဲတွေ့နေကြသဖြင့် ဆက်သွယ်ရေးတယ်လီဖုန်းလိုင်းများ အဆင်ပြေလိုကြောင်း ဒေသခံများထံမှ သိရသည်။ **ကိုကြီးစော**

## စားသောက်ကုန်ထုတ်လုပ်မှု သင်တန်းဆင်း

**ချောင်းဆုံ ဖေဖော်ဝါရီ ၂၁**

မွန်ပြည်နယ်အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကို ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာ၌ ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပခဲ့သည်။

အဆိုပါ မုန့်အမျိုးမျိုးပြုလုပ်နည်းတို့ကို မိသားစုတစ်ပိုင်တစ်နိုင်ထုတ်လုပ်နိုင်ကာ အသေးစားလုပ်ငန်းရှင်များအဖြစ် ရပ်တည်နိုင်စေရန် အခမဲ့ဖွင့်လှစ်သင်ကြားခြင်းဖြစ်ပြီး သင်တန်းသူ ၁၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၁-၂-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၃၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၈၀၀/၈၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၅၅/၇၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၅/၈၃၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၃၅ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၉ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၇ ・ ၈ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၃၅ ・ ၉ |
| ထိုင်း | တစ်ဘတ် | ၄၂ ・ ၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၄ |
| တရုတ် | တစ်ယွမ် | ၂၀၉ ・ ၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ ・ ၉ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ကျူးဘားသံအမတ်ကြီးနှင့် အာဂျင်တီးနား သံအမတ်ကြီးတို့ သံအမတ်ခန့်အပ်လွှာများပေးအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၂၁**
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဟက်တာ ကော်နဒီ အယ်လ်မေးဒါးသည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**သံအမတ်ခန့်အပ်လွှာပေးအပ်**

အလားတူ နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံဆိုင်ရာ အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စ မာရီယာ အလစ်ရှာ ကာ့ဗိုနီ ဒီ ဆွန်ချိုင်းန်သည် ညနေ ၃ နာရီ ၅ မိနစ်တွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားများသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာရီယာ အလစ်ရှာ ကာ့ဗိုနီ ဒီ ဆွန်ချိုင်းန်က ၎င်း၏ ခန့်အပ်လွှာ ပေးအပ်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟက်တာ ကော်နဒီ အယ်လ်မေးဒါးအား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ အချိန်ပြည့် ဗဟိုအလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာ မြသူက နိုင်ငံတော်သမ္မတထံ ကြက်ခြေနီအထိမ်းအမှတ် လက်ဆောင်ကို ပြန်လည်ပေးအပ်သည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ သမ္မတရုံးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်လတ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ မြသူ၊ အချိန်ပြည့် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဒေါက်တာ အမယာမော်နိုင်၊ ဦးကင်ဘွိုင်း၊ ဦးခင်မောင်လှ၊ အချိန်ပိုင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးဝေဋ္ဌကျော်၊ ဦးပေါ်မြင့်ဦး၊ ဦးဂဲနက်စ်၊ ဦးမျိုးမင်းနောင်၊ ဦးမောင်မောင်ခင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ နာယက၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ အချိန်ပြည့် ဗဟိုအလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာမြသူထံ ထောက်ပံ့ငွေများ ပေးအပ်စဉ်။

သတင်းစဉ်

## နေပြည်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း



**နေပြည်တော် ဖေဖော်ဝါရီ ၂၁**
ပြည်ထောင်စုနယ်မြေ နေပြည်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ကော်မတီဝင်များ တက်ရောက်ကြသည်။ **(ဓာတ်ပုံ)**

ဆွေးနွေးပွဲတွင် နေပြည်တော်ကောင်စီဝင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ကော်မတီဝင်များက ဆောင်းသီးနှံနှင့် နွေသီးနှံများ စိုက်ပျိုးမှုအခြေအနေကို ဆွေးနွေးတင်ပြကြပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**
တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

* ရှေ့ဖုံးမှ

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက ဆောင်ရွက်တော်မူသည်။

**ဆွေးနွေးဆုံးဖြတ်**

အစည်းအဝေးတွင် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနည်းဓရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်ကြီးများက ဆွေးနွေးတော်မူကြပြီး ဝိနည်းဓရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာ၊ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အဖွဲ့ဝင်ဆရာတော်ကြီးများက ပြန်လည်ရှင်းလင်း လျှောက်ထားတော်မူကြပြီး ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော်က အတည်ပြုချက်ယူသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက ဇယန္တောဗောဓိယာမူလေ အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီသောဋ္ဌသမ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

**ဆက်ကပ်လှူဒါန်း**

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား အရုဏ်ဆွမ်း အလှူရှင်အဖြစ် ဖခင် ဦးမောင်မောင် + မိခင် ဒေါ်ခင်ခင်ကြီးတို့အား ရည်စူး၍ အမှတ် (၁၈/ခ) မြစပါယ်လမ်း၊ ပါရမီ၊ ရန်ကုန်မြို့နေ သမီး ဒေါ်ပြုံးက လည်းကောင်း၊ နေ့ဆွမ်း အလှူရှင်အဖြစ် ကျိုက္ကစံဝေဠုဝန် (ရွှေကျင်) ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတ (သဒ္ဓမ္မဇောတိကဓဇ)နှင့် တပည့် ဒါယကာ၊ ဒါယိကာမများက တေဝီသတိမ (၂၃)ကြိမ်မြောက်အဖြစ် လည်းကောင်း ဆက်ကပ် လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အပေါ်ပုံ)

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မဲစာရင်းမှန်ကန်ပြည့်စုံရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကြိုးစားလုပ်ဆောင်ကြရန်နှင့် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် မဲစာရင်းပြုစုခြင်းဆိုင်ရာ သင်တန်းတက်ရောက်နေသည့် သင်တန်းသားများအား ယနေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

**စမ်းသပ်ဆောင်ရွက်**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ မဲစာရင်းများ ကြေညာရာ၌ အိမ်ထောင်စုအလိုက် ဖြစ်စေရန် မဲစာရင်းပြုစုနိုင်ရေးအတွက် ယခုသင်တန်းအား ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ မဲစာရင်းကို မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်ရန် လိုကြောင်း၊ မဲစာရင်းမှန်ကန်ပြည့်စုံရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကြိုးစားလုပ်ဆောင်ကြရန်နှင့် အဆင့်ဆင့် ကြီးကြပ်ဆောင်ရွက်ကြရန် လိုကြောင်း၊ မဲစာရင်း အချိန်မီပြီးစီးရန်လည်း လိုအပ်ပါကြောင်း၊ ယခု ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုခြင်းသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းအတွက် စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။




မဲစာရင်းပြုစုခြင်းသင်တန်းသို့ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန်ရှိသည့် မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၂၇ ဦးဖြင့် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**လုပ်ငန်းစဉ် သင်ကြားပေး**

ထို့အပြင် သင်တန်းတွင် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရာတွင် အိမ်ထောင်စုအလိုက် မဲစာရင်းထုတ်ပြန်နိုင်ရန် Myanmar TVR Software စနစ်ဖြင့် မဲစာရင်းပြုစုခြင်းမှ Excel စနစ်ဖြင့် ပြုစုသည့် လုပ်ငန်းစဉ်အား သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထွန်းဖောင်ဒေးရှင်း စာပေဆုများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောကဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေး၊ စာကောင်းပေမွန်များ ပေါ်ထွန်းရေးတို့ကို တစ်နည်းတစ်လမ်းမှ ပါဝင်ထောက်ကူသောအားဖြင့် “ထွန်းဖောင်ဒေးရှင်းစာပေဆု” ကို ၂၀၀၆ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ဆုများရွေးချယ်ချီးမြှင့်နိုင်ရန် စာအုပ်၊ စာမူများကို နှစ်စဉ်ဖိတ်ခေါ်ခဲ့ရာ ၂၀၁၇ ခုနှစ် (၁၂)ကြိမ်မြောက် ထွန်းဖောင်ဒေးရှင်းစာပေဆုများ ချီးမြှင့်ရန် ရွေးချယ်ထားသည့် စာအုပ်၊ စာမူများစာရင်းကို ယနေ့ ထုတ်ပြန်ကြေညာသည်။

**ဂုဏ်ပြုရွေးချယ်**

၂၀၁၇ ခုနှစ် ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုရှင်များအဖြစ် ဆရာကြီး စည်သူဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့် ဆရာကြီး ဒေါက်တာတင်လှိုင် (ဘိုးလှိုင်)တို့အား ဂုဏ်ပြုရွေးချယ်ချီးမြှင့်ကြောင်း သိရသည်။

စီးပွားရေးစာပေဆုတွင် သတိုးလွင်(ပထဝီဝင်)ရေးသားသည့် ယနေ့ခေတ်စား... ခရီးသွားစီးပွား၊ ကျန်းမာရေးစာပေဆုတွင် ဒေါက်တာလှကြည် (အာဟာရဆရာဝန်ကြီး)ရေးသားသည့် ဆီးချို သွေးချိုရောဂါနှင့် မြန်မာ့ဓလေ့အစားအစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစာပေဆုတွင် သိပ္ပံစာရေးဆရာ ကိုကိုအောင် ရေးသားသည့် သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ၊ အတ္ထုပ္ပတ္တိ စာပေဆုတွင် ပါမောက္ခခင်မောင်ဝင်း(အသည်း)ရေးသားသည့် အမေနဲ့ကျွန်တော်၊ ရှေးဟောင်းကျမ်းစာပေဆုတွင် ထွန်းရီ (ရှေးဟောင်းသုတေသီ)ရေးသားသည့် ပြည်သူ့ကြေးမုံနန်းမှုရိပ်မြုံ စစ်တမ်းစာရင်းနှင့် မင်းခမ်းစာတမ်း(မိတ်ဆက်၊ နိဒါန်း၊ နိဂုံး၊ ဖြည့်စွက်) လူငယ်စာပေဆုတွင် ကျော်ကျော်လှိုင် ရေးသားသည့် ပျော်ရွှင်ခြင်း၊ သမိုင်းစာပေဆုတွင် ဘိုးလှိုင် မြန်မာပြန်သည့် ဂျဝါဟာလာနေရူး၏ လျှပ်တစ်ပြက် ကမ္ဘာ့သမိုင်း (ခေတ်သစ်အပိုင်း)၊ ယဉ်ကျေးမှုစာပေဆုတွင် သိန်းသန်းဝင်း(မလှိုင်)ရေးသားသည့် တစ်ကုဋေတန်သော ပတ်မချက်(မြန်မာ့အနုသုခုမဆောင်းပါးများ)၊ စာပဒေသာဘာသာရပ်တွင် သင့်နေဘ် ရေးသားသည့် အတိတ်၊ လူ၊ ပုံရိပ်နှင့် စာအုပ်များနှင့် မနှင်းဖွေး ရေးသားသည့် မန္တလေးသို့ သွားနေသည်နှင့် အခြားအတွေးစာစုများ၊ ရည်ညွှန်းဘာသာရပ်တွင် ဦးသန်းထိုက် ရေးသားသည့် မြန်မာဥပဒေဝေါဟာရအဘိဓာန်သစ် စာအုပ်တို့က ရရှိကြသည်။

အတ္ထုပ္ပတ္တိစာပေဆု(အင်္ဂလိပ်)တွင် Aung Than Batu နှင့် Aung Gyi တို့ ပူးတွဲရေးသားသည့် REFLECTIONS of a DIRECTOR - GENERAL( Medical Research)၊ သမိုင်းစာပေဆု(အင်္ဂလိပ်)တွင် ဦးပညာ ရေးသားသော သထုံရာဇဝင်ပေါင်းချုပ်ကျမ်းကြီးကို Dr. Saw Mra Aung အင်္ဂလိပ်ဘာသာပြန်ဆိုထားသော THATON CHRONICLE တို့က ရရှိကြသည်။

စာမူဆုအတွက် ကျန်းမာရေးစာပေဆုတွင် ဦးသိန်းဆွေ ရေးသားသည့် ပြည်သူ့အတွက် ကျန်းမာရေးဗဟုသုတ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစာပေဆုတွင် ချိုငှက်(သံတွဲ)ရေးသားသည့် ဒေါက်တာရွှေခဲ၊ ရှေးဟောင်းကျမ်းစာပေဆုတွင် ဒေါက်တာစိန်မြင့် ရေးသားသည့် မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းများသမိုင်း၊ ကလေးစာပေဆုတွင် နန္ဒာမိုးကြယ် ရေးသားသည့် အလုကမ္ဘာမြေ(ကလေးကဗျာများ)၊ ယဉ်ကျေးမှုစာပေဆုတွင် နန္ဒာမင်းလွင် ရေးသားသည့် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်က ထီးများ၊ သုတပဒေသာစာပေဆုတွင် ဒေါက်တာခိုင်ခိုင်ဝင်း ရေးသားသည့် လူတိုင်းသိရှိနားလည်ထားသင့်သည့် လူ့အခွင့်အရေးတို့က ရရှိကြသည်။

**ချီးမြှင့်မည်**

(၁၂)ကြိမ်မြောက် ထွန်းဖောင်ဒေးရှင်းတစ်သက်တာစာပေဆုအတွက် ဆုငွေကျပ် သိန်း ၂၀ နှင့် စာအုပ်ဆုအတွက် ဆုငွေကျပ် ၁၅ သိန်းတို့ကို ထွန်းဖောင်ဒေးရှင်း အမှတ်တံဆိပ်ပါ ရွှေတံဆိပ်ကို ပူးတွဲချီးမြှင့်မည်ဖြစ်ပြီး စာမူဆုအတွက် ဆုငွေကျပ် ခုနစ်သိန်းတိတိ ချီးမြှင့်မည်ဖြစ်သည်။

ထွန်းဖောင်ဒေးရှင်းစာပေဆုချီးမြှင့်သည့် အခမ်းအနားကို မြန်မာနိုင်ငံ ဘဏ်များအသင်း အဆောက်အအုံ၌ ၂၀၁၈ ခုနှစ် မတ်လအတွင်း ကျင်းပရန် လျာထားပြီး ဆုချီးမြှင့်သည့်အခမ်းအနား ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ ဆုရရှိသူများသည် ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီ အမှတ်(၂၃/၂၄) ဗဟိုရ်စည်အိမ်ရာ ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်မြို့နယ် ဖုန်း-၀၉-၇၃၁၀၄၄၈၇၊ ၀၉-၄၅၁၃၀၃၉၆၉ သို့ အမြန်ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးမှတ်တမ်းများကို တစ်ပတ်အတွင်း ပေးပို့ကြရန်ဖြစ်သည်။

**ဆက်သွယ်ပေးပို့နိုင်**

၂၀၁၇ ခုနှစ်တွင် ထုတ်ဝေသည့်စာအုပ်များနှင့် မိမိကိုယ်တိုင်ရေးသားပြုစုထားသော စာမူများကို ပေးပို့လိုသော စာပေပညာရှင်များသည် ယနေ့မှစတင်၍ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃၀ ရက်အတွင်း အထက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်၊ သတင်းမီဒီယာလုပ်ငန်းများ လွတ်လွတ်လပ်လပ် ပြည့်ပြည့်ဝဝ ကျင့်သုံးဆောင်ရွက်နိုင်ရန်၊ လိုအပ်နေသည့် အချို့ကိစ္စရပ်များ၊ အခက်အခဲများကို ကျန်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များနှင့် တွေ့ဆုံပြီး ညှိနှိုင်းအဖြေရှာရန်၊ ဒီမိုကရေစီကူးပြောင်းရေးတွင် မရှိမဖြစ်လိုအပ်သည့် စတုတ္ထမဏ္ဍိုင် ပီပြင်စွာဖြစ်ပေါ်ရန်တို့ ဖြစ်ပါကြောင်း။

ပြန်ကြားရေး ဝန်ကြီးဌာနသည် မိမိတို့ကိုယ်တိုင်အနေဖြင့် နိုင်ငံတော်သတင်းပြန်ကြားရေးတာဝန်ကို ထမ်းဆောင်ရပြီး တစ်ချိန်တည်းတွင် မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရပါကြောင်း၊ မိမိတို့သည် တည်ရှိနေဆဲဥပဒေများ ပြောင်းလဲလိုသည့်အနေအထားနှင့် လျော်ညီစွာ ပြုပြင်ပြောင်းလဲသည့် အလုပ်များလည်း လုပ်ရန်လိုပါကြောင်း၊ ထိုသို့လုပ်ဆောင်နေစဉ်ကာလတွင် တည်ရှိနေသည့် ဥပဒေများနှင့်အညီ ကျင့်သုံးရပါကြောင်း၊ ယင်းအနေအထားကို ချိန်ဆပြီး ချိတ်ဆက်ရခြင်းဖြစ်သည့်အတွက် အချိန်ပေးရခြင်းများရှိပါကြောင်း၊ ၎င်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်မှာ သက်ဆိုင်သော အဖွဲ့အစည်းများနှင့် ဆောင်ရွက်ချင်သူများ၊ အသင်းအဖွဲ့များကြားတွင် ညှိနှိုင်းပြီး ဆောင်ရွက်မှသာလျှင် အဆင်ပြေနိုင်မည်ဖြစ်ပါကြောင်း။

**ပြည်သူ့ထံမှဆင်းသက်**

ယနေ့ဆွေးနွေးပွဲ၌ မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲဟု သုံးထားပါကြောင်း၊ မဏ္ဍိုင်ဆိုသည်မှာ အာဏာမဏ္ဍိုင်များဟု ပြောလိုရင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာဏာသည် ပြည်သူထံမှ ဆင်းသက်သည်ဟု ရေးထားပါကြောင်း၊ နိုင်ငံတစ်နိုင်ငံရှိ နိုင်ငံသားများ၏ အခြေခံရပိုင်ခွင့်ရှိပြီး နိုင်ငံသားများသည် တိုင်းပြည်၏ အကြောင်းကိစ္စများကို စီမံခန့်ခွဲပိုင်ခွင့်ရှိပါကြောင်း၊ တိုင်းပြည်၏ ကောင်းကျိုးဆိုးကျိုးကို စီမံခန့်ခွဲခွင့် အာဏာသည် ပြည်သူတွင် ရှိပါကြောင်း၊ သို့သော် ပြည်သူသည် သန်းပေါင်း ၅၀၊ ၆၀ ရှိသည့်အတွက် ပြည်သူတစ်ဦးချင်းအနေဖြင့် အာဏာကို ကိုယ်တိုင်ကျင့်သုံးရန် ခက်ခဲပါကြောင်း၊ လွှတ်တော်များသည် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပါကြောင်း၊ ပြည်သူများက မိမိတို့ဆောင်ရွက်စေချင်သည့် ကိစ္စများကို ဆောင်ရွက်ရန်အတွက် ကိုယ်စားလှယ်အနေဖြင့် ရွေးပြီးပေးလိုက်ခြင်းဖြစ်ပါကြောင်း။

**စတုတ္ထမဏ္ဍိုင်အဖြစ်သတ်မှတ်**

ပြည်သူများက မိမိတို့ဆီမှာ ရှိနေသည့် အာဏာအစိတ်အပိုင်းလေးများကို စုပေါင်းပြီး ပြည်သူ့ကိုယ်စားလှယ်များကို ပေးလိုက်ပါကြောင်း၊ အာဏာသုံးရပ်သည် ပြည်သူက မိမိတို့တွင် ရှိသည့် အာဏာများကို ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ အာဏာသည် လူတစ်ယောက်သို့မဟုတ် အဖွဲ့အစည်းမလုပ်ချင်သည်ကို တိုက်တွန်းနိုင်သည်မှာ အာဏာဖြစ်ပါကြောင်း၊ မဏ္ဍိုင်သုံးရပ်တွင်ရှိသည့် ပုဂ္ဂိုလ်များသည် အာဏာရှိပါကြောင်း၊ သို့သော် အာဏာကို မမှန်မကန်သုံးစွဲခွင့်မရှိဘဲ အာဏာခွဲဝေသုံးစွဲမှုသည် မဏ္ဍိုင်သုံးရပ် ခွဲဝေသုံးစွဲပြီး အာဏာထိန်းကျောင်းနေရုံဖြင့် မပြည့်စုံမလုံလောက်ဘူးဟု ယူဆသည့်အတွက် မူလပိုင်ရှင်ဖြစ်သော ပြည်သူများက မိမိတို့ပေးလိုက်သည့် အာဏာကို သုံးစွဲသူများ မှန်မှန်ကန်ကန် သုံးစွဲသလား၊ မသုံးစွဲဘူးလား၊ မိမိတို့ဆန္ဒနှင့် လျော်ညီစွာဆောင်ရွက်ခြင်းရှိသလား၊ မရှိဘူးလားသိရန် စောင့်ကြည့်သည့် အလုပ်ကို လုပ်ရပါကြောင်း၊ စောင့်ကြည့်ပြီး ဝေဖန်၊ ထောက်ပြ၊ ကန့်ကွက်၊ တာဆီး စသည်ဖြင့် လုပ်ပေးရန် လိုပါကြောင်း၊ ထိုမှသာ ဒီမိုကရေစီနည်းကျသည့် နိုင်ငံဖြစ်မည်ဖြစ်ပါကြောင်း၊ ထို့အတွက်ကြောင့် ဒီမိုကရေစီနိုင်ငံများတွင် မဏ္ဍိုင်သုံးရပ်ကို စောင့်ကြည့်ဝေဖန် ထောက်ပြရန်ဆိုပြီး စတုတ္ထမဏ္ဍိုင်ဟုခေါ်သည့် သတင်းမီဒီယာများ ပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း၊ သို့မဟုတ် သတင်းမီဒီယာများကို စတုတ္ထမဏ္ဍိုင်အဖြစ် သတ်မှတ်ပြီး ဝေဖန်စောင့်ကြည့်ထောက်ပြခွင့် အာဏာအပ်နှင်းထားခြင်းဖြစ်သည်ဟု ပြောချင်ပါကြောင်း။

သတင်းမီဒီယာများက အာဏာသုံးရပ်ကို ထောက်ပြခွင့် အာဏာရှိပါကြောင်း၊ မဏ္ဍိုင်သုံးရပ်မှ ပုဂ္ဂိုလ်များသည် မိမိတို့အာဏာသည် ပြည်သူထံမှ ဆင်းသက်ခြင်းဖြစ်သည့်အတွက် ပြည်သူကိုအစီရင်ခံရန် တာဝန်ရှိပါကြောင်း၊ သတင်းမီဒီယာများသည်လည်း ထိုနည်းတူစွာ ဆောင်ရွက်ရန်တာဝန်ရှိသည်ဟု မြင်ပါကြောင်း။

**အဖွဲ့အစည်းများ တိုးတက်ပေါ်ပေါက်**

မဏ္ဍိုင်လေးရပ် ဖြစ်သည့်အတွက် လုပ်ပိုင်ခွင့်များကို ဆွေးနွေးသည့်အခါ အများပြည်သူ အကျိုးစီးပွားဆိုသည့် အခြေခံပေါ်တွင်မူတည်ပြီး စဉ်းစားဆွေးနွေးစေချင်သည်ဟု ပြောလိုပါကြောင်း၊ မိမိတို့တိုင်းပြည်တွင် မဏ္ဍိုင်သုံးရပ်ကို စောင့်ကြည့်မည့် စတုတ္ထမဏ္ဍိုင်အပြင် တခြားသော အများပြည်သူအကျိုးစီးပွားအတွက် စောင့်ကြည့်သည့် အဖွဲ့အစည်းများ ယခုအခါ ပေါ်ပေါက်လာနေပါကြောင်း၊ အသွင်ကူးပြောင်းရေးကာလ တိုးတက်လာတာနှင့်အမျှ အဖွဲ့အစည်းများတိုးတက်ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ တိုးတက်ပေါ်ပေါက်လာသည်နှင့်အမျှ ဒီမိုကရေစီသည်လည်း တိုးတက်ရန် ရှိပါကြောင်း။

❖ **မိမိတို့တိုင်းပြည်တွင် မဏ္ဍိုင်သုံးရပ်ကို စောင့်ကြည့်မည့် စတုတ္ထမဏ္ဍိုင်အပြင် တခြားသော အများပြည်သူအကျိုးစီးပွားအတွက် စောင့်ကြည့်သည့် အဖွဲ့အစည်းများ ယခုအခါ ပေါ်ပေါက်လာနေပါကြောင်း၊ အသွင်ကူးပြောင်းရေးကာလ တိုးတက်လာတာနှင့်အမျှ အဖွဲ့အစည်းများ တိုးတက်ပေါ်ပေါက်လာမည်ဖြစ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်

ယနေ့ ဆွေးနွေးသည့်အခါ အကျိုးရလဒ်ထွက်ပေါ်လာအောင် ဆွေးနွေးကြပါ။ မိမိတို့ လုပ်ပိုင်ခွင့်အာဏာ အသီးသီးပြောဆိုပြီး ဆွေးနွေးညှိနှိုင်းတဲ့အခါ ပြည်သူ့အကျိုးစီးပွားဆိုသည့် အချက်ကို မမေ့မလျော့ဘဲ ဆွေးနွေးဆောင်ရွက်ကြပါ၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့ တိုင်းပြည်ဒီမိုကရေစီကူးပြောင်းရေးတွင်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အတိမ်းအစောင်းမခံ**

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မြန်မာ့ပုံရိပ်ကို၊ မြန်မာနိုင်ငံမှာ ဘာတွေဖြစ်နေသလဲဆိုသည်ကို နိုင်ငံတကာအသိုင်းအဝိုင်းက ကောင်းကောင်းမွန်မွန်နှင့် မှန်မှန်ကန်ကန်သိရန်အတွက် မိမိတို့အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါကြောင်း၊ ဒီမဏ္ဍိုင်လေးရပ်၏ ပူးပေါင်းဆောင်ရွက်မှုမှာ အလွန်အရေးကြီးပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုဆိုသည်မှာ တစ်ယောက်အခက်အခဲကို တစ်ယောက်သိရန်၊ နားလည်ရန်လိုပါကြောင်း၊ သတင်းသမားများအတွက် အချိန်သည် အလွန်အရေးကြီးပါကြောင်း၊ အတိမ်းအစောင်းမခံပါကြောင်း။

**အပြန်အလှန်နားလည်မှုလို**

သတင်းတစ်ခုသည် မှန်ရန်၊ တိကျရန်၊ ဘက်လိုက်မှုကင်းရန် လိုပါကြောင်း၊ ဘက်လိုက်မှုကင်းရန်အတွက် မဏ္ဍိုင်သုံးရပ်၏ ပူးပေါင်းဆောင်ရွက်မှုက အလွန်အရေးကြီးပါကြောင်း၊ သတင်းသမားများက သတင်းတစ်ခု ကြားပြီဆိုလျှင် အတည်ပြုရန်အတွက် သက်ဆိုင်ရာဌာနကို ဆက်သွယ်ရပါကြောင်း၊ အဲဒီအချိန်တွင် ဖုန်းကိုင်မည့်ပုဂ္ဂိုလ်မရှိပါက ရေးချင်သလိုရေးပြီး နောက်ဆုံးစာကြောင်းတွင် ဤကိစ္စနှင့်ပတ်သက်၍ အတည်ပြုပြောဆိုရန် တာဝန်ရှိပုဂ္ဂိုလ်ကို အချိန်မီဆက်သွယ်၍ မရရှိနိုင်ပါဟု ရေးလိုက်လျှင်ပြီးသွားပြီဖြစ်ကြောင်း၊ ထိုသို့နိဂုံးချုပ်လိုက်မည် ဖြစ်ပါကြောင်း၊ ထိုအခါ သတင်းအမှားအပေါ်အခြေခံပြီး နိုင်ငံတကာ အသိုင်းအဝိုင်းကလူများ၊ အခြားပုဂ္ဂိုလ်များ၊ ပြည်သူများ စသဖြင့် ဝေဖန်ကြ၊ ထိုအပေါ်မှာ အခြေခံပြီး မူဝါဒရေးဆွဲကြမည် ဖြစ်ပါကြောင်း၊ ထိုအခါ ထိန်းမနိုင်သိမ်းမရ ပြဿနာများဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မဏ္ဍိုင်လေးခုအကြားတွင် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်နားလည်မှု မရှိမဖြစ်လိုအပ်ပါကြောင်း။

မဏ္ဍိုင်လေးခုအကြား နားလည်မှုမရှိဘူး၊ ပူးပေါင်းဆောင်ရွက်မှုမရှိဘူးဆိုလျှင်၊ ဘာတွေဖြစ်နိုင်မလဲဆိုလျှင် သတင်းအမှားများကို တမင်လွှင့်ထုတ်ခြင်း၊ သတင်းအမှားများ ပေါ်ထွက်လာခြင်း၊ ကောလာဟလများ ထွက်လာခြင်း၊ ထိုအပေါ်မှာ အခြေခံပြီး အမုန်းစကားများ ပေါ်လာမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

**စိန်ခေါ်မှုများကို မှုစရာမလို**

ယင်းနောက် သတင်းမီဒီယာကောင်စီဒုတိယဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်) က မဏ္ဍိုင်ကြီးလေးရပ် စုစုစည်းစည်း တစ်ယောက်ကိုတစ်ယောက်၊ တစ်တိုင်ကိုတစ်တိုင် အမှီသဟဲပြုပြီး ထိန်းသိမ်းစောင့်ရှောက်လာသည့် အိမ်ကြီး၊ နိုင်ငံတော်ကြီး၊ တစ်နည်းအားဖြင့် ပြည်ထောင်စုကြီး ထိုအထဲတွင်မှီတင်းသည့် မိမိတို့ ပြည်ထောင်စုသားများသည် အမိုးအကာ လုံလုံခြုံခြုံနှင့် စိတ်ချလက်ချ စိတ်အေးချမ်းသာစွာနေထိုင်နိုင်သလို မဏ္ဍိုင်ကြီးလေးရပ် စည်းလုံးညီညွတ်ရန် မိမိတို့ အားလုံးပူးတွဲပြီး ညီညီညွတ်ညွတ် လုပ်ကြမည်ဆိုလျှင် စိန်ခေါ်မှုများကို မိမိတို့ မှုစရာမလိုပါကြောင်း ပြောကြားသည်။

**လွတ်လပ်ခွင့်နှင့် ရပိုင်ခွင့်**

ယင်းနောက် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာသန်းဝင်းက မဏ္ဍိုင်ကြီးသုံးရပ် ယိမ်းယိုင်လာပါက စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများက တည့်မတ်ပေးရမည့် တာဝန်ရှိပါကြောင်း၊ သတင်းမီဒီယာ စတုတ္ထမဏ္ဍိုင် လွတ်လပ်ခွင့်နှင့် ရပိုင်ခွင့်များ ရရှိအောင် ယနေ့အလုပ်ရုံဆွေးနွေးပွဲမှ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ၁၉၄၈ ခုနှစ်နှင့် ၁၉၆၂ ခုနှစ်က ဩဇာကြီးသော၊ သိက္ခာရှိသော၊ သမာသမတ်ရှိသည့် စတုတ္ထမဏ္ဍိုင်ကြီး ပေါ်ပေါက်ခဲ့သလို ယခုကာလတွင်လည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကို အထောက်အပံ့ပြုသည့် သိက္ခာရှိသော၊ ဩဇာရှိသော သမာသမတ်ရှိသော စတုတ္ထမဏ္ဍိုင်ကြီး ပေါ်ပေါက်လာရန်နှင့် သတင်းသမားများ လွတ်လပ်ခွင့်နှင့် ရပိုင်ခွင့်ဥပဒေ၊ နည်းဥပဒေများ ပေါ်ပေါက်ရေးအတွက် ဒီအလုပ်ရုံဆွေးနွေးပွဲအကြိမ်ကြိမ်လုပ်ဆောင်ရင်း ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးသီဟစောတို့က မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများက သတင်းအချက်အလက်များ မှန်ကန်မြန်ဆန်စွာ ရရှိနိုင်ရေးနှင့် သတင်းရယူပိုင်ခွင့်တို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**ဆက်လက်ဆွေးနွေး**

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ၊ မြန်မာအမျိုးသမီး သတင်းစာဆရာများအဖွဲ့နှင့် BNI (Burma News International) တို့မှ တာဝန်ရှိသူများက မဏ္ဍိုင်လေးရပ်နှင့် စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးကြသည်။

**သဘောတူညီချက်များအတည်ပြု**

ယနေ့ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲရလဒ်အနေဖြင့်မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲကဲ့သို့ ဆွေးနွေးပွဲများမကျင်းပမီ အကြိုညှိနှိုင်းအစည်းအဝေးများ ကြိုတင်ပြုလုပ်သွားရန်၊ သတင်းသမား စိစစ်ရေးကတ်ပြားများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ သက်ဆိုင်ရာ သတင်းမီဒီယာအဖွဲ့များက အသိပေးထားရန်နှင့် သတင်းထောက်ကတ်ပြားများအား အသုံးပြုရေး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက တိုက်တွန်းညှိနှိုင်းဆောင်ရွက်ရန်၊ သတင်းမီဒီယာဥပဒေအား ပြန်လည်သုံးသပ်ပြင်ဆင်ရေး ဆောင်ရွက်ရန်၊ တိုင်းရင်းသားမီဒီယာကဏ္ဍ ပိုမိုအားကောင်းလာစေရန် သတင်းမီဒီယာဥပဒေတွင် အခန်းတစ်ခန်းအနေဖြင့် ထည့်သွင်းဖော်ပြနိုင်ရေးဆောင်ရွက်ရန်၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအလိုက် သတင်းစာရှင်းလင်းပွဲများအား တစ်လတစ်ကြိမ် ပြုလုပ်သွားနိုင်ရေး အကြံပြုတိုက်တွန်းရန်၊ မဏ္ဍိုင်သုံးရပ်နှင့် သတင်းမီဒီယာအဖွဲ့အစည်းများ ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားနိုင်ရေး အကြံပြုတိုက်တွန်းရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် ပြောရေးဆိုခွင့် ပုဂ္ဂိုလ်များနှင့် ပြောရေးဆိုခွင့်ရအဖွဲ့ထားရှိရန်နှင့် အသစ်ပြောင်းလဲမှုများရှိပါက Update ပြုလုပ်ပေးရန်၊ သတင်းထောက်များကို အခြေခံသတင်းကျင့်ဝတ်များ သိရှိစေရန်၊ သင်တန်းများပေးရန်နှင့် အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူများနှင့် ပူးပေါင်းပြီး သင်တန်းများပေးရန်ကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ စီစဉ်ပေးရန်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် ဒေသဆိုင်ရာ မီဒီယာသမား ဖွံ့ဖြိုးတိုးတက်လာရေး သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ကျင်းပပေးရန်၊ ဌာနဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူများကို သီးသန့်ဖွဲ့စည်းခန့်ထားပြီး တာဝန်နှင့် အခွင့်အရေးများ သတ်မှတ်ပေးရန်၊ အဆိုပါကိစ္စကို ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ယူပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ ညှိနှိုင်းဆောင်ရွက်ပေးရန်၊ သတင်းမီဒီယာသမားများ၏ ဆက်သွယ်ရန်အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်များ (Update) များနှင့် E-mail လိပ်စာများကို သက်ဆိုင်ရာ ဌာနများသို့ ပြန်လည်ပေးပို့ပေးရန်၊ အစိုးရဌာနများနှင့် လွှတ်တော်များတွင် Press Corner ထားရှိပေးရန်၊ သတင်းမီဒီယာကောင်စီအနေဖြင့် သတင်းထောက်များအား ကျင့်ဝတ်လိုက်နာမှုရှိစေရေး ဆောင်ရွက်ပေးရန်၊ သတင်းမီဒီယာသမားများနှင့် မဏ္ဍိုင်သုံးရပ်အဖွဲ့များ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးရန်နှင့် ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ဆက်လက်ကျင်းပနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများက တိုင်းရင်းသားမီဒီယာသမားများ သတင်းရယူရာတွင် တန်းတူအခွင့်အရေး ရရှိရေး ဆောင်ရွက်ပေးရန်၊ မဏ္ဍိုင်သုံးရပ်မှ မီဒီယာသမားများအား ခွဲခြားဆက်ဆံမှုမရှိစေရေး စီစဉ်ဆောင်ရွက်ပေးရန် ဆိုသည့် သဘောတူညီချက်များကို အတည်ပြုခဲ့ကြသည်။ **သတင်းစဉ်**

# တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)ကို လေ့လာကြည့်ရှုရင်း အပန်းဖြေအနားယူနိုင်သည်အထိ တိုးချဲ့ဆောင်ရွက်သွားမည်

**မန္တလေး ဖေဖော်ဝါရီ ၂၁**

မန္တလေးမြို့ရှိ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)ကို လေ့လာကြည့်ရှုစရာ နေရာတစ်ခုအဖြစ်သာမက အပန်းဖြေအနားယူနိုင်သည့် နေရာတစ်ခုအဖြစ် တိုးချဲ့ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးသိန်းမင်းအောင်က ပြောကြားသည်။

**တိုးချဲ့ဖို့အစီအစဉ်ရှိ**

"မိသားစုအားလပ်ရက်လေးမှာ တိရစ္ဆာန်တွေရဲ့သဘာဝကို လေ့လာကြည့်ရှုဖို့လာကြရင်း အနားယူအပန်းဖြေနိုင်စေဖို့ အားကစားကွင်းတွေ၊ ရေဘောလုံးနဲ့ ဆော့ကစားတဲ့ လုပ်ငန်းတွေနဲ့ သဘာဝအလှရှုခင်းတွေ ထည့်သွင်းတိုးချဲ့ဖို့ အစီအစဉ်ရှိပါတယ်၊ တိရစ္ဆာန်ရုံနဲ့ပန်းခြံကို ပေါင်းစပ်ပေးထားမှာမို့ လာရောက်လေ့လာ အပန်းဖြေဖို့ ဖိတ်ခေါ်ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ တိရစ္ဆာန်ဥယျာဉ်တွင် ရှားပါးတိရစ္ဆာန်မျိုးစိတ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ယင်းမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရန် မျိုးပွားသားဖောက်ခြင်းနှင့် ပြည်သူလူထုကို အသိပညာပေးခြင်း စသည့် ရည်ရွယ်ချက်သုံးခုဖြင့် ဆောင်ရွက်လျက်ရှိပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်းတွင် ဆင်လိမ္မာကပွဲ၊ မြွေကပွဲတို့ကို ပြသလျက်ရှိသည့်အပြင် ထပ်မံ၍ မျောက်ကပွဲကိုလည်း ပြသနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# အမျိုးသားအကျိုးစီးပွားနဲ့ သတင်းလွတ်လပ်ခွင့်ပြဿနာ

**အောင်ကျော်အေးချမ်း**

၂၀၁၀ ပြည့်နှစ်က စတင်ခဲ့တယ်လို့ဆိုရမယ့် မြန်မာ့အပြောင်းအလဲဖြစ်စဉ်ဟာ အခုဆိုရင် ဒုတိယသက်တမ်းကို ရောက်ရှိလာခဲ့တာ နှစ်နှစ်စွန်းစွန်း ရှိလာခဲ့ပါပြီ။ ပြည်သူထောက်ခံမှုအများစု၊ တရားဝင်မှုအပြည့်အဝနဲ့ အာဏာရယူလာခဲ့တဲ့ အရပ်သားအစိုးရလက်ထက်မှာ အပြောင်းအလဲဖော်ဆောင်ကြတဲ့ အစိုးရတွေ ပုံမှန်ရင်ဆိုင်ကြရလေ့ရှိတဲ့ ပြဿနာတွေရော၊ ထူးခြားတဲ့ ကိစ္စရပ်များပါ ကြုံတွေ့နေရတာ ဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလို အရေးပါလှတဲ့ နိုင်ငံရေးအရ ဖြေရှင်းကြရမယ့် ပြဿနာများအပြင် ရခိုင်ပြည်နယ်၊ မောင်တောဒေသအရေးနဲ့ ပတ်သက်ဆက်နွှယ်ပြီးဖြစ်လာတဲ့ လူ့အခွင့်အရေး၊ သတင်းလွတ်လပ်ခွင့် စတဲ့ပြဿနာမျိုးတွေပါ ရင်ဆိုင်လာရတာ ဖြစ်ပါတယ်။

**သတင်းလွတ်လပ်ခွင့်**

ဒီဆောင်းပါးမှာတော့ သတင်းလွတ်လပ်ခွင့်ဆိုတာနဲ့ ပတ်သက်လို့ပဲ မြင်မိသလောက်တင်ပြလိုတာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အများသိကြတဲ့အတိုင်း အာဏာရှင်စနစ်ကနေ လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီအခွင့်အရေးများ တစ်စတစ်စဖြေလျှော့ပေးရာက ယနေ့အခြေအနေကို ရောက်ရှိလာတာဖြစ်ပါတယ်။ လက်ရှိအနေအထားကို အပြည့်အစုံဆုံး အခြေအနေလို့ မဆိုနိုင်ပေမယ့် လွန်ခဲ့တဲ့ နှစ် ၅၀ ကျော် ကာလအတွင်း လူ့အခွင့်အရေးနဲ့ သတင်းလွတ်လပ်ခွင့်အရှိဆုံး အခြေအနေလို့ပြောရင် မမှားနိုင်ဘူးလို့ ယူဆပါတယ်။ ဒီလို ပြောဆိုဖို့အတွက် အထောက်အထားအများအပြားရှိပါတယ်။

မနေ့တစ်နေ့ကပဲ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ သတင်းထုတ်ပြန်ချက်တစ်ခုမှာ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနဲ့ သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးမှု အခြေအနေဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပုံနှိပ်ခြင်းနဲ့ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၉၂ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၃၀၉ ဦးနဲ့ သတင်းအေဂျင်စီလုပ်ငန်း ၉၇ ဦး၊ စုစုပေါင်း ပုံနှိပ် ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၈၉၈ ဦးကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့တယ်လို့ ဆိုပါတယ်။ ဒါဟာ ဖေဖော်ဝါရီလ ၂ ရက်နေ့မှ ၉ ရက်နေ့ ကြားထပ်မံအသိအမှတ်ပြုလိုက်တဲ့ ပုံနှိပ်လုပ်ငန်း ရှစ်ဦး၊ ထုတ်ဝေလုပ်ငန်း ၁၃ ဦးနဲ့ သတင်းအေဂျင်စီလုပ်ငန်း တစ်ဦး၊ စုစုပေါင်း ၂၂ ဦး အပါအဝင်ဖြစ်ပါတယ်။ ဒီစာရင်းကို တင်ပြရခြင်း အကြောင်းက သတင်းအေဂျင်စီလုပ်ငန်းတွေဟာ ၂၀၁၄ ခုနှစ်က သုံးခုသာရှိရာက ၂၀၁၅ ခုနှစ်မှာ ၂၄ ခု၊ ၂၀၁၆ ခုနှစ်မှာ ၅၂ ခုနဲ့ ၂၀၁၇ ခုနှစ် နှစ်ကုန်မှာ ၉၁ ခုအထိ ရှိလာတာကို ပြောချင်လို့ဖြစ်ပါတယ်။

**သတင်းအေဂျင်စီတွေ ဖျက်သိမ်းခံနေရ**

သတင်းအေဂျင်စီလုပ်ငန်းတွေနဲ့ပတ်သက်လို့ အိမ်နီးချင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် မြန်မာနိုင်ငံမှာပိုတိုးပွားလာသော်လည်း အိမ်နီးချင်းနိုင်ငံအချို့မှာ ရှိပြီးသားသတင်းအေဂျင်စီတွေတောင် ဖျက်သိမ်းခံနေရတာ တွေ့ရမှာပါ။ ၂၀၁၇ ခုနှစ် ဇွန်လအတွင်းကပဲ ကမ္ဘောဒီးယားနိုင်ငံမှာ အမေရိကန်နောက်ခံပြု လွတ်လပ်သော အာရှအသံ (RFA) ရေဒီယို ထပ်ဆင့်အသံလွှင့်ဌာန ၁၉ ခု ပိတ်သိမ်းခဲ့တာ ဖြစ်တယ်။ ဒီအတွက် ဝန်ထမ်း ၃၀ ကျော် လျှော့ချခဲ့ရတယ်။ ဒ့ါအပြင် အနှစ် ၂၀ စာ နောက်ကြောင်းပြန် အခွန်ဆောင်ဖို့ ဖိအားပေးခံနေရတာဖြစ်တယ်။ VOA လည်း ကမ္ဘောဒီးယားမှာ အလားတူ အခွန်ပြဿနာ ရင်ဆိုင်နေရတာဖြစ်တယ်။ ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းမှာပဲ ဗီယက်နမ်နိုင်ငံမှာလည်း RFA သတင်းထောက် ခြောက်ဦး ဖမ်းဆီးခံရပြီး ယခုတိုင် အကျဉ်းထောင်ထဲမှာ ရှိနေဆဲဖြစ်တယ်။ သူတို့ အဖမ်းဆီးခံရတဲ့ အကြောင်းက ထိုင်ဝမ်က လာရောက်လုပ်ကိုင်တဲ့ သံမဏိစက်ရုံက အဆိပ်ပါတဲ့ ရေဆိုးထုတ်လွှတ်မှုကြောင့် ကီလိုမီတာရာနဲ့ချီတဲ့ ငါးဖမ်းလုပ်ငန်းနေရာများ ထိခိုက်ပျက်စီးခဲ့ရတယ်ဆိုတဲ့ သတင်းပေးပို့မှုကြောင့်လို့ ဆိုတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ ဒီလိုသတင်းဌာနတွေ ပိတ်သိမ်းတဲ့အထိ ဆိုးရွားတဲ့ဖြစ်စဉ်မျိုး မရှိခဲ့ပါဘူး၊ သတင်းအေဂျင်စီအချို့ရဲ့မဟုတ်မမှန်သတင်းတွေ ထုတ်ပြန်ကြလို့ မြန်မာနိုင်ငံနဲ့ နိုင်ငံ့ခေါင်းဆောင်တွေရဲ့ ပုံရိပ်ကျဆင်းမှုတွေတောင် ရှိခဲ့တာဖြစ်တယ်။ အထူးသဖြင့် ရခိုင်ပြည်နယ် မောင်တောဒေသအရေးနဲ့ ပတ်သက်တဲ့၊ မှားယွင်းတဲ့၊ သတင်းစာကျင့်ဝတ်နဲ့မညီတဲ့ ဖော်ပြချက်မျိုးတွေ အများအပြား ရှိခဲ့တာ ဖြစ်ပါတယ်။ ဒီအကြောင်းကို ဆောင်းပါးနောက်ပိုင်းမှာ ဆက်လက်ဖော်ပြပါမယ်။

> **“ပြီးခဲ့တဲ့ အစိုးရလက်ထက် ၂၀၁၂ ခုနှစ်က စာပေစိစစ်ရေးအဖွဲ့ ဖျက်သိမ်းလိုက်ချိန်ကစလို့ ယနေ့အထိ ပုဂ္ဂလိကသတင်းစာနဲ့ စာနယ်ဇင်းအမြောက်အမြား ထွက်ပေါ်လာတာနဲ့ ရန်ကုန်စာတိုက်ကြီးကနေ ခေတ်မီနည်းစနစ်တွေနဲ့ စာအုပ် စာပေတွေ ဖြန့်ချိလာနိုင်တာတွေဟာ သတင်းလွတ်လပ်ခွင့် တိုးပွားနေတာရဲ့ အမှတ်လက္ခဏာတွေပါပဲ”**

ဖြစ်နေရခြင်းက တရုတ်ပြည်လို နိုင်ငံကြီးတွေက အဲဒီထဲမှာပါနေလို့ဖြစ်ပါတယ်။ တရုတ်ပြည်ဟာ သတင်းလွတ်လပ်ခွင့်မှာ နိုင်ငံပေါင်း ၁၈၀ မှာ ၁၇၆ နေရာမှာ ရှိပါတယ်။ လာအို ၁၇၀၊ ဗီယက်နမ်က ၁၇၅နဲ့ နောက်ဆုံး ၁၈၀ နံပါတ်ကိုတော့ မြောက်ကိုရီးယားက ရယူထားတာပါ။

အာဆီယံနိုင်ငံတွေ အားလုံးလောက် သတင်းလွတ်လပ်ခွင့်မှာ ကျဆင်းလာတာဖြစ်တယ်။ ၂၀၀၂ ခုနှစ်က ထိုင်းနိုင်ငံဟာ အဆင့် ၆၆ မှ အခုအဆင့် ၁၄၂၊ ဖိလစ်ပိုင်ဟာ အဆင့် ၈၉ မှ အခု၁၂၇ အဆင့်အထိ ကျဆင်းခဲ့တာဖြစ်တယ်။ ဖိလစ်ပိုင် အခြေအနေကို တင်ပြရရင် ၁၉၉၂ ခုနှစ်မှ ၂၀၁၈ ခုအထိ ကြားကာလအတွင်း ဂျာနယ်လစ် ၉၂ ဦး အသတ်ခံခဲ့ရတာဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ နိုင်ငံရေးလှုပ်ရှားမှုဖြစ်စဉ် တစ်ခုတည်းအတွင်း လူပေါင်း ၅၈ ဦး သေဆုံးခဲ့ရာမှာ သတင်းသမား ၃၂ ဦး ပါဝင်သွားတာဖြစ်ပါတယ်။ အမေရိကန်အခြေစိုက် CPJ (Committee to Protect Journalist)ဆိုတဲ့ သတင်းသမားကာကွယ်ရေးအဖွဲ့ရဲ့ပြုစုထားတဲ့ စာရင်းတွေအရ အဆိုပါ ၁၉၉၂ မှ ၂၀၁၈ ကြားကာလအတွင်း ကမ္ဘာ့တစ်လွှား ဂျာနယ်လစ် ၁၂၇၈ ဦး အသတ်ခံခဲ့ရတာဖြစ်တယ်။ ဒီစာရင်းတွေနဲ့ မြန်မာနိုင်ငံကို နှိုင်းယှဉ်ကြည့်ဖို့ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ သတင်းလွတ်လပ်ခွင့် တိုးတက်လာတယ်ဆိုတာကို နယ်စည်းမခြားသတင်းထောက်များအဖွဲ့ (RSF)ရဲ့ ထုတ်ပြန်ချက်တွေအရ ကိုးကားပြောဆိုနိုင်ပါတယ်။ ၂၀၁၂ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့ကစပြီး မြန်မာနိုင်ငံမှာ စာပေစိစစ်ရေးအဖွဲ့ကို ဖျက်သိမ်းလိုက်ပါတယ်။ ဒါကြောင့် ကမ္ဘာ့လွတ်လပ်မှု အညွှန်းကိန်းအရ ၂၀၁၂ ခုနှစ်မှာ မြန်မာနိုင်ငံဟာ အဆင့် ၁၆၉ ရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်မှာ အဆင့် ၁၅၁ကို ရောက်ရှိခဲ့တယ်။ နှစ်စဉ်အလိုက် အညွှန်းကိန်းများအရ ၂၀၁၄ ခုနှစ်မှာ အဆင့် ၁၄၅၊ ၂၀၁၅ ခုနှစ်မှာ အဆင့် ၁၄၄၊ ၂၀၁၆ ခုနှစ်မှာ အဆင့် ၁၄၃ စသဖြင့် အဆင့်ဆင့်မြင့်တက်လာခဲ့ပြီး ၂၀၁၇ ခုနှစ်မှာတော့ ၁၂ ဆင့် မြင့်တက်လာခဲ့ကာ အဆင့် ၁၃၁ကို ရောက်ရှိခဲ့တာဖြစ်တဲ့အတွက် သတင်းလွတ်လပ်ခွင့်တွေ တိုးတက်လာတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

**အရှေ့တောင်အာရှတစ်ခုလုံး သတင်းလွတ်လပ်ခွင့် ကျဆင်း**

ဂျပန်နိုင်ငံထုတ် နစ်ကီအေးရှန်းရီဗျူး စာစောင်မှာပါတဲ့ ဒိုးမနစ်ဖေါလ်ဒါရဲ့ ဆောင်းပါးမှာ အရှေ့တောင်အာရှတစ်ခုလုံး သတင်းလွတ်လပ်ခွင့် ကျဆင်းနေတယ်လို့ဆိုတာ ဖြစ်ပါတယ်။ သတင်းလွတ်လပ်ခွင့်ကို လုံးဝလွတ်လပ်မှု၊ တစ်စိတ်တစ်ပိုင်း လွတ်လပ်မှုနဲ့ လုံးဝမလွတ်လပ်မှုအဖြစ် သုံးပိုင်းခွဲပြီး ဖော်ပြပါတယ်။ ဒီပိုင်းခြားမှုအရ အာရှတစ်ခုလုံးအဖို့ တွက်ချက်ရာမှာ အာရှလူဦးရေ ၄ ဒသမ ၁ ဘီလီယံရဲ့ ၅၁ ရာခိုင်နှုန်းဟာ သတင်းလွတ်လပ်မှုလုံးဝမရှိတဲ့နိုင်ငံတွေမှာ ရှိနေတာဖြစ်တယ်။ တစ်စိတ်တစ်ပိုင်း လွတ်လပ်မှုရရှိခံစားရတဲ့ လူဦးရေက ၄၄ ရာခိုင်နှုန်းရှိပြီး လွတ်လပ်မှုရှိတဲ့ လူဦးရေက ငါးရာခိုင်နှုန်းသာရှိတာ ဖြစ်တယ်။ အာရှတိုက်ရဲ့ နိုင်ငံပေါင်း ၄၀ ကို အခြေပြုတွက်ချက်ရင်တော့ လုံးဝမလွတ်လပ်တဲ့နိုင်ငံက ၃၅ ရာခိုင်နှုန်း၊ တစ်စိတ်တစ်ပိုင်း လွတ်လပ်တဲ့ နိုင်ငံက ၃၀ ရာခိုင်နှုန်းနဲ့ လွတ်လပ်မှုရှိတဲ့ နိုင်ငံက ၃၅ ရာခိုင်နှုန်းနဲ့ သုံးပုံတစ်ပုံစီလောက် ရှိပါတယ်။ မြန်မာနိုင်ငံဟာ တစ်စိတ်တစ်ပိုင်း လွတ်လပ်မှုရှိတဲ့ နိုင်ငံများထဲမှာ ပါဝင်ပါတယ်။ လူဦးရေအရတွက်ရင် လုံးဝလွတ်လပ်မှုမရှိတဲ့ အချို့၅၁ ရာခိုင်နှုန်း

**အမေရိကန်ကိုယ်နှိုက်လည်း သတင်းလွတ်လပ်ခွင့်ကျဆင်း**

ထူးခြားတာကတော့ လူ့အခွင့်အရေးအဖွဲ့များ၊ သတင်းအဖွဲ့များ အခြေစိုက်ရာ အမေရိကန်နိုင်ငံရဲ့သမ္မတ ဒေါ်နယ်ထရန့်ဟာ စတုတ္ထမဏ္ဍိုင်လို့ အများသိကြတဲ့ စာနယ်ဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားသတင်းဌာနစတဲ့ မီဒီယာတွေနဲ့ လုံးဝမတည့်ဘဲ အားလုံးနဲ့ စကားလုံးတိုက်ပွဲ ဆင်နွှဲနေသူဖြစ်ပါတယ်။ ထရန့်ဟာ ဆိုရှယ်မီဒီယာကို အသုံးပြုပြီး ပုံနှိပ်နဲ့ ရုပ်သံမီဒီယာအဖွဲ့အစည်းတွေကို ရစရာမရှိအောင် ထိုးနှက်တာဖြစ်တယ်။ သူက ဂျာနယ်လစ်တွေကို လိမ်ညာတဲ့သူတွေ၊ မုသားတွေ သယ်ဆောင်ပေးသူတွေ၊ အမေရိကန်ပြည်သူတွေရဲ့ရန်သူတွေအဖြစ် ချိုးဖဲ့ပြောဆိုတာ ဖြစ်ပါတယ်။ သတင်းသိပိုင်ခွင့် အက်ဥပဒေအရ မကြာခင်ကပဲ အမေရိကန်မှာ လွန်ခဲ့တဲ့ နှစ် ၅၀ က အစိုးရလျှို့ဝှက်ချက်သတင်းများကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီထဲမှာ သမ္မတရဲ့မေတ္တာရပ်ခံချက်အရ သတင်းတချို့ကို ချန်ထားခဲ့တာဖြစ်တယ်။ ဒီလိုဖြစ်ရပ်မျိုးတွေလည်း ရှိတယ်ဆိုတာ သိဖို့ပြန်လည်ဖော်ပြတာပါ။ အခု CPJ ရဲ့ ထုတ်ပြန်ချက်အရ အမေရိကန်ကိုယ်နှိုက်လည်း သတင်းလွတ်လပ်ခွင့်မှာ အဆင့် ၁၇ မှ အဆင့် ၄၃ အထိ ကျဆင်းလာတာ ဖြစ်ပါတယ်။

အခုနောက်ဆုံးတင်ပြချင်တာကတော့ ရခိုင်ပြည်နယ်က ဘင်္ဂါလီတွေ ကိစ္စပါ။ ‘မောင်တောခရိုင် အင်းဒင်ကျေးရွာက ဘင်္ဂါလီအကြမ်းဖက်သမား ၁၀ ဦးကို သတ်ဖြတ်မှုနဲ့ပတ်သက်လို့ လုပ်ထုံးလုပ်နည်း စည်းမျဉ်းတွေကို ဖောက်ဖျက်ခဲ့တဲ့ တပ်မတော်သား၊ ရဲအရာရှိနဲ့ ရွာသား စုစုပေါင်း ၁၆ ဦးကို အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုတပ်မတော်ရဲ့လုပ်ဆောင်ချက်ဟာ တာဝန်ယူမှုရှိတဲ့ အပြုသဘောဆောင်တဲ့ ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ထောက်ခံအားပေးထိုက်ကြောင်း’ မြန်မာသံအမတ်ကြီးဟောက် ဒိုဆွမ်းက ဖေဖော်ဝါရီ ၁၃ ရက်နေ့က ကုလသမဂ္ဂလုံခြုံရေး ကောင်စီရဲ့မြန်မာနိုင်ငံအခြေအနေနဲ့ ပတ်သက်တဲ့ ရှင်းလင်းပွဲမှာ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့တာ ဖြစ်ပါတယ်။ ‘ရခိုင်ပြည်နယ်မှာ ပြီးခဲ့တဲ့ ခြောက်လအတွင်း အကြမ်းဖက်သမားတွေနဲ့ ထိပ်တိုက်ရင်ဆိုင်မှုတွေ ကြီးကြီးမားမား ဖြစ်ပွားခဲ့ခြင်းမရှိပေမယ့် အပြစ်မဲ့ပြည်သူတွေအကြား ဝင်ရောက် ခိုလှုံနေတဲ့ ARSA အကြမ်းဖက်သမားတွေရဲ့ ခြိမ်းခြောက် မှုဟာ အမြဲရှိနေကြောင်း’လည်း ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အရေး သမိုင်းကြောင်းရှည်လျားပြီး ရှုပ်ထွေးလှတာကြောင့် သာမန်လူ့အခွင့်အရေး၊ သတင်းလွတ်လပ်ခွင့်လောက်နဲ့ ဖြေရှင်းလို့ မရပါဘူး၊

ဒါကြောင့် ‘ရခိုင်ပြည်နယ်၌ ရင်ဆိုင်လျက်ရှိသော စိန်ခေါ်မှုများအတွက် လွယ်ကူလျင်မြန်စွာ ဖြေရှင်းနိုင်မည့် နည်းလမ်းမရှိကြောင်း၊ ပြဿနာဖြေရှင်းရန်မှာ မြန်မာပြည်သူများအနေဖြင့် ငြိမ်းချမ်းပြီး သာယာဝပြောသော ရခိုင်ပြည်နယ်ကို မည်သို့ ဖော်ဆောင်မည်ဆိုသည့် ခံယူချက်အပေါ်သာ မူတည်ကြောင်း’ မြန်မာသံအမတ်ကြီးက ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဒီတလော ရိုက်တာသတင်းဌာနရဲ့အင်းဒင်ရွာအရေး ထုတ်ပြန်ဖော်ပြချက်မှာ လူမျိုးရေးနဲ့ ဘာသာရေးသွေးကွဲစေအောင် ရေးသားဖော်ပြမှုဟာ သတင်းကျင့်ဝတ်ကို ချိုးဖောက်တာဖြစ်ပြီး မြန်မာနိုင်ငံနဲ့မြန်မာ့ခေါင်းဆောင်တွေကို အကျပ်အတည်းတွေ့အောင် ရည်ရွယ်ချက်ရှိရှိ ဖော်ပြတာပဲ ဖြစ်ပါတယ်။ ဒါဟာ အင်းဒင်အရေးကြောင့် ရိုက်တာသတင်းထောက်နှစ်ဦး အဖမ်းခံရတာ တစ်ခုတည်းကို တွက်ကြည့်ပြီး မြန်မာနိုင်ငံမှာ သတင်းလွတ်လပ်ခွင့် ကျဆင်းနေပြီလို့ ဆိုလို့မရတဲ့ အကြောင်းအချက်တစ်ခု ဖြစ်ပါတယ်။

**ဝေဖန်စွပ်စွဲမှုတွေဟာ တရားမျှတမှုမရှိ**

မောင်တောဒေသအရေးဟာ သမိုင်းကြောင်းတွေကို ပြောင်းပြန်လှန်ပြီး ပထဝီနယ်နိမိတ်ကိုပါ ထိပါးပြောင်းလဲလိုတဲ့ သဘောလက္ခဏာတွေရှိတဲ့အတွက် သာမန်လူ့အခွင့်အရေး၊ သတင်းလွတ်လပ်ခွင့်တွေထက် ကျော်လွန်ပြီး ရှုမြင်ဖို့လိုကြောင်း ပြည်သူအများစုက နားလည်ကြတာ ဖြစ်ပါတယ်။ ရခိုင်ဒေသအရေးကြောင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် ဝေဖန်စွပ်စွဲမှုတွေဟာ တရားမျှတမှုမရှိဘူးလို့ ရုရှား သံရုံးက ထုတ်ပြန်ချက်တစ်ခု တနင်္လာနေ့ကပဲ ထွက်ပေါ်လာခဲ့ပါတယ်။ အလားတူ တရုတ်၊ အိန္ဒိယအပါအဝင် အာဆီယံနိုင်ငံအားလုံးနီးပါးက မြန်မာဘက်က ရပ်တည်နေတာဖြစ်ပါတယ်။ မိတ်ဆွေနိုင်ငံတွေက ဒီလိုရပ်တည်ပေးချိန်မှာ သတင်းသမားတွေအပါအဝင် မိမိနိုင်ငံသားတွေဟာ ဘယ်အရာက ဦးစားပေးလဲ၊ ဘယ်အရာက ဦးစားပေးမဟုတ်ဘူးလဲ ဆိုတာကိုတော့ ခွဲခြားနိုင်ဖို့လိုမှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ အစိုးရလက်ထက် ၂၀၁၂ ခုနှစ်က စာပေစိစစ်ရေးအဖွဲ့ဖျက်သိမ်းလိုက်ချိန်ကစလို့ ယနေ့အထိ ပုဂ္ဂလိကသတင်းစာနဲ့ စာနယ်ဇင်းအမြောက်အမြား ထွက်ပေါ်လာတာနဲ့ ရန်ကုန်စာတိုက်ကြီးကနေ ခေတ်မီနည်းစနစ်တွေနဲ့ စာအုပ် စာပေတွေ ဖြန့်ချိလာနိုင်တာတွေဟာ သတင်းလွတ်လပ်ခွင့် တိုးပွားနေတာရဲ့ အမှတ်လက္ခဏာတွေပါပဲ။

ဒါပေမယ့် ဒီအမှတ်လက္ခဏာတွေဟာ အမျိုးသားအကျိုးစီးပွား၊ အမျိုးသား လုံခြုံရေးမဟာဗျူဟာတွေနဲ့ ဟန်ချက်ညီနေဖို့လိုတာ ဖြစ်ပါတယ်။ ဒါမှသာ အဘက်ဘက် အားနည်းနေသေးတဲ့ မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်မှာ အသစ်အသစ်သော ပဋိပက္ခတွေကို ရှောင်ကြဉ်နိုင်မှာဖြစ်ကြောင်း တင်ပြရတာ ဖြစ်ပါတယ်။ ။



ဖေဖော်ဝါရီ ၂၀ ရက်က လသာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်နှင့် တာဝန်ရှိသူများက ရန်ကုန်မြို့နယ် သိမ်ကြီးဈေး (E) ရုံရှိ ဈေးတာဝန်ခံရုံး၌ ဒေသခံများကို သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး အသိပညာပေး ဟောပြောပေးစဉ်။

မီးမီးလှိုင်

## မီးဘေးကြိုတင်ကာကွယ်ရေး သီပေါမြို့နယ်၌ လိုက်လံနှိုးဆော်

**သီပေါ ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့ပေါ်(၁၁) ရပ်ကွက်ရှိ မီးသတ်ရေလှောင်ကန်များကို မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းကွပ်ကဲသော မီးသတ်တပ်ဖွဲ့ဝင်များက ရေများဖြည့်တင်းခြင်း၊ မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ လှည့်လည်ကြေညာမှုများ ဖေဖော်ဝါရီ ၂၀ရက်ကစတင်ဆောင်ရွက်လျက်ရှိသည်။

ပူပြင်းခြောက်သွေ့သောပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ ဒေသခံပြည်သူများ၏အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများနှင့် နိုင်ငံပိုင်ပစ္စည်းများ မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရန်အတွက် မီးဘေးကြိုတင်ကာကွယ်ရန် သတိပေးမှုများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံသတိပေးကြေညာခြင်း၊ လက်တွေ့သရုပ်ပြမီးငြိမ်းသတ်နည်းများကို ပြသဆောင်ရွက်ကြကြောင်း သိရသည်။

စိုင်း(သီပေါ)

# တောင်သူများ အမှန်တကယ်လိုအပ်သော စက်မှုလယ်ယာနည်းပညာသစ်များ၊ လယ်ယာသုံးစက်ကိရိယာသစ်များ ဦးစားပေးဖြည့်တင်းရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ(**ယာပုံ**) မေးခွန်း ခြောက်ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း နှစ်ခု လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။



အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး၏ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် သောက်သုံးရေရရှိရေးဆိုင်ရာ မေးခွန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ဖြေကြားသည်။

**ထပ်မံလိုအပ်**

ပြည်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်၏ **စက်မှုလယ်ယာစနစ်ဖြင့် တောင်သူဦးကြီးများ အဆင်ပြေချောမွေ့စွာ လယ်ယာလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် စက်မှုလယ်ယာဦးစီးဌာနတွင် ခေတ်မီလယ်ယာသုံး စက်ကိရိယာများ တိုးချဲ့ဖြည့်တင်းရန် အစီအစဉ်အား သိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လက်ရှိစက်မှုလယ်ယာဦးစီးဌာနတွင် စက်အင်အား စုစုပေါင်း ထွန်စက်ကြီး ၂၈၂၀၊ ရိတ်သိမ်းခြွေလှေ့စက် ၈၁၁ စီးနှင့် ကောက်စိုက်စက် ၁၇၀ ရှိပါကြောင်း၊ ယင်းစက်များကို အသုံးပြု၍ စက်မောင်းဝန်ထမ်းအင်အား ၂၁၃၇ ဦးဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တောင်သူများ အခက်အခဲဖြစ်ပေါ်နေသည့် မြေယာပြုပြင်မှုလုပ်ငန်းနှင့် ရိတ်သိမ်းခြွေလှေ့ရေးလုပ်ငန်းတို့ကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် ထွန်စက်ကြီး ၆၆၆၇ စီး၊ လက်တွန်းထွန်စက် ၁၂၇၇၂ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၂၉၆၅၃ စီး၊ ရိတ်စက် ၃၆၂၈၁ စီး၊ ခြွေလှေ့စက် ၅၈၇၀ ထပ်မံလိုအပ်မည် ဖြစ်ပါကြောင်း၊ လိုအပ်ချက်အားလုံးကို နိုင်ငံတော်အပိုင်းမှ ဖြည့်ဆည်းပေးရန်မှာ ကုန်ကျစရိတ်များစွာ လိုအပ်မည်ဖြစ်သည့်အပြင် စက်မောင်းဝန်ထမ်းများကိုလည်း အမြောက်အမြား ခန့်ထားရမည် ဖြစ်ပါကြောင်း။

အဆိုပါ အနေအထားကို ကျော်လွှားနိုင်ရန်နှင့် တောင်သူများလိုအပ်သည့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများကို ဒေသအလိုက် လွယ်ကူစွာရရှိနိုင်စေရန် စီမံဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍမှ လယ်ယာသုံးစက်ကိရိယာ ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများ၊ ပုဂ္ဂလိကဘဏ်များနှင့် တောင်သူလယ်သမားများကို ချိတ်ဆက်ပေးကာ တောင်သူလယ်သမားများအား လယ်ယာသုံး စက်ကိရိယာတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကိုသာ ကနဦးပေးသွင်းစေ၍ ကျန်ငွေများကို သုံးနှစ်အတွင်း ခုနစ်ရစ်၊ အရစ်ကျပေးသွင်းစေခြင်းဖြင့် စက်များသုံးစွဲနိုင်အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စက်မှုလယ်ယာဦးစီးဌာန အနေဖြင့် ထွန်စက်ကြီးများ၊ ရိတ်သိမ်းခြွေလှေ့စက်ကြီးများ တိုးချဲ့ဝယ်ယူ ဖြည့်ဆည်းသည့်နည်းတူ တောင်သူလယ်သမားများအတွက် အမှန်တကယ် လိုအပ်လျက်ရှိသော စက်မှုလယ်ယာနည်းပညာသစ်များအား လက်တွေ့သရုပ်ပြအသိပညာပေးဖြန့်ဖြူးပေးနိုင်မည့် ခေတ်မီ လယ်ယာသုံး စက်ကိရိယာသစ်များကိုလည်း ဦးစားပေးဖြည့်တင်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၏ **ကလေးမြို့နယ် ရာဇဗြိုဟ် ဘက်စုံရေလှောင်တမံအား ပြန်လည်ပြုပြင်ပေးရန်** မေးခွန်းနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဇူလိုင်လကုန်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း(ကိုမန်)၏ အရှိန်ကြောင့် ရာဇဗြိုဟ်ရေလှောင်တမံ၏ ရေဆင်းဧရိယာဖြစ်သော ချင်းပြည်နယ် တောင်ပေါ်ဒေသများတွင် တစ်ပတ်အတွင်း မိုးရေချိန် လက်မ ၃၀ ခန့် ရွာသွန်းခဲ့ပါကြောင်း၊ ထိုသို့ အချိန်တိုအတွင်း မိုးရေချိန်လက်မများစွာ ရွာသွန်းမှုကြောင့် ရာဇဗြိုဟ်ရေလှောင်တမံ အထက်ပိုင်း ရေဆင်းဧရိယာများတွင် တောင်ပြိုခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်ခဲ့ပြီး နေရဥ္စရာချောင်းနှင့် ၎င်း၏ လက်တက်ချောင်းငယ်များတွင် ရေစီးနှင့်အတူ သစ်လုံးများ၊ သဲနုန်းများ ပမာဏများပြားစွာ ပါဝင်စီးမျောလာခဲ့ပြီး ရာဇဗြိုဟ်ရေလှောင်တမံအတွင်းသို့ ဝင်ရောက်ခဲ့ပါကြောင်း၊ အချို့မှာ ရေပိုလွှဲပေါ်မှ ရေကျော်စီးဆင်းမှုနှင့်အတူ စီးထွက်ပါရှိသွားသော်လည်း တမံရေပြည့်မှတ်၏ အောက်ဘက်တွင် သဲနုန်းများ ထုထည်ပမာဏ များပြားစွာ တင်ကျန်ရစ်ကာ အနည်ထိုင်မှု ဖြစ်ပေါ်ခဲ့ပါကြောင်း။

ထို့ပြင် ၂၀၁၅ ခုနှစ် မိုးရာသီအတွင်း မြေပြိုမှုများ ဖြစ်ပွားချိန်တွင် သဘာဝချောင်းအား မြေစာပုံများ ပိတ်ဆို့သည့်အတွက် တောင်ပေါ်ရေကန်(မြေပြိုကန်)များ ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇူလိုင်လဆန်းတွင် နေရဥ္စရာချောင်းဖျားရှိ ဟန်ကင်ရွာအနီးရှိ တောင်ပေါ်ရေကန် (မြေပြိုကန်) မှာ ကျိုးပေါက်မှုဖြစ်ပေါ်ခဲ့ရာ သဲနုန်းများ ထပ်မံစီးဝင်ခဲ့ပါကြောင်း။

**လျှပ်စစ်မီးပေးဝေမည်**

တမံအတွင်းသို့ သဲနုန်းများနှင့် သစ်လုံးများ ထပ်မံဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်အတွက် တမံ၏အထက်ဘက် ၃ ဒသမ ၅ မိုင်ခန့်အကွာတွင် နုန်းဖမ်းဆည်တစ်ခုကို လည်းကောင်း၊ ၁ ဒသမ ၅ မိုင်ခန့်အကွာတွင် သစ်လုံးကာတန်း (Log Boom)တစ်ခုကိုလည်း တည်ဆောက်၍ ကာကွယ်ပေးထားပါကြောင်း၊ သဲနုန်းများနှင့် သစ်လုံးများကို တူးဖော်ဖယ်ရှား ရှင်းလင်းခဲ့ပါကြောင်း၊ ရေဝင်လမ်းပွင့်ပြီးနောက် ရေအားလျှပ်စစ်စက်ရုံ စမ်းသပ်လည်ပတ်ခြင်းလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကလေးမြို့မှ ရာဇဗြိုဟ်တမံသို့ 66 KV Single Circuit Transmission Line တည်ဆောက်သွယ်တန်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ မတ်လတွင် ပြီးစီးမည်ဖြစ်ပါကြောင်း၊ 66 KV ဓာတ်အားလိုင်း တည်ဆောက်ပြီးပါက 11 KV ဓာတ်အားလိုင်းကို ဆက်သွယ်တန်းပြီး ဆည်အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ လျှပ်စစ်မီးပေးဝေနိုင်ရန် စီမံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် စိစစ်ပြီး ဆည်ရေသောက် ဧရိယာများအတိုင်း စိုက်ပျိုးရေအပြည့်အဝပေးဝေပြီး စိုက်ပျိုးသွားနိုင်ရေး စီမံဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ **မြန်မာနိုင်ငံ၏ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မူဝါဒများချမှတ်ခြင်း၊ ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ခြင်း၊ စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးခြင်းတို့ အပါအဝင် လိုအပ်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ နှင့် ပုဒ်မ ၉၈ တို့အရ ပြည်ထောင်စုမှ နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေနှင့် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေတို့ကို ရုပ်သိမ်းပြီး ပင်လယ်ငါးလုပ်ငန်းဥပဒေ(မူကြမ်း)အဖြစ် လည်းကောင်း၊ ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေအား ရုပ်သိမ်းပြီး ငါးမွေးမြူရေးဆိုင်ရာ ဥပဒေ(မူကြမ်း)အဖြစ် လည်းကောင်း အသစ်ရေးဆွဲ အတည်ပြုပြဋ္ဌာန်းနိုင်ရန် ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖြစ်စေရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပြောင်းလဲလာသည့် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့်အညီ ခေတ်နှင့် လိုက်လျောညီထွေဖြစ်စေပြီး လက်တွေ့ကျကျ လိုက်နာဆောင်ရွက်နိုင်မည့် ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများ ဖြစ်စေရေးအတွက် တည်ဆဲငါးလုပ်ငန်းဥပဒေများ (သို့မဟုတ်) ခေတ်နှင့်အညီ ပြုပြင်ရေးဆွဲထားသော ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများကို နိုင်ငံတကာ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်လျောညီထွေရှိစေရန် ငါးကဏ္ဍ၏လုပ်ငန်းစဉ်များတွင် ထည့်သွင်းရေးဆွဲထားရှိသည့်အပြင် ငါးလုပ်ငန်းဆိုင်ရာ ဥပဒေအသစ်များ ပြန်လည်ရေးဆွဲကာ အဆင့်ဆင့် စိစစ် အကြံပြုချက်များ ဆွေးနွေးရယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်ကတည်းက ငါးကန်၊ ပုစွန်ကန်များ တူးဖော်ထားခဲ့ပြီး လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်အတွက် ခွင့်ပြုမိန့်မရှိသေးသည့် ငါး၊ ပုစွန်ကန်များနှင့် ပတ်သက်ပြီးလည်း စဉ်းစားဆောင်ရွက်ပေးခြင်းများ ရှိပါကြောင်း၊ ယင်းကိစ္စကို ဥပဒေနှင့်အညီဖြစ်စေရန်အတွက် ဒဏ်ကြေးပေးသွင်းစေပြီး ခွင့်ပြုသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **တောင်သူဦးကြီးများ စပါး၊ ပဲမျိုးစုံနှင့် နှမ်း စသည့် သီးနှံများကို အရည်အသွေးပြည့်ဝပြီး အထွက်နှုန်းကောင်းမွန်သော မျိုးကောင်း မျိုးသန့်များ အလွယ်တကူ ဝယ်ယူစိုက်ပျိုးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှု ရှိ၊ မရှိ** မေးခွန်း၊ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး၏ **လေရှီးမြို့နယ်ရှိ မိုဝိုင်းလွတ်မြို့ ဆွမ္မရာမြို့နှင့် ရန်နွေးကျေးရွာတို့တွင် သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်း၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ **မွေးမြူရေးလုပ်ငန်းရှင်များ၊ တောင်သူဦးကြီးများအား အသိပညာပေးရန်နှင့် မွေးမြူထားသော ကျွဲ၊ နွား၊ အိမ်မွေးတိရစ္ဆာန်များအား ထိရောက်စွာ ကုသပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့ကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

**အစီရင်ခံစာတင်သွင်း**

ထို့ပြင် အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း”** လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **“တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်း”**ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊ မီမီဖြိုး(သတင်းစဉ်)**

> **“ယခင်ကတည်းက ငါးကန်၊ ပုစွန်ကန်များ တူးဖော်ထားခဲ့ပြီး လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်အတွက် ခွင့်ပြုမိန့် မရှိသေးသည့် ငါး၊ ပုစွန်ကန်များနှင့် ပတ်သက်ပြီးလည်း စဉ်းစားဆောင်ရွက်ပေးခြင်းများ ရှိပါကြောင်း၊ ယင်းကိစ္စကို ဥပဒေနှင့်အညီ ဖြစ်စေရန်အတွက် ဒဏ်ကြေးပေးသွင်းစေပြီး ခွင့်ပြုသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိ”**

## နည်းပညာအလုပ်သင် သင်တန်းသားများ ဂျပန်နိုင်ငံ၌ နည်းပညာအသစ်အဆန်းများ လေ့လာဆည်းပူးနိုင်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**
ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသည် အာရှဒေသပတ်ဝန်းကျင်ကောင်းမွန်ရေး၊ နည်းပညာပြန့်ပွားမှုအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ Akio Kawa Kami ဦးဆောင်သည့်အဖွဲ့အား ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-9) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အောင်ဆန်းသက်မွေးဝမ်းကျောင်းသင်တန်း အကောင်အထည်ဖော်ရေးအတွက် ဂျပန် ODA သုံးစွဲရေးကိစ္စ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအတွက် Private Car Inspection Centre များအား ဂျပန် ODA ဖြင့် အကောင်အထည်ဖော်ရေးကိစ္စနှင့် မြန်မာနိုင်ငံမှ နည်းပညာအလုပ်သင် သင်တန်းသားများ ဂျပန်နိုင်ငံသို့ သွားရောက်လုပ်ကိုင်ပြီး နည်းပညာအသစ်အဆန်းများ လေ့လာဆည်းပူးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁** နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ငါးပေခန့်ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးရွာနိုင်သည်။ **မိုး/ဇလ**

## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ဒီပလိုမာသင်တန်း အောင်လက်မှတ်အပ်နှင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) (၁၉)ကြိမ်မြောက် သွားတုလုပ်ငန်းကျွမ်းကျင်မှု ဒီပလိုမာသင်တန်းနှင့် ပထမအကြိမ် သွားကျန်းမာရေးသူနာပြု ဒီပလိုမာသင်တန်း အောင်လက်မှတ်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာရွှေတိုးက သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၈ ဦး တို့အား အောင်လက်မှတ်များ အပ်နှင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်းကြေညာ




**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၁ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)** ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ဖြေဆိုသူ၏ပြောကြားချက်အတိုင်းကောက်ယူ**

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ်၏ **၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူပြီးစီးသည်မှာ သုံးနှစ်ခွဲကျော် ကြာလာပြီဖြစ်သော်လည်း မြန်မာနိုင်ငံ၏ လူဦးရေနှင့်ပတ်သက်၍ လူမျိုးအလိုက်၊ လူမျိုးစုအလိုက် ရလဒ်ထုတ်ပြန်ခြင်းမရှိသေးသဖြင့် မည်သည့်အချိန်တွင် ထုတ်ပြန်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရာတွင် ၁၉၇၃ ခုနှစ်က ကောက်ယူမှတ်တမ်းတင်ထားရှိခဲ့သည့် လူမျိုး ၁၃၅ မျိုး စာရင်းကို အခြေခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများအရ လူမျိုးအမည် ဖြည့်သွင်းသည့်နေရာတွင် ဖြေဆိုသူ၏ ပြောကြားချက်အတိုင်းသာ ကောက်ယူခဲ့ရခြင်းဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း မကောက်ယူမီနှင့် ကောက်ယူပြီး ကာလများတွင် လူမျိုးအမည်၊ ဖွဲ့စည်းမှု၊ လူမျိုးအုပ်စုများနှင့်ပတ်သက်ပြီး အငြင်းပွားဖွယ် ကိစ္စရပ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းများ၏ မေးမြန်းချက်၊ တင်ပြချက်များကို လက်ခံရရှိခဲ့ပါကြောင်း၊ ဥပမာအနေဖြင့် လူမျိုးမေးခွန်းများမှာ နိုင်ငံတော်မှ အသိအမှတ်ပြုထားသော လူမျိုးစာရင်းတွင်ပါဝင်ခြင်း ရှိ၊ မရှိ စိစစ်ပြန်ကြားရန်၊ လူမျိုးစု တစ်မျိုးစီ ဟုတ်၊ မဟုတ် ပြန်စိစစ်ရန် မေးမြန်းချက်၊ သီးခြားမျိုးနွယ်စုတစ်စု ဖြစ်ပြီး မျိုးနွယ်စုကြီးတွင် မပါဝင်ကြောင်း တင်ပြချက်၊ လူမျိုးစု၏ အမည်မှန်၊ လူမျိုးတို့၏ ကိုယ်ပိုင် အမည်ကို မူရင်းအတိုင်း မှန်ကန်စွာ ရေးသားပြောဆိုသုံးနှုန်းနိုင်ရေးအတွက် တရားဝင်အသိအမှတ်ပြုချက် ထုတ်ပြန်ရန် တင်ပြချက်၊ လူမျိုးစု တစ်စုမှ အခြားလူမျိုးစု တစ်စုသို့ ပြောင်းရွှေ့ပေးရန် တင်ပြချက်၊ ဥပမာ ကချင်လူမျိုးစုတွင် လူမျိုး ၁၂ မျိုးအစား ခြောက်မျိုးသာရှိကြောင်း တင်ပြချက်၊ ကရင်လူမျိုးစုတွင် လူမျိုး ၁၁ မျိုးအစား ခုနစ် မျိုးသာရှိကြောင်း တင်ပြချက်နှင့် ချင်းလူမျိုးစုတွင် ၅၃ မျိုး မရှိကြောင်း တင်ပြချက်တို့ကို လက်ခံရရှိခဲ့ပါကြောင်း။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူမျိုးစာရင်းများမှာ တိုင်းရင်းသားလူမျိုးများဖွဲ့စည်းပါဝင်မှု၊ တိုင်းရင်းသားလူမျိုးစုငယ်များ ပါဝင်မှု၊ စာလုံးပေါင်း သတ်ပုံ၊ အမည်နာမအသစ်၊ တိုင်းရင်းသားဖြစ်ခြင်းမဖြစ်ခြင်း စသည့် ကိစ္စရပ်များတွင် အငြင်းပွားဖွယ်ရာများရှိသဖြင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန် လိုအပ်နေသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ အငြင်းပွားဖွယ်ရာများရှိသဖြင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီးမှသာလျှင် ထုတ်ပြန်သွားရန် လျာထားပါကြောင်း၊ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန်အတွက် နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ တိုင်းရင်းသားရေးရာ ကော်မတီဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ သမိုင်းပညာရှင်၊ ယဉ်ကျေးမှုပညာရှင်နှင့် လူဦးရေပညာရှင်များ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အဆင့်ဆင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်၍ တိုင်းရင်းသားလူမျိုးအမည်များကို သတ်မှတ်ပြီးမှသာလျှင် ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ထုတ်ပြန်မည့်နေ့ရက်ကို လောလောဆယ်ဖြေကြားရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်**

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ထောက်ပံ့ငွေများကို ပြန်လည်စိစစ်သုံးသပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ၂၀၁၂ ခုနှစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေပုဒ်မ ၂၈ တွင် ပြည်ထောင်စုအစိုးရအဖွဲ့

**"သာမန်မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်များ စာရွက်ကုန်ဆုံးခြင်းနှင့် သက်တမ်းတိုးခြင်း၊ ပျောက်ဆုံးပျက်စီးခြင်းများအတွက် စာအုပ်အသစ်များထုတ်ပေးရာတွင် ယခင်စာအုပ်အဟောင်းနံပါတ်ဖြင့် ထုတ်ပေးခြင်း မရှိဘဲ စာအုပ်နံပါတ်အသစ်ဖြင့်သာ ထုတ်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံကူးလက်မှတ်နံပါတ်များကို နိုင်ငံသားမှတ်ပုံတင်နံပါတ်များကဲ့သို့ အပြောင်းအလဲမရှိ ထုတ်ပေးရန် အစီအစဉ်မရှိ"**

ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအတွက် လစဉ်ချီးမြှင့် ထောက်ပံ့ငွေ၊ သက်တမ်းကာလအပြည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါက တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေသတ်မှတ်ပေးရမည်ဟု ပြဋ္ဌာန်းထားမှုအရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား လစဉ်ချီးမြှင့် ထောက်ပံ့ငွေ ပေးအပ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေများအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှစ၍ အုပ်ချုပ်ရေးမှူးများ၏ လစဉ်စရိတ်ချီးမြှင့်ထောက်ပံ့ငွေ ငွေကျပ် ၇၀၀၀၀ နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး အသုံးစရိတ် ငွေကျပ် ၅၀၀၀၀ သတ်မှတ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ငွေစာရင်းမှ လစဉ်ခွင့်ပြုချီးမြှင့်ပေးလျက်ရှိပါကြောင်း၊ ရုံးအသုံးစရိတ်တွင် စက်ဆီ၊ ခာတ်ဆီ၊ ချောဆီအပြင် သယ်ယူပို့ဆောင်ခ အပါအဝင် အသုံးစရိတ်များ သုံးစွဲခွင့်ကိုလည်း ခေါင်းစဉ်အရ ခွင့်ပြုထားရှိကြောင်း။

မြန်မာနိုင်ငံတွင် ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၆၉၀၆ အုပ်စုရှိပါကြောင်း၊ ရပ်ကွက် ကျေးရွာအဆင့် အငယ်တန်းစာရေးများ ခန့်အပ်မှုအနေဖြင့် ဖွဲ့စည်းပုံအရ ၁၆၉၀၆ အနက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလထိ ၁၅၈၁၄ ဦးကိုလည်း ခန့်အပ်တာဝန်ပေး ထားရှိပါကြောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၏ လုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိပါကြောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လက်ရှိ လစဉ်ချီးမြှင့်ထောက်ပံ့ငွေ တိုးမြှင့်ပေးရန် ကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ ဘဏ္ဍာငွေ ရန်ပုံငွေအခြေအနေနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လွှမ်းခြုံထည့်သွင်း စဉ်းစားဆောင်ရွက်ရခြင်းဖြစ်၍ လက်ရှိအခြေအနေအရ တိုးမြှင့်ထောက်ပံ့ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

**နိုင်ငံကူးလက်မှတ်အမျိုးအစားများ**

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာမောင်မောင်၏ **နိုင်ငံကူးလက်မှတ်စာအုပ်များ ရေးသားရန် စာမျက်နှာပြည့်သွား၍ စာအုပ်သစ်လျှောက်ထား ထုတ်ပေးရာတွင် စာအုပ်နံပါတ်အသစ်များဖြင့် ထုတ်ပေးမည့်အစား နံပါတ်အဟောင်းများဖြင့်သာ ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မြန်မာနိုင်ငံတွင် ထုတ်ပေးလျက်ရှိသော နိုင်ငံကူးလက်မှတ် အမျိုးအစားများမှ သံတမန်နိုင်ငံကူးလက်မှတ်၊ အထူးနိုင်ငံကူးလက်မှတ်နှင့် သာမန်မြန်မာနိုင်ငံကူးလက်မှတ်များဖြစ်ပြီး သံတမန် နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ်တို့ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပေးလျက်ရှိပါကြောင်း၊ သာမန်မြန်မာနိုင်ငံကူးလက်မှတ်ကို ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က စိစစ်ထုတ်ပေးလျက်ရှိပါကြောင်း။

**စာအုပ်နံပါတ်အသစ်ဖြင့်ထုတ်ပေး**

နိုင်ငံတကာလုံခြုံရေးဆိုင်ရာ အကြံပြုချက်များတွင် စာအုပ်ထုတ်လုပ်သည့် စက်ရုံမှ နိုင်ငံကူးလက်မှတ်ထုတ်ပေးသည့်ရုံးသို့ ပေးပို့ရာတွင် နိုင်ငံကူးလက်မှတ်နံပါတ် မပါဝင်သည့် စာအုပ်များ ပေးပို့ခြင်းသည် အကြောင်းတစ်စုံတစ်ရာကြောင့် ပျောက်ဆုံးရသည့်ဖြစ်စဉ်များ ပေါ်ပေါက်လာပါက ပျောက်ဆုံးစာအုပ်၏ နံပါတ်တွဲများအား နိုင်ငံတကာ မှုခင်းအဖွဲ့အစည်းများသို့ အကြောင်းကြားနိုင်ခြင်းမရှိသည့်အတွက် မပြုလုပ်ရန် အကြံပြုချက်များ ရှိခြင်း၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်း အဖွဲ့ချုပ်၏ စံနှုန်းသတ်မှတ်ချက်တွင် ခိုင်မာလုံခြုံမှုရှိသော စာရွက်စာတမ်းဖြစ်ရန်အတွက် အဆိုပါ စာရွက်စာတမ်းများတွင် ပါရှိသော နံပါတ်ကို အခြားစာရွက်စာတမ်းတွင် ပြန်လည်အသုံးမပြုနိုင်ဟုဆိုသော အကြံပြုချက်ရှိခြင်း၊ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသည့် ဖြစ်စဉ်များ ပေါ်ပေါက်လာပါက ပျောက်ဆုံးစာအုပ်၏ နံပါတ်တွဲများအား နိုင်ငံတကာမှုခင်းအဖွဲ့အစည်းများသို့ အကြောင်းကြားနိုင်ပြီး ပေါင်းစပ်ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံကူးလက်မှတ်စာအုပ်များ အတုအပမပြုလုပ်နိုင်ခြင်းတို့ကို ရည်ရွယ်ကာ ထုတ်လုပ်သည့် စာအုပ်အရေအတွက်အတိုင်း စာအုပ်နံပါတ်များအား Register ပြုလုပ်၍ စာအုပ်ပေါ်၌ နိုင်ငံကူးလက်မှတ်နံပါတ် အပေါက်ဖောက်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

အာဆီယံဒေသအတွင်း နိုင်ငံဖြစ်သည့် စင်ကာပူနိုင်ငံ၌ ယခင်က နိုင်ငံကူးလက်မှတ်များ သက်တမ်းတိုးထုတ်ပေးရာတွင် နိုင်ငံကူးလက်မှတ်အဟောင်းနံပါတ်အတိုင်း ပြန်လည်ထုတ်ပေးခဲ့ဖူးသော်လည်း ယခုအခါ စာအုပ်နံပါတ်အသစ်ဖြင့်သာ သက်တမ်းတိုး ထုတ်ပေးလျက်ရှိပါကြောင်း၊ အလားတူ အမေရိကန်နှင့် ဗြိတိန်ကဲ့သို့သော နိုင်ငံကြီးများတွင်လည်း နိုင်ငံကူးလက်မှတ်များ သက်တမ်းတိုးထုတ်ပေးရာတွင် စာအုပ်နံပါတ်အသစ်ဖြင့်သာ ထုတ်ပေးလျက်ရှိသည်ကို သိရှိရပါကြောင်း၊ သာမန် မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်များ စာရွက်ကုန်ဆုံးခြင်းနှင့် သက်တမ်းတိုးခြင်း၊ ပျောက်ဆုံးပျက်စီးခြင်းများအတွက် စာအုပ်အသစ်များထုတ်ပေးရာတွင် ယခင် စာအုပ်အဟောင်းနံပါတ်ဖြင့် ထုတ်ပေးခြင်းမရှိဘဲ စာအုပ်နံပါတ်အသစ်ဖြင့်သာ ထုတ်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံကူးလက်မှတ်နံပါတ်များကို နိုင်ငံသားမှတ်ပုံတင်နံပါတ်များကဲ့သို့ အပြောင်းအလဲမရှိ ထုတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ပါသည့် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဒေါ်အုန်းကြည်က ဖတ်ကြားတင်ပြသည်။

ယင်းနောက် ယင်းဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က အဆိုပါဥပဒေကြမ်းကို အတည်ပြုရန်အတွက် အဆိုတင်သွင်းရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေက ထောက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလာရေး လုပ်ငန်း ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

အမျိုးသားလွှတ်တော် ဒုတိယအကြိမ် သတ္တမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

သစ်တောဦးစီးဌာနနှင့်အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (ICIMOD)တို့ ပူးပေါင်း၍ သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာန ရေဆင်းတွင် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များကို အထောက်အပံ့ဖြစ်စေမည့် REDD+ ၏ အခန်းကဏ္ဍဆိုင်ရာ နိုင်ငံတကာအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က အမှာစကားပြောကြားသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ဟိမဝန္တာတောင်တန်းဒေသအတွင်း မိတ်ဖက်နိုင်ငံများအကြား အမျိုးသားအဆင့်ရာသီဥတုပြောင်းလဲမှုလျော့ချရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များအား အထောက်အပံ့ဖြစ်စေမည့် REDD+ ၏ အခန်းကဏ္ဍများနှင့် ပတ်သက်၍ အတွေ့အကြုံများ ဖလှယ်ခြင်း၊ မိတ်ဖက်နိုင်ငံ၊ အဖွဲ့အစည်းအသီးသီးမှ ဆောင်ရွက်လျက်ရှိသော REDD+ ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံများ ဖလှယ်ခြင်း၊ စီမံကိန်းရလဒ်များနှင့် သုတေသနတွေ့ရှိချက်များကို တင်ပြ၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (ICIMOD)တို့ ပူးပေါင်း၍ ဟိမဝန္တာတောင်တန်းဒေသအတွင်း သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစားကျဆင်းမှုမှ ကာဗွန်ထုတ်လွှတ်မှုလျော့ချခြင်းဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အတွေ့အကြုံများ အသုံးချတတ်စေခြင်း စီမံကိန်းအား ၂၀၁၆ ခုနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စီမံကိန်းလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံတွင် REDD+ နှင့်ပတ်သက်၍ လိုအပ်ချက်များ ဆန်းစစ်ခြင်း (Gap Analysis of REDD+)၊ REDD+ လုပ်ငန်းအဆင်သင့် ဖြစ်စေရန်အတွက် လိုအပ်သောစွမ်းဆောင်ရည် တည်ဆောက်ခြင်း(Capacity building) သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့် ရှမ်းပြည်နယ်တောင်ကြီးခရိုင် ပင်းတယမြို့နယ်အတွင်းရှိ ပွေးလှ၊ ရှားပြားနှင့် နန်းကုန်းကျေးရွာများတွင် အစုအဖွဲ့ပိုင်သစ်တောများအား ဒေသခံများကိုယ်တိုင် စီမံအုပ်ချုပ်တတ်စေရန် သစ်တောစီမံအုပ်ချုပ်ခြင်းဆိုင်ရာ သင်တန်းများပေးခြင်း၊ ဟောပြောပို့ချခြင်း၊ သရုပ်ပြစိုက်ပျိုးခြင်း၊ ပျိုးဥယျာဉ်တည်ထောင်ခြင်းနှင့် လူမှုစီးပွားရေးအထောက်အကူပြု သင်တန်းဖွင့်လှစ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဓာတ်အားဖြန့်ဖြူးမှု အပြည့်အဝဆောင်ရွက်နိုင်ရေး လက်ရှိမဟာဓာတ်အားလိုင်းများ အဆင့်မြှင့်တင်ခြင်းနှင့် လိုင်းအသစ်များ တည်ဆောက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**



လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**အချိန်မီအစားထိုးနိုင်ရေး**

အစည်းအဝေးတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က စီမံကိန်းများ အထမြောက်စေရန် အဖွဲ့အစည်း အသီးသီးမှပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများ ကြုံတွေ့ရမည့် စိန်ခေါ်မှုများအတွက် ညှိနှိုင်းအဖြေရှာပြီး ခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှုများ ပေါက်ပေါက်လာရန်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေးအဖွဲ့ကြီးမှ မူဝါဒ၊ လမ်းညွှန်ချက်များ ချမှတ်ဆောင်ရွက်နေကြောင်း၊ ယခင် လေ့လာသုံးသပ်မှုများအပေါ် အခြေခံ၍ မြန်မာနိုင်ငံ၏ အနာဂတ် Power Generation Mix အတွက် စီစဉ်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ လက်ရှိ ပကတိအခြေအနေများကို သုံးသပ်နိုင်ပြီး Financial and Technical ကိစ္စရပ်များ အပါအဝင် ရေရှည်တည်တံ့နိုင်မည့် Power Generation အား ဦးတည်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် စျေးသက်သာသည် မှန်သော်လည်း အခြားသုံးသပ်ရန် အချက်များစွာရှိသဖြင့် ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်မည့် Liquefied National Gas (LNG) မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ရေတိုစီမံကိန်းများအား အကောင်အထည်ဖော်ရန် စီစဉ်ခဲ့ကြောင်း၊ ထို့ကြောင့် Energy Mix ကဏ္ဍတွင် ပြည်တွင်းမှ ထုတ်လုပ်သည့် သဘာဝဓာတ်ငွေ့နှင့် ပြည်ပမှ တင်သွင်းဆောင်ရွက်မည့် LNG တို့ ပါဝင်မည်ဖြစ်ပါကြောင်း၊ ပြည်တွင်းမှ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု သည် ၂၀၂၀ - ၂၀၂၁ ခုနှစ်တွင် စတင်ကျဆင်းလာမည်ဖြစ်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအား သက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှ ရှာဖွေတွေ့ရှိထားသည့် သဘာဝဓာတ်ငွေ့အား စီးပွားဖြစ် မထုတ်လုပ်နိုင်မီ အဆိုပါ သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို အစားထိုးနိုင်ရန် ၂၀၂၀-၂၀၂၁ ခုနှစ်ကာလအမီ သဘာဝဓာတ်ငွေ့ဖြည့်ဆည်း အစားထိုးနိုင်ရေးအတွက် LNG ကဏ္ဍအား ရွေးချယ်ရခြင်းဖြစ်ကြောင်း၊ ရှာဖွေတွေ့ရှိခဲ့သော ပြည်တွင်း သဘာဝဓာတ်ငွေ့များ အမြန်ဆုံးနှင့် အစောဆုံး ထုတ်ယူနိုင်မည့် ကာလမှာ ၂၀၂၃ - ၂၀၂၄ ခုနှစ်ကာလဖြစ်သောကြောင့် Gas Turbine များအတွက် လိုအပ်သော သဘာဝဓာတ်ငွေ့အား အချိန်မီအစားထိုးနိုင်ရေးသည် LNG တင်သွင်း၍ ဓာတ်အား ထုတ်လုပ်ခြင်းပင်ဖြစ်ကြောင်း။

**အကောင်းဆုံးနည်းလမ်း**

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု အပြည့်အဝ ဆောင်ရွက်နိုင်ရေး အတွက် လက်ရှိ မဟာဓာတ်အားလိုင်းများ အဆင့်မြှင့်တင်ခြင်းနှင့် 500 kV System ဓာတ်အားလိုင်းအသစ်များ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ North Grid ၊ South Grid ၊ West Grid ၊ East Grid ဖြင့် Backbone Transmission Lines အသစ်များ တည်ဆောက်သွားမည်ဖြစ် ကြောင်း၊ အဆိုပါ စီမံကိန်းများ အကောင်အထည်ဖော်ရန် ပြည်ပအဖွဲ့အစည်းများမှ ကူညီပံ့ပိုးသည့် Grants and Concessions Loans များအား အသုံးပြုသွားမည်ဖြစ်သောကြောင့် ယနေ့တက်ရောက်လာသော ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များမှ ကူညီပံ့ပိုးရန်ဖြစ်ကြောင်း၊ သက်သာသော Tariff နှုန်းများဖြင့် တင်ပြလာသော နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အားဝယ်ယူနိုင်ရေး အဆိုပြုချက်များအား လေ့လာသုံးသပ်လျက်ရှိကြောင်း၊ သဘာဝဓာတ်ငွေ့ မလုံလောက်မှုကြောင့် Gas Turbine များအား ဦးစားပေး၍ သဘာဝဓာတ်ငွေ့ ပံ့ပိုးလျက်ရှိရာ လက်ရှိ ရေနံဓာတုဗေဒစက်ရုံအချို့အား ရပ်နားထားရကြောင်း၊ LNG မှ သဘာဝဓာတ်ငွေ့အား အဆိုပါ ရေနံဓာတုဗေဒစက်ရုံများသို့ဖြန့်ဖြူး၍ လည်ပတ်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဘာဝဓာတ်ငွေ့ပေးပို့ဖြန့်ဖြူးရန် ပိုက်လိုင်းကွန်ရက်များ တိုးချဲ့တည်ဆောက်မည့် စီမံကိန်းများတွင် ပူးပေါင်းပါဝင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း၊ ယခင် နိုင်ငံတော်အစိုးရမှ တာဝန်ယူ ဆောင်ရွက်ခဲ့သော Liquefied Petroleum Gas (LPG) ကဏ္ဍအား ပုဂ္ဂလိကများမှ အပြည့်အဝ ဆောင်ရွက်ခွင့်ပေးထားပြီး ဥပဒေများလည်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ကြွရောက်လာသော နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများမှ မြန်မာနိုင်ငံ၏ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့တွေ့ဆုံဆွေးနွေးမှုများမှ အကောင်းဆုံးနည်းလမ်း၊ စီမံချက်၊ ဘဏ္ဍာရေးဆိုင်ရာကဏ္ဍအသီးသီးတို့အတွက် ဝိုင်းဝန်းညှိနှိုင်းသုံးသပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများအား ဝန်ကြီးဌာနမှ အကောင် အထည်ဖော်မည့် LNG to Power Project မိတ်ဆက်ဗီဒီယိုကို ပြသခဲ့ပြီး တက်ရောက်လာသည့် နိုင်ငံတကာသံရုံးများမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက မိမိတို့ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်သည့်အတွက် လုပ်ငန်းများအချိန်တိုအတွင်း အောင်မြင်နိုင်ပြီး ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် CJ Logistics Asia Pte,Ltd တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် CJ Logistics RT Myanmar Co.,Ltd ၏ တိုးချဲ့ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရင်းနှီးမြှုပ်နှံမှု ထပ်မံတိုးမြှင့်သည့်အတွက် လုပ်ငန်းများ အချိန်တိုကာလအတွင်း အောင်မြင်မှု ရရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ထပ်မံတိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းများကြောင့် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကုန်းလမ်းပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းမြင့်ဦးနှင့် CJ Logistics RT Myanmar Co.,Ltd မှ Mr. Lee Jae တို့သည် ပြည်ထောင်စုဝန်ကြီး ရှေ့မှောက်၌ သဘောတူစာချုပ်အား လက်မှတ်ရေးထိုးကာ စာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

ယခု အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် CJ Logistics RT Myanmar Co.,Ltd သည် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တည်င်းကုန်းရှိ ကုန်းလမ်းပို့ဆောင်ရေးပိုင် မြေဧရိယာ ၃ ဒသမ ၂၅ ဧကအား ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကုန်ပစ္စည်းသိုလှောင်ရုံ လုပ်ငန်းများနှင့် Freight Forwarding လုပ်ငန်းများ လုပ်ကိုင်ရန် ငှားရမ်းခဲ့ပြီး ယခုအခါ လုပ်ငန်းထပ်မံတိုးချဲ့ ဆောင်ရွက်မည်ဖြစ်၍ ၃ ဒသမ ၈၁၅ ဧကအား အကျိုးတူပူးပေါင်း၍ ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---




# လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍအတွက် ကာလလတ်စီမံကိန်း အတည်ပြုနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍအတွက် ကာလလတ် စီမံကိန်းအား အတည်ပြုနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲအား ယနေ့တွင် နေပြည်တော်ရှိ M-Gallery ဟိုတယ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့ကမ္ဘာလုံးဆိုင်ရာအားဖြင့် အလျင်အမြန်တိုးတက်ဖြစ်ပေါ် ပြောင်းလဲလျက်ရှိသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ၌ လူတစ်ဦးချင်း၊ အိမ်ထောင်စုတစ်စုချင်းနှင့် ရပ်ရွာလူ့အဖွဲ့အစည်းအား ထိခိုက်လွယ်မှုအခြေအနေများမှ အကာအကွယ်ပေးနိုင်ရန် လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍသည် ပိုပြီးအရေးပါလာသည်ကို တွေ့ရှိရပါကြောင်း၊ ဒီမိုကရေစီအစိုးရသစ်အနေဖြင့် ဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့် သတ်မှတ်ပြီး မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့မှာလည်း လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍနှင့် ပတ်သက်ပြီး လာမည့် ငါးနှစ်တာ ကာလအတွက် တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်ကို ကုန်ကျစရိတ်များပါ ခန့်မှန်းတွက်ချက်ပြီး ရေးဆွဲထားသည့် ကာလလတ်စီမံကိန်းကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအကြား အတည်ပြုနိုင်ရေး ဆွေးနွေးသွားကြမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှု အကူအညီများ ပေါင်းစပ် ညှိနှိုင်းရေးအဖွဲ့သို့ တင်ပြ၍ အကောင်အထည်ဖော်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် အကြံပေးပုဂ္ဂိုလ် Mr. Michael Samson က လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍ၏ ကာလလတ်စီမံကိန်းနှင့် ပတ်သက်၍ ဦးဆောင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍဆိုင်ရာ ကာလလတ်စီမံကိန်းတွင် ပါဝင်သင့်သည့် အချက်များနှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ စနစ်တည်ဆောက်ခြင်း ကိစ္စရပ်များနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး ဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော ဘေးဒုက္ခများအား လျှော့ချရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# ဂျပန်နိုင်ငံအစိုးရမှ ကချင်ပြည်နယ်အတွင်းရှိ သဘာဝဘေးနှင့် တိုက်ပွဲရှောင်စခန်းများသို့ ဆန်အိတ် တစ်သောင်းကျော် လှူဒါန်း

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၁**

မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော် ခန်းမ၌ ဖေဖော်ဝါရီ ၂၁ ရက်က အာဆီယံ+၃ မှ အရေးပေါ်အရန် ဆန်ရိက္ခာအစီအစဉ်အရ ဂျပန်နိုင်ငံအစိုးရက ဆန်တန်ချိန် ၃၁၁ ဒသမ ၄၇၇ ကို တိုက်ပွဲရှောင်စခန်းများသို့ လှူဒါန်းရန် ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည့် အခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရသည်။

မြစ်ကြီးနား၊ ဝိုင်းမော်၊ ကန်ပိုက်တီ၊ ချီဖွေ၊ ပန်ဝါ၊ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ ကာမိုင်း၊ ဗန်းမော်၊ မိုးမောက်၊ လွယ်ဂျယ်၊ မန်စီ၊ ရွှေကူ၊ ပူတာအို၊ ဆွမ်ပရာဘွမ် စသည့်မြို့များမှ တိုက်ပွဲရှောင်စခန်းအရေအတွက် စုစုပေါင်း ၉၁၊ အိမ်ထောင်စုအရေအတွက် ၈၀၅၈ အတွက် ဆန်အိတ် စုစုပေါင်း ၁၀၀၅၈ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

“တိုက်ပွဲရှောင်ပြည်သူတွေ စားဝတ်နေရေး ခက်ခဲတဲ့အတွက် နှစ်စဉ်မပြတ် အခုလို လှူဒါန်းပေးတာ ကိုလည်း ကျေးဇူးတင်ပါတယ်၊ ပူတာအိုမြို့မှာလည်း လတ်တလော စားနပ်ရိက္ခာပြတ်တောက်နေပြီး ကုန်ဈေးနှုန်း ကြီးမြင့်နေတဲ့အတွက် အရည်အသွေးကောင်းမွန်တဲ့ ဆန်တွေကို အခုလို လှူဒါန်းပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ လှူဒါန်းဖြစ်အောင် ညှိနှိုင်းပေးတဲ့ စိုက်ပျိုးရေးဌာနကိုလည်း အထူးပင် ကျေးဇူးတင်ပါတယ်”ဟု လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ပြောသည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ ၊ အလှူရှင်များနှင့် လူဦးရေ စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

**မင်းမင်းဦး**

# အစိုးရယန္တရားနှင့် မူဝါဒချမှတ်သည့် လုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး အဆင့်မြင့်အရာရှိကြီးများ၏ လုပ်ငန်းကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းများ ကျင်းပ

**နေပြည်တော်  ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်သမ္မတရုံး၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ စီမံကြီးကြပ်မှု၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးအဆင့်ရှိ အရာရှိကြီးများအတွက် "အစိုးရယန္တရားနှင့် မူဝါဒချမှတ်သည့် လုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် အဆင့်မြင့်အရာရှိကြီးများ၏ လုပ်ငန်းကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်း" များကို နေပြည်တော် Parkroyal ဟိုတယ်၌ ဖေဖော်ဝါရီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် တစ်ကြိမ်၊ ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၆ ရက်တို့တွင် တစ်ကြိမ်၊ ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ရက်တို့တွင် တစ်ကြိမ်၊ (၂)ရက်ကြာ သင်တန်း စုစုပေါင်း သုံးကြိမ်ကို တစ်ကြိမ်လျှင် သင်တန်းသား ၃၀ စီဖြင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

**အမှာစကား ပြောကြား**

သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်တွင် နေပြည်တော်ရှိ Parkroyal ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက အဖွင့်အမှာစကား ပြောကြားပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)မှ ဌာနေညွှန်ကြားရေးမှူး Mr. Peter Batchelor က နှုတ်ခွန်းဆက်စကားပြောကြားသည်။ (**အပေါ်ပုံ**)




သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)မှ တာဝန်ရှိသူများနှင့် သင်ခန်းစာပို့ချဆွေးနွေးမည့် ပြည်ပပညာရှင်များ၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**ခေါင်းဆောင်မှု သဘောတရား**

သင်တန်းတွင် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် မူဝါဒများရေးဆွဲခြင်းနှင့် ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ထောက်ကူနိုင်မည့် နည်းလမ်းများ ဖော်ထုတ်ပုံ၊ ခေါင်းဆောင်မှု သဘောတရားနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် သတိပြုသင့်သည့် အကြောင်းအရာများ၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင် သုံးရပ်အကြား အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှု၊ ပြည်သူများအား ထိရောက်စွာ ဝန်ဆောင်မှု ပေးနိုင်ရေးအတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရမည့် နည်းလမ်းများစသည့် သင်ခန်းစာများကို ပြည်ပ ပညာရှင်များဖြစ်ကြသည့် ဩစတြေးလျနိုင်ငံ Public Service Commission မှ Commissioner (ဝန်ကြီးအဆင့်)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် Mr. Andrew Podger၊ နယူးဇီလန်နိုင်ငံ State Services Commission မှ Former Deputy Commissioner (ဒုတိယဝန်ကြီးအဆင့်)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် Mr. Ryan Orange နှင့် ဩစတြေးလျနိုင်ငံ လွှတ်တော်ကိုယ်စားလှယ်ဟောင်း Ms. Janelle Anne Saffin တို့က ပို့ချဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ဥပဒေသစ်များမှ ပေါ်ပေါက်လာသော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ တရားစီရင်ရေးနှင့် ဥပဒေရေးရာကိစ္စရပ်များ ဆွေးနွေးပွဲ ကျင်းပ




**နေပြည်တော်  ဖေဖော်ဝါရီ ၂၁**

Japan International Cooperation Agency (JICA)မှ ဦးဆောင်ကျင်းပသည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေသစ်များမှ ပေါ်ပေါက်လာသော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာတရားစီရင်ရေးနှင့် ဥပဒေရေးရာကိစ္စရပ်များ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Parkroyal ဟိုတယ်၌ ကျင်းပသည်။ (**ဓါတ်ပုံ**)

ဆွေးနွေးပွဲတွင် JICA Myanmar မှ Chief Representative Mr. Masayuki KARASAWA နှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

**ဥပဒေဆိုင်ရာ အကျိုးသက်ရောက်မှုများ**

ထို့နောက် Meiji University မှ Professor Kenichi KUMAGAI က ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုနှင့် သက်ဆိုင်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ သဘောတူညီချက် အကျဉ်းချုပ်နှင့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ သဘောတူညီချက်များကို ဖောက်ဖျက်ခြင်းဖြင့် ဥပဒေဆိုင်ရာ အကျိုးသက်ရောက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် Nagashima Ohno & Tsunematsu, Attorney at Law, Mr. Ryoichi MIMURA က အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အမှုကိစ္စများတွင် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ပေးစေလိုမှုနှင့် စပ်လျဉ်း၍ နိုင်ငံတကာမှ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

**မူပိုင်ခွင့်ဆိုင်ရာ**

ထို့နောက် Mori Hamada & Matsumoto, Attorney at Law , Mr. Yoshifumi ONODERA က အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ဥပဒေကြမ်းများအပေါ် ရှင်းလင်းဆွေးနွေးသည်။

မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ဥပဒေကြမ်းများအား လွှတ်တော်တွင် ဆွေးနွေးလျက်ရှိပြီး မကြာမီ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများအဖြစ် ပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စတုတ္ထမဏ္ဍိုင်လို့ခေါ်တဲ့ သတင်းသမားတွေ လွတ်လပ်အမှီအခိုကင်းပြီး အားကောင်းတဲ့ မီဒီယာဖြစ်လာအောင် လုပ်ပေးဖို့လို

**ဦးသီဟစော**

**ဒုတိယအကြိမ် မဏ္ဍိုင် လေးရပ် အလုပ်ရုံ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မဏ္ဍိုင် လေးရပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မဏ္ဍိုင် သုံးရပ်နှင့် စတုတ္ထမဏ္ဍိုင်ဆွေးနွေးတွေ့ဆုံခဲ့မှု အခြေအနေများ၊ ထွက်ပေါ်လာသည့် သဘောထားရလဒ်များနှင့် ရှေ့ဆက်လုပ်ဆောင်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**ဦးသီဟစော (အတွင်းရေးမှူး၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ)**

အဓိက ကျွန်တော်တို့ ဖြစ်ချင်တာက သတင်းသမားတွေနဲ့ ကျန်တဲ့မဏ္ဍိုင် သုံးရပ်နဲ့ ဆက်ဆံရေး၊ ဆက်သွယ်ရေးတွေ အဆင်ပြေစေချင်တယ်။ ၂၀၁၆ ခုနှစ်က လုပ်ခဲ့တဲ့ ဆွေးနွေးပွဲမှာ သဘောတူညီချက် ၁၆ ချက်ဆိုတာ ရှိပါတယ်။ ဒီ ၁၆ ချက်မှာ ဘယ်အချက်တွေက အလုပ်ဖြစ်ပြီလဲ၊ ဘယ်အချက်တွေက အလုပ်မဖြစ်သေးဘူးလဲ၊ ဘယ်အချက်တွေက ထပ်ဖြည့်ဖို့လိုမလဲဆိုတဲ့ အချက်တွေကို ဒီနေ့ ဆွေးနွေးကြမှာပါ။ တစ်ကြိမ်တည်းနဲ့တော့ လိုချင်တာတွေ အကုန်လုံးမရတာတော့ သေချာတယ်။ တစ်ဆင့်ပြီးတစ်ဆင့် တိုးပြီးလုပ်ရတာပါ။ ဖြစ်စေချင်တာက မဏ္ဍိုင် လေးရပ်မှာ စတုတ္ထမဏ္ဍိုင်လို့ခေါ်တဲ့ သတင်းသမားတွေက လွတ်လပ်ပြီး၊ အမှီအခိုကင်းပြီး အားကောင်းတဲ့ မီဒီယာ ဖြစ်လာအောင် လုပ်ပေးဖို့လိုတယ်။ ဒီအချက်ကို အစိုးရ မဏ္ဍိုင်သုံးရပ်ကလည်း အသိအမှတ်ပြုပေးဖို့လိုတယ်။

**ဒေါက်တာတင်ထွန်း (မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်)**

သတင်းမီဒီယာလွတ်လပ်ခွင့်ရလာတဲ့အချိန်မှာ ပြောစရာစကားတွေက အများကြီးပဲ။ တိုင်းပြည်မှာ ရင်ဆိုင်နေရတဲ့ အခက်အခဲ အကျပ်အတည်းတွေဆိုရင် ကျွန်တော်တို့ သတင်းမီဒီယာလောကအနေနဲ့ ဝေဖန်နိုင်တယ်၊ ပြောနိုင်ဆိုနိုင်တယ် ဆိုတဲ့ အခွင့်အရေးသည် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများကြီး အထောက်အကူပြုပါတယ်။ အစိုးရက တိုင်းပြည်အုပ်ချုပ်တဲ့နေရာမှာ သူတို့လုပ်ရပ်တွေ မှားနေတယ်ဆိုရင် ပြည်သူလူထုက ပြောနိုင်ခွင့်၊ ဝေဖန်ပိုင်ခွင့်မရှိဘူးဆိုရင် စတုတ္ထမဏ္ဍိုင်ဆိုတာ အမည်ခံပဲ ဖြစ်တယ်။ စတုတ္ထမဏ္ဍိုင်ဆိုတာ ပြည်သူလူထုအတွက်ကိုပြောတာ ဖြစ်ပါတယ်။ ပြည်သူလူထုက ဒါမကြိုက်ရင် မကြိုက်ကြောင်းကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနဲ့ ရုပ်သံမှာ အကုန် ကျွန်တော်တို့ ပြောခွင့်ရှိရမယ်။ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲလည်း ကျွန်တော်တို့ တက်ခဲ့ပါတယ်။ ပထမအကြိမ်က ပြောတဲ့ အချက်အလက်တွေနဲ့ ဒုတိယအကြိမ်ပြောမယ့် ဆွေးနွေးချက်တွေဟာ သိပ်ပြီး ကြီးကျယ် ခြားနားတဲ့အချက်အလက်တော့ ရှိမယ်မထင်ပါဘူး။ ဒါပေမယ့် တိတိကျကျ ပြောနိုင်တာက ပထမအကြိမ်နဲ့ ဒုတိယအကြိမ် ဆွေးနွေးပွဲကြားကာလမှာ အများကြီး ဖွံ့ဖြိုးတိုးတက်လာတယ် ဆိုတာတော့ လိုက်လိုက်လှဲလှဲနဲ့ ဝမ်းသာစကားတော့ ပြောချင်ပါတယ်။


ဦးသီဟစော (အတွင်းရေးမှူး၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ)


ဒေါက်တာတင်ထွန်း (မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်)


ဒေါက်တာသန်းဝင်း (အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ)

**ဒေါက်တာသန်းဝင်း (အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**

သတင်း မီဒီယာသမားတွေနဲ့ မဏ္ဍိုင်သုံးရပ် အကြိမ်ကြိမ် တွေ့ဆုံဖို့၊ အလုပ်ရုံဆွေးနွေးပွဲတွေလုပ်ဖို့ ဆိုတဲ့အချက်က အင်မတန်အရေးကြီးပါတယ်။ ကျွန်တော်တို့ ဥပဒေတွေဆွဲတဲ့အခါမှာ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဦးစီးဌာန အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံပြီး ဥပဒေတွေဆွဲမှသာ ပြည့်ပြည့်စုံစုံ အောင်အောင်မြင်မြင်ဖြစ်မှာ ဖြစ်ပါတယ်။ ပထမအကြိမ် ဆွေးနွေးပွဲမှာ သဘောတူညီချက် ၁၆ ချက်မှာ လက်တွေ့အသုံးချနိုင်တဲ့ အချက်တွေ အများကြီးပါတယ်။ ဆက်ပြီးတော့ သတင်းမီဒီယာလွတ်လပ်ခွင့်၊ ရပိုင်ခွင့်တွေရဖို့အတွက် ကျွန်တော်တို့ ကော်မတီအနေနဲ့လည်း မဏ္ဍိုင်တွေနဲ့ ညှိနှိုင်းပြီးတော့ ဆက်လက်ဆောင်ရွက်သွားဖို့ ရှိပါတယ်။ စတုတ္ထမဏ္ဍိုင် အားကောင်းမှ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီး သုံးရပ် အားကောင်းမှာ ဖြစ်ပါတယ်။ ။

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်အကြို (၉၉)ကြိမ်မြောက်အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း အရှေ့ဘက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့၌ ကျင်းပရာ နေပြည်တော် ပုဗ္ဗသီရိမြို့ သီရိမင်္ဂလာဝဲကြီး ပရိယတ္တိစာသင်တိုက်မှ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တအာဒိစ္စဝံသနှင့် သံဃာတော် ၁၈ ပါးတို့ ကြွရောက်တော်မူခဲ့ ကြသည်။

အခမ်းအနားသို့ စေတီတော်ဂေါပကအဖွဲ့၏ အထောက်အကူပြု အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ဂေါပကရုံးဝန်ထမ်းများနှင့်တပ်နယ် ဝတ်အသင်း ၂၀၀ စုစုပေါင်း ၃၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ကြွရောက်လာသော သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်ခဲ့ကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၉၉)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

ရတနာပုံအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ပွဲစဉ် (၆) အပြီးတွင် ရန်ကုန်အသင်းက ၁၆ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၁၄ မှတ်၊ ရတနာပုံနှင့် မကွေးအသင်းက ၁၁ မှတ်စီ၊ ဟံသာဝတီအသင်းက ကိုးမှတ်၊ Southern အသင်းက ရှစ်မှတ်၊ ဇွဲကပင်အသင်းက ခုနစ်မှတ်၊ ရောဝတီအသင်းက ခြောက်မှတ်၊ စစ်ကိုင်းနှင့် ရခိုင်အသင်းက ငါးမှတ်စီ၊ GFA အသင်းက လေးမှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။

ယခုတစ်ပတ်ပွဲတွင် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်၊ မကွေးနှင့် ရောဝတီအသင်းတို့ တွေ့ဆုံမှုများမှာ ပရိသတ် စိတ်ဝင်စားမှု မြင့်မားနိုင်သည့်ပွဲများဖြစ်လာနိုင်ပြီး ပွဲကောင်းများဖြစ်လာနိုင်သည်။ ထိပ်ဆုံးမှ ဦးဆောင်နေသည့် ရန်ကုန်အသင်းသည် ရှမ်းယူနိုက်တက်ကို အနိုင်ရခဲ့ပါက အမှတ်ပြတ်ဖြင့် ဆက်လက်ဦးဆောင်နိုင်မည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်း၌ နိုင်ပွဲရယူနိုင်ပါက ထိပ်ဆုံးနေရာကို ပထမဆုံး ရယူနိုင်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီက အမှတ်ပေးပြိုင်ပွဲ နှစ်ကျော့စလုံး အနိုင်မရခဲ့ဘဲ ရှုံးထွက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင်သာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းသည် ၂၀၁၆ ရာသီတွင် ရှမ်းအသင်းကို အိမ်ကွင်း၌ ရှုံးနိမ့်ခဲ့သော်လည်း ပြီးခဲ့သည့်ရာသီတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ရှုံးကြွေး ပြန်ဆပ်နိုင်ခဲ့သည်။ ယခုရာသီ MFF Charity Cup ပြိုင်ပွဲတွင် ရန်ကုန်အသင်းက ပယ်နယ်တီတွင် အနိုင်ရခဲ့ပြီး ရှုံးပွဲမရှိသေးသည့် အသင်းနှစ်သင်း တွေ့ဆုံခြင်းဖြစ်သည်။

ရတနာပုံအသင်းသည် အိမ်ကွင်းတွင် ဇွဲကပင်အသင်းနှင့် တွေ့ဆုံနေပြီး သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်ရမည်ဖြစ်သည်။ တန်းတက်နှစ်သင်း၏ပွဲကို ရွှေ့ဆိုင်းထားသော်လည်း အခြားအသင်းများ၏ ပြိုင်ဆိုင်မှုများကို တွေ့မြင်ရဖွယ်ရှိနေသည်။ **ညီမြတ်သော်တာ**

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဖွဲ့စည်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရမည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ပဏာမကစားသမား ၃၂ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ်အဖြစ် ဦးဝင်းသူမိုးအား ခန့်အပ်ပြီး ရက်ပိုင်းအကြာမှာပင် ပဏာမ လူစာရင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဒီဇင်ဘာလက စတင်ကျင်းပခဲ့သည့် KBZ Bank Women's League ပြိုင်ပွဲမှ ခြေစွမ်းပြနိုင်သည့် ကစားသမားများကို ရွေးချယ်ခဲ့ပြီး လူငယ်ကစားသမားအချို့လည်း ပါဝင်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် အနီးကပ်ဆုံးပြိုင်ပွဲအဖြစ် ဧပြီ ၂၁ ရက်မှ ဇူလိုင် ၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် စတင်ပြင်ဆင်မည်ဖြစ်ပြီး အမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ ပြန်လည်စတင်ပါက ကလပ်အသင်းများတွင် ကစားခွင့်ပြုမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်း၏ နည်းပြချုပ်သစ် ဦးဝင်းသူမိုးသည် နည်းပြအဖွဲ့ဝင်များကိုလည်း အသစ်ပြန်လည်ရွေးချယ်ခဲ့ပြီး လက်ထောက်နည်းပြများအဖြစ် ဦးခင်မောင်ထွေးနှင့် ဒေါ်ဇင်မာဝမ်း၊ ဂိုးနည်းပြအဖြစ် ဦးမြကိုမင်းတို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **ဂိုးသမား** - ဇာဇာမြင့် (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ သင်းသင်းစိုး (ဇွဲကပင်)၊ မေဇင်နွယ် (မြဝတီ)၊ မျိုးမြမြငြိမ်း (သစ္စာအားမန်)၊ **နောက်တန်း** - ဝေဝေအောင်၊ ခင်ပြည့်လင်း၊ အိရတနာဖြိုး(အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ခင်သန်းဝေ (မြဝတီ)၊ အေးအေးမိုး (မြဝတီ)၊ ဇင်မာဝင်း (သစ္စာအားမာန်)၊ ဖူးပွင့်ခိုင် (သစ္စာအားမာန်)၊ ငယ်ငယ်ထွေး (သစ္စာအားမာန်)၊ နန်းဇူဇူထက်(မြဝတီ)၊ ဇွန်ယုယဦး (YREO)၊ ခင်မျိုးဝင်း(အား/ကာသိပ္ပံ)၊ **အလယ်တန်း**-ခင်မာလာထွန်း၊ သင်းသင်းယု၊ နန့်မေသဇင်(အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ရူပါခိုင်၊ လှယဉ်ဝင်း၊ ခိုင်သဇင် (မြဝတီ)၊ နီလာမြင့်၊ ခင်မိုမိုထွန်း၊ သန္တာမိုး၊ နော်အားလိုဝါးဖော(သစ္စာအားမာန်)၊ သန်းသန်းထွေး(ဇွဲကပင်)၊ **ရှေ့တန်း**-နုနု၊ ရီရီဦး(အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ဝင်းသီရိထွန်း(မြဝတီ)၊ ဂျူလိုင်ကျော်၊ ခင်မိုးဝေ၊ နီလာဝင်း(သစ္စာအားမာန်)တို့ ပါဝင်ကြသည်။ **ညီမြတ်သော်တာ**

# ကျိုက်ထီးရိုးစေတီတော်၌ ဘုရားဖူးများအဆင်ပြေရေး ကေဘယ်ကားကို အခြားတစ်နေရာမှ ထပ်မံဆောင်ရွက်မည်

**မော်လမြိုင် ဖေဖော်ဝါရီ ၂၁**



မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်၌ ပြည်တွင်း ပြည်ပ ဘုရားဖူးပြည်သူများ အဆင်ပြေစေရေးအတွက် Kyaiktiyo Great Green Co.,Ltd သည် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်နယ်မြေစိမ်းလန်းစိုပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရဟန်းသံဃာများ၊ သက်ကြီးရွယ်အိုများနှင့် ပြည်တွင်း ပြည်ပခရီးသွားပြည်သူများ ပိုမို အဆင်ပြေလွယ်ကူစေရေးအတွက် ကျိုက်ထီးရိုးစေတီတော်၏ အခြားတစ်ဖက်လမ်းတွင် ကေဘယ်ကား ပြေးဆွဲရေးလုပ်ငန်း စီမံကိန်း အဆိုပြုချက်ကို ဖေဖော်ဝါရီ ၂၀ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး၌ တင်ပြခဲ့ကြောင်း သိရသည်။

ယခု ပြေးဆွဲမည့်လမ်းကြောင်းသည် ကျိုက်ထီးရိုးလမ်းခွဲမှ မဲယွန်းကြီး၊ ကဒိုင်ဒွတ်၊ မိုးဘောနယ်ရှင်၊ ကျောက်ဖျာ၊ခေါင်းဆေးကန်လမ်းဖြစ်ပြီး main station မှ စေတီတော်အနီး မုဆိုးတောင် Return station ထိ ၂၃၉၆ မီတာအကွာအဝေးရှိပြီး ကျိုက်ထီးရိုး လမ်းခွဲမှ main station ထိ ၁၃ မိုင်ကားလမ်းကို လေးလမ်းသွားအဖြစ် တိုးချဲ့သွားမည်ဖြစ်ကြောင်း၊ လမ်း၌ရှိသည့် တံတား ၁၂ စင်းကို အသစ်ပြန်လည်ပြုပြင်သွားကာ ကေဘယ်ကားလမ်း အသစ်ဖောက်လုပ်လိုက်ခြင်းဖြင့် ပြည်တွင်း ပြည်ပ ဘုရားဖူးများအတွက် ပိုမိုအဆင်ပြေလာမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းလည်း ပိုမိုတိုးတက်လာပြီး ဒေသခံများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာမည်ဖြစ်ကြောင်း၊ ယခု ကေဘယ်ကား ပြေးဆွဲရေးလုပ်ငန်းတွင် တစ်စီးလျှင် ၁၀ ဦး လိုက်ပါနိုင်သော ကေဘယ်ကား အစီး ၈၀ ပါရှိမည်ဖြစ်ပြီး Return Station မှ ဘုရားဆင်းထိ မီတာ ၄၀၀ လျှောက်လမ်း ပါဝင်မည်ဖြစ်ကြောင်း၊ main Station နေရာတွင် ကားပါကင် အခမဲ့ တည်းခိုဆောင်များနှင့် အဆင့်မြင့် အိမ်သာများ ပါဝင်မည် ဖြစ်ကြောင်း၊ စီမံကိန်းတစ်လုံးကို ၂၀၁၉ ခုနှစ်တွင် ပြီးစီးရန် လျာထားကြောင်း ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးစောရွှေအောင်က ပြောသည်။

**တင်ထွန်း(မော်လမြိုင်)**

# ရန်ကုန်မြို့ပတ်ရထားလမ်း အနောက်ဘက်ခြမ်း အဆင့်မြှင့်တင်ဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်မြို့ပြ ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် ရန်ကုန်မြို့ပတ်ရထားလမ်းကို အပိုင်း သုံးပိုင်း ခွဲခြား၍ ယနေ့စတင် ဆောင်ရွက်နေပြီဖြစ်ကြောင်း အောက်မြန်မာပြည်မီးရထားရုံးမှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောသည်။

"ရန်ကုန်မြို့ပတ်ရထား အဆင့်မြှင့်တင်ခြင်း မီးရထားတွဲဆိုင်းတွေ အစားထိုးဆောင်ရွက်နေသလို လမ်းပိုင်း အဆင့်မြှင့်တင်မှုကိုလည်း ယနေ့စတင် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်၊ လမ်းပိုင်းအဆင့်မြှင့်တင်တဲ့နေရာမှာ ရန်ကုန်မြို့ပတ်အနောက်ခြမ်းကို အပိုင်း သုံးပိုင်းခွဲခြားပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဦးထွန်းအောင်သင်းက အောက်မြန်မာပြည်ရုံးချုပ်၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနားတွင် ပြောသည်။

ရန်ကုန်မြို့ပတ်ရထားအဆင့်မြှင့်တင်ခြင်း အပိုင်း ၁ အဖြစ် တညင်းကုန်း-အင်းစိန် ၃ ဒသမ ၇၅ မိုင် ကို ဖေဖော်ဝါရီ ၂၁ ရက်မှ မေ ၃၁ ရက်အထိ၊ အပိုင်း ၂ အဖြစ် အင်းစိန်-ကြည့်မြင်တိုင် ၅ ဒသမ ၅ မိုင်ကို အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလကုန်အထိ၊ အပိုင်း ၃ အဖြစ် ကြည့်မြင်တိုင်-ရန်ကုန် (ဘုရားလမ်း) ၂ ဒသမ ၇၅ မိုင်ကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ်လကုန်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီကနေ့ကစပြီး အင်းစိန်နဲ့ တညင်းကုန်းကြားထဲကို ရထားလမ်း နှစ်လမ်းရှိတဲ့အနက် အတွင်းဘက်လမ်းကို စတင်ပြုပြင်မှာ ဖြစ်တဲ့အတွက် လမ်းတစ်လမ်းတည်းကိုပဲ အသုံးပြုမှာဖြစ်ပါတယ်၊ ဒီလို တစ်လမ်းတည်းကနေ ရထားတွေ သွားမှာဖြစ်တဲ့အတွက် အလွန်အန္တရာယ်များပါတယ်၊ သို့သော်လည်း ခရီးသွားပြည်သူတွေ သွားလာမှု ထိခိုက်မှုမရှိစေဖို့ မြို့ပတ်ရထားတွေကို ပုံမှန်အတိုင်း အသွား ခုနစ်ခေါက်၊ အပြန် ရှစ်ခေါက် ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်" ဟု မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးကျော်ကျော်ထွန်းက ပြောသည်။



အဆိုပါ လမ်းပိုင်း အဆင့်မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကြောင့် ရန်ကုန်ဘူတာကြီးမှ ကွန်ပျူတာတက္ကသိုလ်သို့ ပြေးဆွဲနေသော 'ထ' ရထားကို ယာယီအားဖြင့် ရပ်ဆိုင်းထားကြောင်း၊ ယင်းရထားအစား YBS 78 ကို ရန်ကုန်ဘူတာကြီးမှ တညင်းကုန်းသို့ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိ ရန်ကုန် မြို့ပတ်ရထားစီး ခရီးသွားလာသူ နေ့စဉ် ၉၀၀၀၀ ခန့်ရှိနေကြောင်း၊ တစ်နေ့ တွဲဆိုင်း၂၅ ဆိုင်းဖြင့် ခေါက်ရေ ၂၂၀ ပြေးဆွဲပေးလျက်ရှိကြောင်း၊ တညင်းကုန်း-ပုဇွန်တောင် ဘူတာလမ်းပိုင်းမှာ ၁၅ ဒသမ ၇၅ မိုင်ရှိကြောင်း၊ ရန်ကုန် မြို့ပတ်ရထားလမ်း စုစုပေါင်း ၂၉ ဒသမ ၅ မိုင်ရှိကြောင်း သိရသည်။

အဆိုပါ မြို့ပတ်ရထားလမ်းပိုင်းများအဆင့်မြှင့်တင်ရာတွင် ရထားလမ်းပိုင်းများကျောက်ဖြည့်ခြင်း၊ ဇလီဖာတုံးများနှင့် သံလမ်းများလဲခြင်း၊ ဘူတာများပြုပြင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ မီးရထားပလက်ဖောင်းများ အဆင့်မြှင့်တင်ခြင်းစသော လုပ်ငန်းများ ပါဝင်ကြောင်း၊ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ပြုပြင်ပြီးပါက လက်ရှိမြို့ တစ်ပတ်ခုတ်မောင်းချိန် ၂ နာရီ မိနစ် ၅၀ မှ ၁ နာရီ မိနစ် ၅၀ ဖြင့် ခုတ်မောင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**


# ကြက်၊ ငှက် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် နိုင်ငံအသီးသီးတွင် ရာသီမရွေး ဖြစ်ပွားနေသဖြင့် မိမိနိုင်ငံရှိ ကြက်/ဘဲ/ငုံးခြံများတွင်လည်း ဇီဝလုံခြုံမှု စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲနှင့် ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်၊

(ခ) ကြက်၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) မွေးမြူရေးခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊

(ဃ) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(င) အသား၊ ဥတို့ကို သေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်၊

(စ) ကြက်ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# လားရှိုးမြို့ရှိ ရိုးမဘဏ်နှင့် ရောဝတီဘဏ်အကြား ဗုံးပေါက်ကွဲမှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

**လားရှိုး ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ် လားရှိုးမြို့ အမှတ်-၃ ရပ်ကွက် လမ်းမတော်လမ်းနှင့် ရွှေဘိုလမ်းထောင့်ရှိ ရိုးမဘဏ်နှင့် ရောဝတီဘဏ်အကြား ပလက်ဖောင်းမှ ယနေ့ ညနေ ၄ နာရီ မိနစ် ၄၀ ခန့်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ အမျိုးသမီး နှစ်ဦးသေဆုံးခဲ့ပြီး အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိသူများထဲမှ အမျိုးသား လေးဦးမှာ လားရှိုးမြို့ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိပြီး တစ်ဦးမှာ စိုးရိမ်ရကြောင်း၊ အမျိုးသား လေးဦးနှင့် အမျိုးသမီး ၁၃ ဦးမှာ ပြင်ပလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ သေဆုံးသွားသူနှစ်ဦးမှာ ရိုးမဘဏ်ဝန်ထမ်း ဒေါ်စန္ဒာထွန်း(၄၆ နှစ်)နှင့် ဒေါ်မော်မော်(၄၃ နှစ်)တို့ဖြစ်ကြောင်း သိရသည်။



အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် ရိုးမဘဏ်အတွင်းပိုင်းတွင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ကပ်လျက်ရှိသည့် ရောဝတီဘဏ်တွင်လည်း ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့အတူ မျက်နှာချင်းဆိုင်ရှိ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အဆောက်အအုံမှ မှန်များကွဲကြေခဲ့ကြောင်း၊ ထို့ပြင် လမ်းမတော် လမ်းမဘေး၌ ရပ်ထားသော ကားမှန်များလည်း ကွဲကြေပျက်စီးခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ စစ်ဆေးကြည့်ရှုလျက်ရှိကြောင်းနှင့် ပေါက်ကွဲမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ဖမ်းဆီးခံထားရသော ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးအား ရုံးထုတ်စစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် ကိုသက်ဦးမောင်(ခ)ဝလုံးနှင့် ကိုကျော်စိုးဦး(ခ)မိုးအောင်တို့နှစ်ဦးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးထုတ်ခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ယနေ့ရုံးထုတ်စစ်ဆေးမှုနှင့် ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ ယာယီတာဝန်ခံ ဒုတိယခရိုင်တရားသူကြီး-၂ ဦးအုန်းခိုင်က "ဒီကနေ့ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက တရားလို ဒုတိယရဲမှူးကြီး ယုနိုင်၊ ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီး အမှု အမှတ်-၄ သက်ဦးမောင်(ခ)ဝလုံးပါ-၂ မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ -၃(၁)(ဂ) စွဲဆိုမှုကနေ တရားလိုပြသက်သေ ထောက်ကြန့်နယ်မြေရဲတပ်ဖွဲ့စခန်းက ရဲတပ်ကြပ်ကျော်လွင်နဲ့ ကုန်းတလဘောင်ကျေးရွာက ရာအိမ်မှူးတစ်ဦးကို တရားလိုပြသက်သေအဖြစ် စစ်ဆေးခဲ့ပါတယ်၊ သူတို့အနေနဲ့ အခင်းဖြစ်နေ့ လုပ်ဆောင်ခဲ့သမျှကို ထွက်ဆိုသွားတာပါ၊ နောက်အပတ်ရုံးချိန်းကတော့ ဖေဖော်ဝါရီ ၂၈ ရက်ကို ချိန်းဆိုထားပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေအရစွဲဆိုမှုနှင့် ပတ်သက်၍ ရန်ကုန် မြောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး-၆ ဦးရဲလွင်က တာဝန်ယူစစ်ဆေးခဲ့ပြီး ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးဘက်မှ အကျိုးဆောင်တရားလွှတ်တော်ရှေ့နေ ဦးသန်းဇော်အောင်နှင့် ဦးခင်မောင်ဇော်တို့က ဆောင်ရွက်လျက်ရှိကြောင်းနှင့် လိုပြသက်သေ ၂၅ ဦးအနက် ရုံးချိန်းငါးချိန်းတွင် လိုပြသက်သေခြောက်ဦး စစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဂွမြို့နယ်၌ မီးလောင်မှုဖြစ်၍ နေအိမ် ၁၃ လုံး ဆုံးရှုံး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ရခိုင်ပြည်နယ် ဂွမြို့နယ်၌ ဖေဖော်ဝါရီ၂၀ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ က ရဟိုင်းကူးတို့ကျေးရွာနေ မဒေါ်ပုံ(ခ)မစန်းမြင့်(၃၆ နှစ်)၏ နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှ တစ်ဆင့် မီးလောင်ခဲ့ရာ နေအိမ် ၁၃ လုံး၊ ဂိုဒေါင်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် မဒေါ်ပုံ(ခ) မစန်းမြင့်အား ဂွမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# တရားမဝင် ဝင်ရောက်လာသူတစ်ဦးအား ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် အထက်သရက်ချဉ်ကျေးရွာ၌ ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၆ နာရီခွဲက ဖမ်းဆီးရမိခဲ့သည့် ကျောက်တော်မြို့နယ် ဟာရားကျေးရွာနေ ဇူဘယ်ဟူဆိန်(၃၅ နှစ်)အား မှတ်ပုံတင်ရေးဥပဒေပုဒ်မ ၆(၂)/၆(၃) ဖြင့် မင်းတုန်းမြို့နယ် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးအမှုအမှတ် ၄၃/၂၀၁၈ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး မှတ်ပုံတင်ရေးဥပဒေပုဒ်မ ၆(၃)အရ အလုပ်နှင့် ထောင်ဒဏ်နှစ်နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **ကိုရဲ**

# ဘုတ်ပြင်းမြို့နယ်၌ မိကျောင်းကိုက်ခံရသူ၏ အလောင်းတွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဘုတ်ပြင်းမြို့နယ် ရွာသစ်ကျေးရွာ ပန်းပုံချောင်း ဒီရေတောကမ်းစပ်၌ ဖေဖော်ဝါရီ ၁၉ ရက်က ယင်းကျေးရွာနေ ဦးတင်ထွန်း(၃၇ နှစ်)အား အရှည် ၁၀ တောင်ခန့်ရှိ မိကျောင်းကိုက်ခံရပြီး ပျောက်ဆုံးနေသဖြင့် လိုက်လံရှာဖွေခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက ရွာသစ်ကျေးရွာ၏ အနောက်မြောက်ဘက် ပန်းပုံချောင်းကမ်းစပ်ရွှံ့နွံထဲ၌ ဦးတင်ထွန်းအား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရ၍ ဘုတ်ပြင်းမြို့မရဲစခန်း၌ သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

# လောင်းကစားပြုလုပ်သူများနှင့် ခေါင်ရည်ရောင်းချနေသူအား အရေးယူ

**သထုံ ဖေဖော်ဝါရီ ၂၁**

သထုံမြို့ လိပ်အင်းရပ်ကွက် ရွှေချောင်းချောင်းနံဘေးတွင် လူ ၅၀ ခန့် ကြက်တိုက်လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ခရိုင်မှုခင်းနှိမ်နင်းရေး အဖွဲ့ခေါင်းဆောင် ရဲအုပ်အောင်သူနှင့် သထုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က သွားရောက်ဖမ်းဆီးခဲ့သည်။ ထိုသို့ဖမ်းဆီးစဉ် ကြက်တိုက် လောင်းကစားနေသည့် ဦးဝင်းကြည်ပါ သုံးဦးအား လောင်းကြေးငွေကျပ် ၁၁၆ ၂၀၀၊ ဆိုင်ကယ် ခုနစ်စီးနှင့်အတူ ဖမ်းဆီးရမိပြီး ကျန်လူများမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ထို့ပြင် အဆိုပါနေရာအနီး တရားမဝင်ခေါင်ရည်များ ရောင်းချနေသည့် ဒေါ်အေးခိုင်အား ခေါင်ရည်ပုလင်း ၁၇၀ နှင့်အတူ ဖမ်းဆီးရမိသဖြင့် သထုံမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **နန္ဒကျော်စွာ**

# အရက်သောက်၍ ဆည်မြောင်းတွင်း ရေဆင်းကူးသူ ရေနစ်သေဆုံး

**တိုက်ကြီး ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် လောက်လေးချောင်းဆည်မြောင်းတွင် လူတစ်ဦးသေဆုံးနေကြောင်း ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၅ နာရီခန့်တွင် တိုက်ကြီးမြို့မရဲခန်းက သိရသည်။

သတင်းအရ တိုက်ကြီးမြို့ ရဲစခန်းမှ စခန်းမှူး ဒုရဲမှူး သန်းဦးနှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ သေဆုံးသူ ကိုလွင်လွင်စိုး(၂၈နှစ်) သစ္စာလမ်းဈေးရပ်ကွက် တိုက်ကြီးမြို့နေသူသည် သူငယ်ချင်းများဖြစ်သော သိန်းထိုက်၊ ချမ်းငြိမ်း၊ ဖိုးကဲတို့နှင့်အတူ ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီက တောအရက်ကိုးလုံး သောက်ပြီး လောက်လေးချောင်း ဆည်မြောင်းသို့ သွားရောက်ကာ ရေဆင်းကူးရာ အချိန်တန် ပြန်တက်မလာ၍ ၎င်းအားရှာဖွေစဉ် ဆည်မြောင်းအတွင်း ကိုက် ၅၀ ခန့်အကွာတွင် ရေနစ်သေဆုံးနေကြောင်း တွေ့ရှိသဖြင့် တိုက်ကြီးရဲစခန်းမှ သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## ယာဉ်မောင်းသင်းတန်းဆင်းလက်မှတ်တင်ပြခြင်းမပြုပါကလည်း ယာဉ်မောင်းလိုင်စင်ဖြေဆိုခွင့်ပြုသည့် စနစ်ပြောင်းလဲကျင့်သုံးမည် အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်မောင်းလိုင်စင် ဖြေဆိုသူဦးရေများပြားလာသဖြင့် ပြည်သူများ အချိန်ကုန်လူပင်ပန်း သက်သာစေရန်အတွက် ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသည့်နေ့ရက်အား ကြိုတင်စာရင်းသွင်းသည့်စနစ်(Online Booking System)ကို ၁-၁၀-၂၀၁၇ရက်မှ စတင်ပြောင်းလဲကျင့်သုံးလျက်ရှိပါသည်။

၂။ ထိုသို့ 'ခ' ယာဉ်မောင်းလိုင်စင်ဖြေဆိုခွင့်လျှောက်ထားရာတွင် ယာဉ်မောင်းသင်တန်းဆင်းလက်မှတ်တင်ပြမှသာ လက်ခံခွင့်ပြုလျက်ရှိရာမှ ပြည်သူများ ပိုမိုအဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် သင်တန်းဆင်းလက်မှတ်မလိုအပ်ဘဲ ဖြေဆိုခွင့်ပြုခြင်းကို ၂၆-၂-၂၀၁၈ရက်မှစတင်၍ ဖြေလျှော့ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သင်တန်းဆင်းလက်မှတ်မရှိသူများအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးတွင် ဖွင့်လှစ်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း တစ်ရက်တက်ရောက်ပြီးပါက 'ခ' ယာဉ်မောင်းလိုင်စင် ဖြေဆိုခွင့်ပြုသွားမည်ဖြစ်ပါသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းကို တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီး၌ ရုံးဖွင့်ရက်တစ်ရက်လျှင် သင်တန်းသား(၄၀၀)ဦးအထိ အောက်ပါအတိုင်း လက်ခံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

(က) နံနက်ပိုင်းသင်တန်း ၈း၃၀နာရီမှ ၁၂း၃၀နာရီအထိ - ၂၀၀ဦး
(ခ) ညနေပိုင်းသင်တန်း ၁၂း၃၀နာရီမှ ၁၆း၃၀နာရီအထိ - ၂၀၀ဦး

၄။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းတက်ရောက်ရန်အတွက် တက်ရောက်လိုသည့်ရက်ကို Online စနစ်ဖြင့် ကြိုတင် စာရင်းပေးသွင်းရမည်ဖြစ်ပြီး ကြိုတင်စာရင်းပေးသွင်းခြင်းအား www.rtad.gov.mm website တွင် ၁၈-၂-၂၀၁၈ရက်မှ စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါသင်တန်းကို ၂၁-၂-၂၀၁၈ရက်မှ စတင်၍ ဖွင့်လှစ်ပေးသွားပါမည်။

၅။ မှတ်ပုံတင်ထားသော မော်တော်ယာဉ်မောင်းသင်တန်းကျောင်းတစ်ခုခုမှ ထုတ်ပေးသည့် သင်တန်းဆင်းလက်မှတ်တင်ပြနိုင်သူများအတွက် အထက်အပိုဒ်(၃)၊ (၄)ပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်းသို့ တက်ရောက်ရန်မလိုအပ်ဘဲ ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသည့် ရက်အား www.rtad.gov.mm website တွင် ယခင်အတိုင်း တိုက်ရိုက်လျှောက်ထားဖြေဆိုနိုင်ပါသည်။

၆။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများမှ ထုတ်ပေးသော 'သ'၊ 'က-၁' နှင့် 'က' ယာဉ်မောင်း လိုင်စင်မဟုတ်ဘဲ အခြားတိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်ရုံးများမှ ထုတ်ပေးသည့် 'သ'၊ 'က-၁' နှင့် 'က' ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် နယ်ဝင်ဆောင်ရွက်ပြီးမှသာ သင်တန်းတက်ရောက်ရန် Online Booking လျှောက်ထားနိုင်ပါမည်။

၇။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်းတစ်ရက်တက်ရောက်ပြီး နောက်တစ်နေ့မှစ၍ ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသည့်ရက်အား ကြိုတင်စာရင်းသွင်းခြင်း(Online Booking)အား ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်းတက်ရောက်ရန် Online Booking ကို အနည်းဆုံးသုံးရက်မှ အများဆုံး ၃၀ရက်အထိ ကြိုတင်ရယူနိုင်ပြီး Online အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.motc.gov.mm, www.myanmarrtad.com,www.rtad.gov.mm Website များနှင့် Ministry of Transport and Communications, Myanmar Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

- ရုံးချုပ် (နေပြည်တော်)-၀၆၇-၃၄၀၅၁၈၁၊ ၀၆၇-၃၄၀၅၃၅၉၊ ၀၆၇-၃၄၀၅၀၉၉
- တိုင်းဒေသကြီး(ရန်ကုန်)-၀၁-၅၇၀၉၆၇

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာမေးပွဲဖြေဆိုမည့်ရက်သတ်မှတ်ခြင်း ကြော်ငြာစာအမှတ်(၁/၂၀၁၈) ၁၃၇၉ခုနှစ်၊ တပေါင်းလဆန်း ၈ရက် ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ၂၂ရက်

၁။ ၂၄-၁၀-၂၀၁၇ရက်မှ ၂၅-၁၀-၂၀၁၇ရက်အထိ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ကြော်ငြာခေါ်ယူခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ လစ်လပ်လျက်ရှိသော စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁)/ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူးနေရာများတွင် ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် ရေးဖြေစာမေးပွဲများကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| ရက်စွဲ | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၂၂-၃-၂၀၁၈ရက် (ကြာသပတေးနေ့) | မြန်မာစာ | နံနက်၉နာရီမှ ၁၀နာရီထိ |
| ၂၂-၃-၂၀၁၈ရက် (ကြာသပတေးနေ့) | အင်္ဂလိပ်စာ | နံနက်၁၀နာရီမှ၁၁နာရီထိ |
| ၂၂-၃-၂၀၁၈ရက် (ကြာသပတေးနေ့) | အထွေထွေဗဟုသုတ | မွန်းလွဲ ၁နာရီမှ ညနေ၃နာရီထိ |

၂။ ဖြေဆိုခွင့်ရသည့် ခုံအမှတ်နှင့် စာစစ်ဌာနကို လျှောက်လွှာတင်သွင်းခဲ့သော နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် သွားရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖြေဆိုခွင့်ကတ်များကို မတ်လ ၁၄ရက်မှ ၂၀ရက်အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါ စာစစ်ဌာနများ၌ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း)၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း) များကိုပြသ၍ သွားရောက်ထုတ်ယူရန်ဖြစ်ပါသည်-

(က) မန္တလေးစာစစ်ဌာန(မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး) ကချင်၊ ချင်း၊ စစ်ကိုင်း၊ မန္တလေး၊ ရှမ်း(မြောက်)
(ခ) ရန်ကုန်စာစစ်ဌာန(ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး) ကရင်၊ တနင်္သာရီ၊ ပဲခူး(ပဲခူး၊ ပြည်၊ သာယာဝတီခရိုင်များ)၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ဧရာဝတီ
(ဂ) နေပြည်တော်စာစစ်ဌာန(နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး) ကယား၊ ပဲခူး(တောင်ငူခရိုင်)၊ မကွေး၊ ရှမ်း(အရှေ့၊ တောင်)၊ နေပြည်တော်၊ ရုံးချုပ်

၃။ အသေးစိတ်ကို သိရှိလိုပါက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၁၀)၊ ဖုန်း-၀၆၇-၃၄၁၂၄၀၆၊ ၀၆၇-၃၄၁၂၄၁၄၊ မန္တလေးစာစစ်ဌာန-ဖုန်း-၀၂-၄၀၃၆၉၁၆၊ ရန်ကုန်စာစစ်ဌာန-ဖုန်း-၀၁-၂၃၁၇၅၃၆၊ ၀၉-၂၃၀၂၅၆၃ နှင့်နေပြည်တော် စာစစ်ဌာန-ဖုန်း-၀၆၇-၅၅၀၁၃၅၊ ၀၆၇-၅၅၀၂၀၆တို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်) ဖိတ်ကြားခြင်း

ရသေ့တောင်မြို့နယ်အသင်း (ရန်ကုန်)၏ သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးကို အသင်းကော်မတီသစ် ရွေးချယ်တင်မြှောက်ပွဲ၊ စာအောင်သံဃာတော်များပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲတို့ဖြင့် ၂၅-၂-၂၀၁၈ ရက် နံနက် ၉နာရီတွင် အလိုတော်ပြည့်ကျောင်းတိုက် ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည် ဖြစ်ပါသည်။

ယခင်နှစ်မှ အပူဇော်ခံသက်ကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ခံကြွရောက်ကြပါရန်နှင့် မြို့နယ်သူ/သားများလည်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

မြို့နယ်အသင်းဝင်များအနေဖြင့် လစဉ်ကြေး၊ နှစ်စဉ်ကြေးများ ထည့်ဝင်လှူဒါန်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ မြေကွက်အမှတ် (က/၄၆)နှင့် ပတ်သက်သော စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့် မူရင်းကွဲပြန်လည် လျှောက်ထားထုတ်ယူမည် ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးဝေစိုးဟန်**
**၅/စကန(နိုင်)၁၉၄၄၈၃**
**ဖုန်း-၀၉-၇၈၆၁၇၉၃၉၈**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၆/ရွှေနံ့သာအရှေ့ရပ်၊ မြေကွက်အမှတ်(ဥ-၁၇၀၈)၊ ဒေါ်ခင်စန်းမြင့် (ဘ)ဦးတင်ဟန် ၉/ပမန(နိုင်)၀၆၉၀၇၄ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်အိမို့မို့မောင်(ဘ)ဦးဝင်းမောင် ၁၂/သကတ(နိုင်)၁၅၃၆၃၈မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/6956, Toyota Vitz Scp 90, Hatch Back (4x2)R ယာဉ် လက်ဝယ်ရှိသူ ဒေါ်စပယ် ၁၂/အလန(နိုင်)၀၁၉၆၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

# ဝမ်းမြောက်ဂုဏ်ယူခြင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်အား ဖေဖော်ဝါရီ ၁၆ ရက်နေ့ နံနက်တွင် ထိုင်းဘုရင်မင်းမြတ်မှ **" The Knight Grand Cross (First Class) of the Most Exalted Order of the White Elephant"** ဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသည့်အတွက် များစွာဂုဏ်ယူ ဝမ်းမြောက်မိပါသည်။

**Kyal Thein Group of Companies (Myanmar)**
**Chin Thar Company Limited (Thailand)**
**Clear Mind Pte. Ltd. (Singapore)**

## အမေရိကန်သမ္မတနှင့် မက္ကဆီကို သမ္မတတို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်သဘောတူ

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂၁**

မက္ကဆီကိုသမ္မတနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့သည် နှစ်နိုင်ငံလုံခြုံရေး၊ ကုန်သွယ်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အရှိန်မြှင့်တင်ပူးပေါင်းဆောင်ရွက်ရန် တယ်လီဖုန်းဖြင့်ဆွေးနွေးသဘောတူညီခဲ့ကြကြောင်း သိရသည်။

ယင်းကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရာတွင် ၎င်းတို့၏သမ္မတသက်တမ်းအတွင်း အတူတကွကြိုးပမ်းအားထုတ်သွားရန် သဘောတူခဲ့ကြခြင်းဖြစ်ကြောင်း မက္ကဆီကို သမ္မတရုံးက ထုတ်ပြန်သည်။ ယင်းသို့ တယ်လီဖုန်းဖြင့် ပြောဆိုဆွေးနွေးကြရာ၌ အမေရိကန်နိုင်ငံဖလော်ရီဒါ ပြည်နယ်၌ဖြစ်ပွားခဲ့သော ကျောင်းဝင်းအတွင်း သေနတ်ပစ်ခတ်မှုနှင့်ပတ်သက်၍ ကျောင်းသားများအပါအဝင် လူ ၁၇ ဦး သေဆုံးခဲ့ရ ယင်းဖြစ်ရပ်အတွက်လည်းဝမ်းနည်းကြောင်း မက္ကဆီကို သမ္မတက အမေရိကန်သမ္မတကို ပြောခဲ့သည်။

အကယ်၍ ဆွေးနွေးပွဲသာ ရှေ့ဆက်သွားနိုင်ပါက ယခုတစ်ကြိမ်ဆွေးနွေးမှုမှာ ထရန့်သမ္မတအဖြစ်စတင်တာဝန်ထမ်းဆောင်သည့် အချိန်မှစ၍ ပထမဦးဆုံးအကြိမ် မက္ကဆီကို သမ္မတနှင့် အပြသဘောဆွေးနွေးခြင်းဖြစ်သည်။ နှစ်နိုင်ငံနယ်စပ်အကြား တံတိုင်းတည်ဆောက်မှုနှင့်ပတ်သက်၍ ကုန်ကျစရိတ်ကို မက္ကဆီကိုဘက်မှသာ ပေးဆောင်ရမည်ဟူသော အချက်ကို ထရန့်က ဆက်လက်ဆုပ်ကိုင်ထားဆဲဖြစ်သည်။

**ဆင်ဟွာ**



## ပါလက်စတိုင်းနိုင်ငံတည်ရှိမှုကို အသိအမှတ်ပြုရန် အဘတ်စ်တောင်းဆို

**ဂျီနီဗာ ဖေဖော်ဝါရီ ၂၁**

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်သည် ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသော အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ကျင်းပသည့် လုံခြုံရေးကောင်စီ၏အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေများအပေါ် အခြေခံပြီး ၂၀၁၈ နှစ်လယ်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးညီလာခံကို ကျင်းပနိုင်ရေး တောင်းဆိုခဲ့သည်။ ယခုအစည်းအဝေး၏ ရလဒ်တွင် ပါလက်စတိုင်းကို ကုလသမဂ္ဂအမြဲတမ်းအဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုရန်လည်း ပြောဆိုခဲ့သည်။

၁၉၆၇ ခုနှစ် နယ်စပ်စည်းမျဉ်းကို အစွဲရေး၊ ပါလက်စတိုင်း နှစ်နိုင်ငံအသိအမှတ်ပြုလက်ခံနိုင်ရေးလည်း အဆိုပါညီလာခံက အဖြေထုတ်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောခဲ့သည်။

အနာဂတ်အတွက် ညှိနှိုင်းမှုများ မရသေးမီကာလပတ်လုံး အနောက်ဘက်ကမ်းဒေသ၌လူနေအိမ်များ ဆောက်လုပ်နေမှုကိုရပ်နားထားရန်လည်း ပါလက်စတိုင်းသမ္မတ မာမွတ် အဘတ်စ်က တောင်းဆိုထားသည်။

**ဆင်ဟွာ**




## ခံနိုင်ဝန်ထက်ပိုမိုတင်ဆောင်လာသည့်ယာဉ် တိမ်းမှောက်ကာ ၁၀ ဦးထက်မနည်း သေဆုံး

**ပေကျင်း ဖေဖော်ဝါရီ ၂၁**

တရုတ်နိုင်ငံကုန်းတွင်းပိုင်းပြည်နယ် ကျန်ဇီတွင် လူများပြည့်သိပ်စွာ တင်ဆောင်ထားသည့် ဘတ်စ်ကားတစ်စီးသည် ဘီးချော်ပြီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လူ ၁၀ ဦးသေဆုံးသွားခဲ့ကြောင်း သိရသည်။

နိုင်ငံပိုင်ဆင်ဟွာသတင်းအေဂျင်စီက ဘတ်စ်ကားတိမ်း မှောက်မှုကို အင်္ဂါနေ့က ဖော်ပြခဲ့သည်။

ဘတ်စ်ကားသည် ကုန်းစောင်းပေါ်သို့လျှောကျခဲ့ပြီးနောက် မြေပြင်ပေါ်တွင် ဦးစိုက်လျက်တိမ်းမှောက်သွားခဲ့သည်။

လူ ၁၉ ဦးခန့်သာဆံ့သည့် ဘတ်စ်ကားပေါ်၌ ခံနိုင်ဝန်ထက်ပိုမိုကာ ၃၂ ဦး တင်ဆောင်လာခဲ့ကြောင်း သိရသည်။

နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားလာသူများ ပျားပန်းခတ်မျှစည်ကားနေချိန်အတွင်း ယင်းသို့ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့သည် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းလျက်ရှိသည်။

ထို့အပြင် ရဲတပ်ဖွဲ့က ယာဉ်မောင်းသူများအား ခံနိုင်ဝန်ထက်ပို၍ ခရီးသည်များတင်ဆောင်မောင်းနှင်ခြင်းမပြုကြရန်နှင့် စည်းကမ်းနှင့်အညီ ဘေးကင်းစွာမောင်းနှင်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်နှင့်တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်ကို မြောက်ကိုရီးယားပယ်ဖျက်

**ပြုံယမ်း၊ ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**

မြောက်ကိုရီးယားသည် ပြုံချမ်းအိုလံပစ်အားကစားပြိုင်ပွဲသို့ စေလွှတ်ခဲ့သည့် မြောက်ကိုရီးယားအဆင့်မြင့်အရာရှိတစ်ဦးနှင့်အမေရိကန်ဒုတိယသမ္မတမိုက်ပန့်စ်တို့ တွေ့ဆုံဆွေးနွေးကြမည့်အစီအစဉ်ကို ချက်ချင်းဖျက်သိမ်းလိုက်ကြောင်း အမေရိကန်အစိုးရက ပြောကြားခဲ့သည်။

ပန့်စ်သည် ဖေဖော်ဝါရီ ၉ ရက်က အိုလံပစ်အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခဲ့ပြီး တောင်ကိုရီးယားသို့ ၎င်းနည်းတူရောက်ရှိခဲ့သည့် မြောက်ကိုရီးယားအာဏာပိုင်နှင့် တွေ့ဆုံဆွေးနွေးမည့်အခွင့်အလမ်းရရှိအောင် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အကယ်၍ ၎င်းထံ၌ အဆိုပါ အခွင့်အရေးရရှိခဲ့ပါက မြောက်ကိုရီးယားအနေဖြင့် ၎င်း၏နျူကလီးယားနှင့် တိုက်ချင်းပစ်ဒုံးကျည်ဖွံ့ဖြိုးရေးလုပ်ဆောင်မည့်အစီအစဉ်ကို အပြီးစွန့်လွှတ်ရန် ပြောကြားမည်ဖြစ်ကြောင်း ပန့်စ်က ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထဲရေးဌာနပြောရေးဆိုခွင့်ရှိသူ ဟီသာနူရတ်က ပန့်စ်သည် အခွင့် အလမ်းကိုအသုံးချရန် အဆင်သင့်ပင်ဖြစ်သော်လည်း မြောက်ကိုရီးယားက တွေ့ဆုံဆွေးနွေးမှုကို ပယ်ဖျက်ရန် ရုတ်တရက်ဆုံးဖြတ်လိုက်ကြောင်း ပြောကြားခဲ့သည်။

ပန့်စ်သည် တောင်ကိုရီးယားသို့ သွားရောက်သည့် ၎င်း၏ခရီးစဉ်အတွင်း မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုနှင့် ရက်စက်မှုကို အလေးပေးဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အီရတ်တရားရုံးက အိုင်အက်စ်အဖွဲ့ဝင်အမျိုးသမီးတစ်ဦးအား သေဒဏ်ချမှတ်

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၁**

အီရတ်နိုင်ငံတရားရုံးတစ်ရုံးက တူရကီနိုင်ငံသား အိုင်အက်စ်အစွန်းရောက်အဖွဲ့ဝင် အမျိုးသမီးတစ်ဦးအား သေဒဏ်ချမှတ်ခဲ့ပြီး အခြားအိုင်အက်စ်အဖွဲ့ဝင်နိုင်ငံခြားသား အမျိုးသမီး ၁၀ ဦးကို တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

အီရတ်နိုင်ငံအကြမ်းဖက် နှိမ်နင်းရေး ဥပဒေအရ အိုင်အက်စ်အစွန်းရောက်အဖွဲ့အစည်းသို့ ဝင်ရောက်သည့် အမျိုးသမီးများအား ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း အီရတ်နိုင်ငံ အမြင့်ဆုံးတရားရေးကော်မတီ၏ ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

အိုင်အက်စ် အစွန်းရောက်အဖွဲ့သည် ၂၀၁၄ ခုနှစ်က အီရတ်နိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများကို သိမ်းပိုက်ခဲ့ပြီး နောက်ပိုင်းတွင် ပြည်ပနိုင်ငံများမှ အိုင်အက်စ်အဖွဲ့ဝင်များက အီရတ်နိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။



အီရတ်တပ်ဖွဲ့များသည် သုံးနှစ်ကျော်ကြာသော အကြမ်းဖက်နှိမ်နင်းရေးစစ်ပွဲအတွင်း ရာနှင့်ချီသော နိုင်ငံခြားသား အိုင်အက်စ်အဖွဲ့ဝင်များကို ရှင်းလင်းနိုင်ခဲ့သလို အချို့နိုင်ငံခြားသား အိုင်အက်စ်အဖွဲ့ဝင်များက အစိုးရတပ်ဖွဲ့ထံ လက်နက်ချခဲ့ကြသည်။ အီရတ်အစိုးရက ယခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ဂျာမနီနိုင်ငံသား အိုင်အက်စ်အဖွဲ့ဝင်အမျိုးသမီးကို သေဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ရုရှားနှင့် တူရကီ သမ္မတ နှစ်ဦး အာဖရင်အရေး ဆွေးနွေး

**မော်စကို ဖေဖော်ဝါရီ ၂၁**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ၎င်း၏ တူရကီဆွေးနွေးဘက် ရီဆက်တေယစ် အာဒိုဂန်တို့သည် တနင်္လာနေ့တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်ကာဆွေးနွေးမှု ပြုလုပ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြခဲ့သည်။

ဆွေးနွေးမှုနှင့် ပတ်သက်၍ ရုရှားသမ္မတရုံးက အသေးစိတ်အချက်အလက်များ ဖော်ပြခဲ့ခြင်း မရှိပေ။

သို့သော် ခေါင်းဆောင်နှစ်ဦးတို့သည် ဆီးရီးယားမြောက်ပိုင်း အာဖရင်ဒေသအတွင်း၌ ဖြစ်ပွားနေသည့် အခြေအနေများနှင့် ပတ်သက်၍ ထင်မြင်ယူဆချက်များကို အပြန်အလှန်ဖလှယ်ခဲ့ကြကြောင်း သိရသည်။

ဆီးရီးယားမြောက်ပိုင်း အာဖရင်၌ တူရကီက ကာ့ဒ်တိုက်ခိုက်ရေးအင်အားစုများကို နှိမ်နင်းသည့် ထိုးစစ်ဆင်နွှဲမှုကို ပြုလုပ်လျက်ရှိသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန အာဏာပိုင်တစ်ဦးက ရုရှားသည် အာဖရင်၌ ဖြစ်ပွားနေသည့် သွေးထွက်သံယိုမှုများကို ရပ်တန့်စေရေးအကူအညီ ပေးသွားရန် အသင့်ပြင်ဆင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### ပါကစ္စတန်၌ မွေးကင်းစ ကလေးသေဆုံးမှု အမြင့်ဆုံးဖြစ်နေ

**ကရာချိ ဖေဖော်ဝါရီ ၂၁**

ပါကစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် မွေးကင်းစကလေး သေဆုံးမှုအရေအတွက် အများဆုံးနိုင်ငံတစ်ခု ဖြစ်နေကြောင်း ကုလသမဂ္ဂကလေးများအရေးပေါ်ရန်ပုံငွေအဖွဲ့ (UNICEF)က သတိပေးခဲ့သည်။

ယူနီဆက်အဖွဲ့သည် အင်္ဂါနေ့တွင် မွေးကင်းစကလေးငယ်များ၏ ပထမဆုံးသော ၂၈ ရက်အတွင်း သေဆုံးမှုနှုန်းကို ဖော်ပြသည့် အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

ထိုသို့ မွေးကင်းစကလေးများ သေဆုံးမှုမှာ ပါကစ္စတန်တွင် အရေအတွက်အားဖြင့် အများဆုံးဖြစ်နေပြီး ၂၀၁၆ ခုနှစ်တွင် ကလေးငယ် ၁၀၀၀ ခန့် မွေးဖွားတိုင်းတွင် မွေးကင်းစကလေးငယ်သေဆုံးမှုမှာ ၄၅ ဒသမ ၆ ဦး ရှိခဲ့သည်။

နောက်ထပ် မွေးကင်းစကလေးငယ်သေဆုံးမှုအရေအတွက် အများဆုံးမှာ အာဖရိက အလယ်ပိုင်းဖြစ်ပြီး ကလေးသေဆုံးမှု ၄၂ ဒသမ ၃ ဦးရှိခဲ့ကာ အာဖဂန်နစ္စတန်မှာ ၄၀ နှင့် ဆိုမာလီယာနိုင်ငံတွင် ၃၈ ဒသမ ၈ ဦး ရှိခဲ့သည်။

ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် မွေးကင်းစကလေးသေဆုံးမှုနှုန်း အနိမ့်ဆုံးဖြစ်ကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ**

# ကနေဒါနိုင်ငံအပေါ် အိန္ဒိယ၏ ဆက်ဆံရေးအမှန်တကယ် အေးစက်ခဲ့သလား

**ကလျာမိုးမြင့်**



ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒီယူရဲ့ အိန္ဒိယသို့ ပထမဆုံးတရားဝင် အလည်အပတ်ခရီးစဉ်ရောက်ရှိမှုဟာ ၎င်းရဲ့ပင်လယ်ရပ်ခြား ဖြတ်ကျော်သွားလာတဲ့ ခရီးစဉ်တွေအပေါ်မှာ ကိုယ်တိုင် ကျေနပ်လက်ခံလောက်ဖွယ်ရှိတဲ့ ခရီးစဉ်တစ်ခု ဖြစ်ခဲ့ဟန်မတူပါဘူး။

တပ်ဂျ်မဟာအပါအဝင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စရာ ရှုခင်းရှုကွက် အခွင့်အလမ်းများစွာ ပေါပေါများများ ရှိနေသော်ငြားလည်း မစ္စတာထရူးဒီယူနဲ့ ၎င်း၏မိသားစု ခရီးစဉ်ဟာ အိန္ဒိယအစိုးရ အကြီးတန်းအဖွဲ့ဝင်တွေရဲ့ အကြီးအကျယ် လျစ်လျူရှုထားခြင်းကို ခံခဲ့ရပါတယ်။ အိန္ဒိယမြို့တော် ဒေလီကို ရောက်ရှိခဲ့ချိန် လေဆိပ်မှာ အငယ်တန်းဝန်ကြီးတစ်ဦးနဲ့သာ တွေ့ဆုံခဲ့ရပါတယ်။

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီဟာ များစွာသော ကိစ္စရပ်တွေမှာ အိန္ဒိယကို အလည်အပတ်လာရောက်ကြသော အစိုးရခေါင်းဆောင်တွေကို ဝမ်းပန်းတသာ ကြိုဆိုလက်ခံလေ့ရှိပြီး ၎င်း၏ ပြည်ပလုပ်ဖော်ကိုင်ဖက်တွေကို ပွေ့ဖက်နှုတ်ဆက်လေ့ရှိတယ်လို့ လူသိများလှပါတယ်။

မကြာသေးခင်ကပဲ ဇန်နဝါရီလအတွင်းမှာ အိန္ဒိယသို့ အလည်အပတ်လာရောက်ခဲ့တဲ့ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုကို ဝန်ကြီးချုပ်မိုဒီဟာ ညှော်ဝတ်ပျူငှာစွာ ဖက်လှဲတကင်း နှုတ်ဆက်ခဲ့တာ ဖြစ်ပါတယ်။

**ဆုံတွေ့မှုမရှိခဲ့**

သို့သော်လည်း ယခုအခြေအနေမှာတော့ ကနေဒါဝန်ကြီးချုပ်ဟာ အိန္ဒိယနိုင်ငံမှာ နှစ်ရက်ကြာရှိနေခဲ့ပေမယ့် ခုချိန်ထိ ဆုံတွေ့မှု မရှိခဲ့ပါဘူး။ မစ္စတာထရူးဒီယူက မိုဒီရဲ့နေရပ်ဖြစ်တဲ့ ဂူဂျာရတ်ပြည်နယ်ကို အလည်အပတ်ရောက်ရှိခဲ့ချိန်မှာတောင် ဝန်ကြီးချုပ်မိုဒီကတော့ ရှိမနေခဲ့ပါဘူး။ ဒီလိုဖြစ်တာဟာ ဝန်ကြီးချုပ်မိုဒီတစ်ဦးတည်း မဟုတ်ပါ။

မစ္စတာထရူးဒီယူက တနင်္ဂနွေနေ့မှာ တပ်ဂျ်မဟာကို အလည်အပတ်ရောက်သွားခဲ့ချိန်မှာ တချို့မီဒီယာတွေက အထိမ်းအမှတ်ကျောက်တိုင်တည်ရှိရာဖြစ်တဲ့ ဥတ္တရာပရာဒေ့ရှ်ဝန်ကြီးချုပ်ဟာ အလည်အပတ်လာရောက်ခဲ့တဲ့ ကနေဒါဝန်ကြီးချုပ်ကို လာရောက်တွေ့ဆုံနှုတ်ဆက်ခဲ့ခြင်းမရှိတာကို သတင်းမီဒီယာအချို့က ထောက်ပြခဲ့ကြပါတယ်။

မစ္စတာ ထရူးဒီယူရဲ့ ပင်လယ်ရပ်ခြားခရီးစဉ်သွားလာမှုနဲ့ သက်ဆိုင်တဲ့ ရုပ်ပုံတွေ၊ ခေါင်းကြီးပိုင်းတွေနဲ့ လူမှုကွန်ရက်သတင်းတွေဟာလည်းပဲ လုံးဝဥဿုံ ပျောက်ကွယ်နေပါတယ်။

ဒါဆိုရင်အိန္ဒိယဟာ ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒီယူအပေါ်မှာ အမှန်တကယ်ဆက်ဆံရေး အေးစက်နေခဲ့ပြီလား။ အကယ်၍ ဒီလိုအေးစက်နေခဲ့တယ်ဆိုရင် အဲဒါဟာ ဘာကြောင့်များလဲ။ ဒါဟာ တမင်ဥပေက္ခာပြုပြီး ဆက်ဆံလိုက်တဲ့ သဘောပဲ။

မစ္စတာထရူးဒီယူနဲ့ ၎င်းရဲ့ မိသားစုကိုကြိုဆိုဖို့ အငယ်တန်းဝန်ကြီး တစ်ဦးကို စေလွှတ်လိုက်တဲ့အချက်ဟာ လုံးဝအဖက်မတန်သလို ဆက်ဆံလိုက်တာ ဖြစ်တယ်ဆိုတဲ့ အသေအချာဆုံး အချက်တစ်ခုဖြစ်တယ်လို့ ပင်တိုင်ဆောင်းပါးရှင်တစ်ဦးဖြစ်သလို စီးပွားရေးပညာရှင်တစ်ဦးလည်းဖြစ်တဲ့ ဗီဗက်ဒီဟီဂျာက ဘီဘီစီသို့ ပြောကြားခဲ့တယ်လို့ သိရပါတယ်။

**ဆစ်ခ်လှုပ်ရှားမှုနဲ့ သက်ဆိုင်နေသလား**

ဒီကိစ္စနဲ့ပတ်သက်ပြီး မစ္စတာဒီဟီဂျာက ဘယ်လို ဆက်လက်ဝေဖန်သုံးသပ်သလဲဆိုတော့ မစ္စတာ ထရူးဒီယူအနေနဲ့ အိန္ဒိယအစိုးရရဲ့ ဟက်ဟက်ပက်ပက် လက်ခံကြိုဆိုမှုကို မရရှိခဲ့ခြင်းဟာ မစ္စတာထရူးဒီယူရဲ့ အစိုးရအဖွဲ့ဝင်အချို့ ဆစ်ခ်လွတ်လပ်ရေး လှုပ်ရှားမှုအဖွဲ့နဲ့ နီးကပ်စွာ မဟာမိတ်ပြုခဲ့တဲ့အတွက်ကြောင့် ဖြစ်တယ်လို့ ပြောပါတယ်။

ဆစ်ခ် ဘာသာဝင်တွေကြီးစိုးတဲ့ အိန္ဒိယနိုင်ငံ မြောက်ပိုင်း ပန်ဂျပ်ပြည်နယ်အတွင်းမှာ သီးခြားလွတ်လပ်တဲ့ ဆစ်ခ်ကိုယ်ပိုင်နယ်မြေတစ်ခုကို ဖန်တီးဖို့ ကြိုးပမ်းတဲ့ ခါလစ်စတန်လှုပ်ရှားမှုလို့ခေါ်တဲ့ ဆစ်ခ်လွတ်လပ်ရေး လှုပ်ရှားမှုပါ။ ကနေဒါအာဏာပိုင်တွေဟာ အိန္ဒိယကို ၁၉၈၅ ခုနှစ်မှာဖြစ်ပွားခဲ့တဲ့ ကနေဒါလေကြောင်း ဗုံးကြဲတိုက်ခိုက်မှုမှာလည်းပဲ ဆစ်ခ်ခွဲထွက်ရေး စစ်သွေးကြွအဖွဲ့တွေနဲ့ ပတ်သက်ဆက်နွှယ်မှုရှိခဲ့ပြီး အဲဒီဗုံးကြဲတိုက်ခိုက်မှုအတွင်းမှာ လူ ၃၂၉ ဦး သေဆုံးခဲ့ရပါတယ်။

မစ္စတာထရူးဒီယူရဲ့ လစ်ဘရယ်ပါတီဟာ ဆစ်ခ်-ကနေဒါ ဆန္ဒမဲအဖွဲ့အပေါ်မှာလည်း အကြီးအကျယ် မှီခိုအားထားမှုရှိနေပြီး ၎င်း၏ အစိုးရအဖွဲ့ရဲ့ ဆစ်ခ်အဖွဲ့ဝင်အချို့ဟာ ခါလစ်စတန်တွေနဲ့ ခရီးသွားအဖွဲ့ဝင်တွေ ဖြစ်နေတယ်လို့ မစ္စတာ ဒီဟီဂျာက ဆိုပါတယ်။

**ဆက်ဆံရေးတွေ ခါးသီး**

မစ္စတာထရူးဒီယူဟာ ၎င်းရဲ့အစိုးရအဖွဲ့ထဲမှာ ဆစ်ခ်-ကနေဒါ နိုင်ငံသားလေးဦးကို ထည့်သွင်းထားပါတယ်။ အကယ်၍ ဒီအချက်ကသာ မစ္စတာထရူးဒီယူကို လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ခြင်းမရှိတဲ့ အကြောင်းရင်းတစ်ခုဆိုရင် ဒါဟာ ခါလစ်စတန်ဟာ နှစ်နိုင်ငံအာဏာပိုင်တွေကြားမှာ ဆက်ဆံရေးတွေကို ခါးသီးစေခဲ့တာ ပထမဆုံးအကြိမ်မဟုတ်နိုင်တော့ပါဘူး။

ပြီးခဲ့တဲ့နှစ် ဧပြီလမှာ ပန်ဂျပ်ပြည်နယ် ထိပ်တန်းအာဏာပိုင်ဟာ ကနေဒါကာကွယ်ရေးဝန်ကြီး ဟာရ်ဂျစ်ဆာဂျန်နဲ့တွေ့ဆုံဖို့ ငြင်းပယ်ခဲ့ပြီး ဟာရ်ဂျစ်ဟာ ခါလစ်စတန်ဘက်တော်သားဖြစ်တယ်လို့ ၎င်းက စွပ်စွဲပြောကြားခဲ့ပါတယ်။

သို့သော်လည်း အိန္ဒိယရဲ့ ကနေဒါနိုင်ငံဆိုင်ရာ မဟာမင်းကြီးဟောင်း ဗစ်ရှနူးပရာကတ်ရှ်ကတော့ မစ္စတာထရူးဒီယူဟာ အဖက်မတန် ဆက်ဆံခံရတာ မဟုတ်ကြောင်း၊ အိန္ဒိယဟာ ၎င်းကိုကြိုဆိုလက်ခံချိန်မှာ သံတမန်ရေးရာကျင့်ဝတ်တွေနဲ့အညီ လိုက်နာဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း ပြောဆိုခဲ့ပါတယ်။

သံခင်းတမန်ခင်း ကျင့်ဝတ်အရ ပြည်ပခေါင်းဆောင်တစ်ဦးရဲ့ အလည်အပတ်လာရောက်မှုကို ကြိုဆိုခဲ့ရသူဟာ အစိုးရအဖွဲ့ ဝန်ကြီးတစ်ဦးဖြစ်ခဲ့ပြီး မစ္စတာ ထရူးဒီယူကို ဒီလိုညှော်ဝတ်ကြိုဆိုခဲ့ရတာဖြစ်တယ်လို့ မစ္စတာပရာကတ်ရှ်က မီဒီယာသို့ ရှင်းလင်းခဲ့ပါတယ်။

ဝန်ကြီးချုပ် မိုဒီအနေနဲ့ အတိတ်ကာလမှာ ပြည်ပခေါင်းဆောင်တွေကို လှိုက်လှဲဝမ်းသာစွာ ကြိုဆိုဖို့ သံခင်းတမန်ခင်းကျင့်ဝတ်ကို ဖောက်ဖျက်ခဲ့သော်လည်းပဲ အိန္ဒိယကို လာသမျှ ဧည့်သည်တွေတိုင်းကိုတော့ ဒီလိုကြိုဆိုမယ်လို့မထင်ဘူးလို့ ၎င်းက ပြောပါတယ်။

**အိန္ဒိယအတွက်မှားယွင်းသည့် အခြေအနေဖြစ်လာနိုင်**

ပြီးတော့လည်း အိန္ဒိယဝန်ကြီးချုပ်ဟာ မစ္စတာထရူးဒီယူကို လုံးဝလာမတွေ့တော့တာ မဟုတ်ပါဘူး။

လာမယ့် ဖေဖော်ဝါရီ ၂၃ ရက်မှာ ၎င်းအတွက် ကျင်းပမယ့် အထိမ်းအမှတ်ကြိုဆိုပွဲတစ်ခုကို ပြုလုပ်သွားမှာဖြစ်ပြီး အဲဒီမှာ မိုဒီက ၎င်းကို ဆုံတွေ့ပါလိမ့်မယ်လို့ ပြောခဲ့ပါတယ်။

သံအမတ်ဟောင်းတစ်ဦးဖြစ်သူ ကန်ဝယ်လ် စီဘယ်က ခါလစ်စတန်နဲ့ ပတ်သက်ပြီး အမှန်အမှားကို မစူးစမ်းဘဲ မစ္စတာ ထရူးဒီယူရဲ့ အလည်အပတ်လာရောက်မှုကို မလိုမုန်းထားတဲ့ပုံစံမျိုး ပြုမူလိုက်တာဆိုရင်တော့ ဒါဟာအိန္ဒိယအတွက် နိုင်ငံရေးအရရော အတတ်ပညာပိုင်းဆိုင်ရာအရပါ မှားယွင်းသွားနိုင်တယ်။

ဒီလိုလုပ်မယ့်အစား ခါလစ်စတန်တွေနဲ့ပတ်သက်ပြီး အိန္ဒိယရဲ့ စိုးရိမ်ကြောင့်ကြမှုတွေ အမြင့်ဆုံး အမှတ်ကို ရောက်ရှိသွားစေဖို့ စကြံတစ်ခုအနေနဲ့ လုပ်ဆောင်သွားနိုင်တယ်လို့ ဝေဖန်သုံးသပ်ခဲ့ပါတယ်။

အိန္ဒိယနဲ့ ကနေဒါနှစ်နိုင်ငံ ဆက်ဆံရေးဟာ မကြာသေးတဲ့အတိတ်ကာလတွေမှာတောင် တိုးတက်လာခဲ့သေးတယ်။ နှစ်နိုင်ငံဟာ နျူကလီးယားစာချုပ် တစ်ခုကို လက်မှတ်ရေးထိုးခဲ့ပြီး ဘုံသဘောတူညီမှုတွေကို ပြသခဲ့ကြသေးတယ်။

ဒီအချိန်မှာ မစ္စတာထရူးဒီယူကို အိန္ဒိယက ပမာမခန့်လုပ်တယ် ဆိုတာဟာ မမှန်ကန်ဘူးလို့ ၎င်းက ယုံကြည်ကြောင်း ပြောခဲ့ပါတယ်။

ကနေဒါဟာ ၂၀၁၅ ခုနှစ်မှာ အိန္ဒိယနိုင်ငံကို ယူရေနီယံထောက်ပံ့ပေးမယ်လို့ ကြေညာခဲ့ပြီး ဒီအချက်ဟာ နှစ်နိုင်ငံအတွင်းမှာ ဆက်ဆံရေးအခြေအနေတွေ ရှေ့ကိုတိုးလာတယ်ဆိုတာ သိသာထင်ရှားတဲ့ ခြေလှမ်းအဆင့်တစ်ခုပါပဲ။ ။

**ကိုးကား-အေအက်ဖ်ပီ၊ဘီဘီစီ**

**"သံခင်းတမန်ခင်းကျင့်ဝတ်အရ ပြည်ပခေါင်းဆောင်တစ်ဦးရဲ့ အလည်အပတ်လာရောက်မှုကို ကြိုဆိုခဲ့ရသူဟာ အစိုးရအဖွဲ့ ဝန်ကြီးတစ်ဦးဖြစ်ခဲ့ပြီး မစ္စတာ ထရူးဒီယူကို ဒီလိုညှော်ဝတ်ကြိုဆိုခဲ့ရတာဖြစ်တယ်လို့ မစ္စတာပရာကတ်ရှ်က မီဒီယာသို့ ရှင်းလင်းခဲ့ပါတယ်"**



# ပဲခူးတိုင်းဒေသကြီး၌ တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ပဲခူး ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ပေ ၁၈၀နှင့် အထက်တံတားအဖြစ် ရွှေကျင်ချောင်းကူးတံတား၊ ပေ ၁၈၀ အောက်တံတားများဖြစ်သည့် တောင်ဘေွတံတား၊ သားပြတံတား၊ လှည်းလမ်းကူးတံတား၊ တာဖြတ်တံတား၊ ဘုတလင်တံတား၊ စမ်းချောင်းတံတားတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့(၉) ပဲခူးမြို့မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်မျိုးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးလှည္ညွန့်တို့က တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

ရွှေကျင်ချောင်းကူးတံတားနှင့် သားပြတံတားကို ရွှေကျင်မြို့နယ်၌လည်းကောင်း၊ လှည်းလမ်းကူးတံတားကို ထန်းတပင်မြို့နယ်၌ လည်းကောင်း၊ တာဖြတ်တံတားကို ညောင်လေးပင်မြို့နယ်၌ လည်းကောင်း၊ ဘုတလင်နှင့် စမ်းချောင်းတံတားကို အုတ်တွင်းမြို့နယ်၌လည်းကောင်း တည်ဆောက်လျက်ရှိပြီး ၂၀၁၈ခုနှစ်မတ်လအတွင်း ပြီးစီးရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားများကို သံကူကွန်ကရစ်တံတားများအဖြစ် ဆောင်ရွက်လျက်ရှိပြီး ခန့်မှန်းကုန်ကျငွေအဖြစ် ရွှေကျင်ချောင်းကူးတံတားကို ငွေကျပ်သန်း ၇၀၀၀၊ တောင်ဘေွတံတားကို ငွေကျပ် ၃၅၃ ဒသမ ၅သန်း၊ သားပြတံတားကိုငွေကျပ်သန်း ၃၆၀၊ လှည်းလမ်းကူးတံတားကို ငွေကျပ် ၅၆၁သန်း၊ တာဖြတ်တံတားကို ငွေကျပ် ၆၂၇သန်း၊ ဘုတလင်တံတားကို ငွေကျပ် ၂၆၉ ဒသမ ၁သန်း၊ စမ်းချောင်းတံတားကို ငွေကျပ် ၉၉၃ ဒသမ ၅၃ သန်းစသည်ဖြင့် တွက်ချက်ထားပြီး ရန်ပုံငွေရရှိမှုအပေါ် လိုက်၍ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ပိန်းဇလုပ်-သိန်းညွန့်**

# မြန်မာနိုင်ငံ နတ်ဒေဝါပညာရှင်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ မန္တလေး၌ ဖွဲ့စည်းမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးသည် ၎င်း၏ လက်အောက်တွင် အငြိမ့်၊ ဆိုင်း၊ ပွဲစီစဉ်သူ၊ ရုပ်စုံ(ရုပ်သေး)၊ မျက်လှည့်၊ ဆပ်ကပ်စသည့် ကော်မတီများအပြင် နတ်ဒေဝါပညာရှင်များ စည်းကမ်းထိန်းသိမ်းရေး ကော်မတီ(ဗဟို) လည်း ပါဝင်သည်။

အဆိုပါ ကော်မတီ(ဗဟို)တွင် နာယက တောင်ပြုန်းဗောင်းတော်ဆောင်းအမတ်ကြီး ဦးသိန်းလွင်(ရန်ကုန်)ဥက္ကဋ္ဌဦးမင်းဇော်(တောင်ပြုန်းနန်းတော်ကြီး ရွှေတိုက်စာရင်းဝင်)၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြန်ကြားရေးမှူး ဦးဝင်းမင်းဦး (ရတနာ့ဂူမူလနန်းရင်းဗောင်းတော်ဆောင်း)တို့အပါအဝင်ကော်မတီဝင်စုစုပေါင်း ၃၇ ဦးဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှစ၍ ဖွဲ့စည်းခဲ့သည်။

ယင်းအဖွဲ့၏ ရည်ရွယ်ချက်များအနေဖြင့် နတ်ဒေဝါအဖွဲ့ဝင်များ၏ သာရေး၊ နာရေးလူမှုရေးကူညီမှုလုပ်ငန်းများ ဆောင်ရွက်ရေးနှင့်မြန်မာ့ရိုးရာယဉ်ကျေးမှု၊ ကိုးကွယ်မှုဆိုင်ရာများကို ထိန်းသိမ်းရေးဟု ချမှတ်ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းကော်မတီ(ဗဟို)သည် သက်တမ်းလေးလကာလအတွင်း ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အဖွဲ့ခွဲများ ဖွဲ့စည်းထားပြီး ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ သုခမ္မာ(၂) လမ်း၌ ရုံးခန်းဖွင့်လှစ်ထားကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံ နတ်ဒေဝါပညာရှင်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ(ဗဟို)သည် စည်းရုံးမှုဆိုင်ရာ ရှေ့လုပ်ငန်းစဉ်အဖြစ် မန္တလေးတိုင်း နတ်ဒေဝါပညာရှင်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီကို ၂၀၁၈ ခုနှစ် မတ် ၃၀ ရက်တွင် မန္တလေးမြို့၌ ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်သော်(ကမာရွတ်)**

# ယခုရက်ပိုင်းအတွင်း ရန်ကုန်ဆန်ဈေးနှုန်း အတက်ကြမ်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ဖေဖော်ဝါရီ ၁၉ ရက်ရန်ကုန်ဆန်ဈေးကွက်၌ တရုတ်နှစ်သစ်ကူးရက်မတိုင်မီကာလနှင့် နှိုင်းယှဉ်ပါကဆန်ချောဈေးများ တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀မှ ၅၀၀၀ အတွင်း၊ ဆန်ကြမ်းတစ်အိတ်ငွေကျပ် ၅၀၀ မှ ၁၀၀၀ အတွင်းဈေးမြင့်တက်လာသည်ဟု လမ်းမတော်မြို့နယ်အတွင်းမော်တင်ဈေးအနီးဆန်ရောင်းချနေသူ ဖျာပုံနယ်မှ ကိုအောင်ကပြောသည်။

ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ငွေကျပ် ၅၄၀၀၀မှ ၅၅၀၀၀ အတွင်း၊ မြောင်းမြပေါ်ဆန်းတစ်အိတ်လျှင်ငွေကျပ် ၄၄၀၀၀မှ၄၅၀၀၀၊ ဖျာပုံပေါ်ဆန်း ငွေကျပ် ၄၀၀၀၀ မှ ၄၂၀၀၀၊ ကျိုက်လတ်ပေါ်ဆန်း ငွေကျပ် ၃၅၀၀၀ မှ ၃၆၀၀၀၊ ပေါ်ကွဲတစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၊ ရေကျနောက်စိုက် သီးထပ်ဆန်အသစ်တစ်အိတ် ငွေကျပ် ၂၅၅၀၀၊ မိုးဆန်ကြမ်းအသစ်တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀ မှ ၂၄၀၀၀၊ ပြည်ပပို့ ဆန်ကွဲကြီး တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀ မှ ၁၉၀၀၀၊ ၁ ဆလပ်ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၊ ၁၊၂ဆန်ကွဲ တစ်အိတ်ငွေကျပ် ၁၇၅၀၀၊ ၂၊၃၊၄ ဆန်ကွဲတစ်အိတ်ငွေကျပ် ၁၇၀၀၀၊ ဖွဲနု အလေးချိန်တစ်ပေါင် ၈၇ ကျပ်နှုန်းရှိသည် ဟုဆန်ဈေးကွက်မှ သိရသည်။

စပါးအသစ်ထွက်ပေါ်ချိန် ရွှေဘိုပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၂ သိန်းဝန်းကျင်သာရှိသော်လည်း ယခုအခါ ၁၅ သိန်းဝန်းကျင်သို့ ဈေးမြင့်တက်လာပြီး ထပ်မံဈေးတက်လာရန်ရှိသည်။

မကြာမီကာလတွင် ဆန်တစ်အိတ်လျှင်ဈေးငွေကျပ် ၆၀၀၀၀ နှုန်းရှိလာနိုင်မည်။ ရွှေဘိုပေါ်ဆန်းအသစ် မထွက်မီအချိန်အဟောင်းဈေး တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ နှုန်း ဖြစ်ခဲ့သေးသည်။ ယခုစပါးသစ်ထွက်ပေါ်ပြီး တစ်လဝန်းကျင်အတွင်းမှာပင် ဈေးမြင့်တက်လာရ စပါးသစ် ဝယ်ယူလက်ဝယ်ရှိသူများအနေဖြင့်တက်ဈေးမျှော်ကြိတ်ခွဲခြင်း မရှိသေးဘဲ ဆက်လက်သိုလှောင်ထားကြသည်။ ဈေးကွက် ဝယ်လိုအားအရဈေးကွက်တွင်ဆန်ဈေးမြင့်လာခြင်းနှင့်အတူ နယ်စပါးဈေးများပါ မြင့်တက်လာခြင်းဖြစ်သည်ဟု ဘုရင့်နောင် ဆန်ပွဲရုံပိုင်ရှင် ပိတောက်လမ်းမှဦးကျော်ထင်က ပြောသည်။ ယခုအချိန်နှင့်နောက်စပါးအသစ်



မထွက်မီလပိုင်းအထိ ဖြစ်ပေါ်လာမည့် စပါးဈေးနှုန်းအမြင့်ကို ငွေရင်းရှိသူ လယ်သမားအကြီးစားနှင့် လှောင်လက်များသာ အကျိုးခံစားရပြီး လယ်သမားအများစုမှာစပါးသစ်ထွက်ပေါ်ချိန် ဈေးနှုန်းဖြင့် ပင်ရောင်းချထားပြီးဖြစ်၍ မြင့်တက်လာသောဈေးနှုန်းအမြင့်ကို ခံစားနိုင်ခြင်း မရှိကြပါ၊ သို့သော်စားသုံးသူများသည် ရွှေဘိုပေါ်ဆန်းဆန်တစ်ပြည်လျှင်လက်လီဈေး ငွေကျပ် ၃၀၀၀ ဝန်းကျင်ကိုစပါးအသစ် ထွက်ရှိပြီး တစ်လဝန်းကျင်မှစ၍ ဝယ်ယူနေရပြီး မိုးကာလတွင် ယင်းဈေးနှုန်းထက် များစွာဈေးမြင့်စွာဖြင့် ဝယ်ယူလာရနိုင်သည်ဟု ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ဆန်လုပ်ငန်းလုပ်ကိုင် နေသူကိုဝင်းနိုင်က ပြောသည်။ **ခင်ဆိုင်**

# ဆောင်းသီးနှံသရုပ်ပြပွဲ ဇလုပ်စိုက်ပျိုးရေးသုတေသနခြံ၌ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး GPD ၏ ၃၀ ရာခိုင်နှုန်းခန့်ကို လယ်ယာကဏ္ဍမှ ရရှိနေသည့်အတွက် လယ်ယာကဏ္ဍသည် တိုင်းပြည်၏ ပင်မအသက်သွေးကြောသဖွယ်ဖြစ်ခြင်းကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း ဖေဖော်ဝါရီ ၁၇ ရက်က ဇလုပ်စိုက်ပျိုးရေးသုတေသနခြံ၌ ကျင်းပသည့် ဆောင်းသီးနှံသရုပ်ပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောသည်။

တောင်သူများ၏ အကျိုးစီးပွားမြှင့်တင်ပေးနိုင်ရေးအတွက် အလားအလာကောင်းသော ကုလားပဲမျိုးသစ်များနှင့် ဂျုံမျိုးသစ်များကို တောင်သူများ စိတ်ကြိုက်ရွေးချယ်နိုင်စေရန်ရည်ရွယ်၍ ဆောင်းသီးနှံ သရုပ်ပြပွဲကို ကျင်းပခြင်းဖြစ်ပြီး သရုပ်ပြပွဲတွင် တာဝန်ရှိသူများက ပြသထားသည့်မျိုးများကို ရွေးချယ်နိုင်စေရေးအတွက် တောင်သူ များအား ရှင်းလင်းပြသပြီး တောင်သူများက ကွင်းအတွင်းပြသထားသည့် ဂျုံ၊ ကုလားပဲ မျိုးများအား ကြည့်ရှုလေ့လာကာ အကဲဖြတ်ရွေးချယ်ခြင်း၊ တောင်သူများ သိလိုသမျှကို သုတေသနပညာရှင်များက ပြန်လည်ဆွေးနွေးဖြေကြားကာ တောင်သူများရင်ဆိုင် ကြုံတွေ့နေရသည့် ပြဿနာများအား အခြေခံကာ ဆက်လက်သုတေသနပြု ဖြေရှင်း ပေးနိုင်ရေးအတွက် မြို့နယ်အလိုက် တောင်သူများနှင့် သုတေသနပညာရှင်များက အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ကွင်းအတွင်းသရုပ်ပြ စိုက်ပျိုးထားပြီး ကုလားပဲမျိုးခြောက်မျိုးအနက် ရေငတ်ဒဏ်ခံနိုင်ရည်ရှိသည့် CA-10-21 ကုလားပဲအနီမျိုးအားလည်းကောင်း၊ ဒေသနှင့်ကိုက်ညီမှုရှိကာ အထွက်နှုန်းကောင်းသည့် 1CCV-12 110, 1CCV-12112 ကုလားပဲအနီမျိုးများကိုလည်းကောင်း တောင်သူများက ရွေးချယ်ခဲ့ကြပြီး ဂျုံမျိုးရှစ်မျိုးအနက်မှလည်း ရေငတ်ဒဏ်ခံဂျုံမျိုးများဖြစ်သည့် ရေဆင်းဂျုံဖြူ ၁၁ နှင့် 20th SAWYT-6, 20th SAWYT-8 များကိုလည်းကောင်း ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဇလုပ်စိုက်ပျိုးရေးသုတေသနခြံမှ တာဝန်ခံနှင့် သုတေသီဝန်ထမ်းများ၊ စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် မုံရွာခရိုင်အတွင်းရှိ ဘုတလင်၊ အရာတော်၊ ယင်းမာပင်၊ မုံရွာမြို့နယ်များရှိ ကျေးရွာများမှ တောင်သူ ၁၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**




## နတ်သမီးရဲ့လက်ဆောင်ဆုနှင့် အိပ်ရာဝင်ပုံပြင်များ စာအုပ်ထွက်ရှိ ၂၁-၂-၂၀၁၈




တက္ကသိုလ် မလေးခိုင်ရေးသားသည့် နတ်သမီးရဲ့လက်ဆောင်ဆုနှင့် အိပ်ရာဝင်ပုံပြင်များ စာအုပ်ထွက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စာအုပ်တွင် ဖူးဖူးလေးရဲ့စွန့်စားခန်း၊ ရှင့်ကလေးရဲ့ မှင်စာကလေး၊ ဖိနပ်ပျောက် ရှာပုံတော်၊ ညီအစ်ကို သုံးယောက်၊ ဘုရင်ကြီးရဲ့မုတ်ဆိတ်၊ ဖိုးကံကောင်းလေး၊ မြင်းနက်ကလေး၊ နတ်သမီးရဲ့ လက်ဆောင်ဆု၊ ဆိတ်ကျောင်းသူမင်းသမီး၊ အဝတ်အစုတ် အနုပ်သာ ဝတ်ခဲ့ရသော ကလေးမလေး၊ အပြေးသမားဘိန်းမုန့်လေး၊ ကြွံအရေခွံဘာကြောင့်တွဲရသလဲ၊ နဂါးမင်းသမီးလေး၊ နေမင်းပေးသော သမီးကလေး၊ ထောင်ချောက်ထဲက ကျားနှင့်ပြုံ၍သာ ပြုံးနိုင်သော ငှက်ကလေးစသည့် ပုံပြင်ကောင်းလေးများ အပါအဝင် စုစုပေါင်းပုံပြင် ၃၃ ပုဒ်ပါရှိပြီး ပုံပြင်လေးများသည် ကလေးငယ်လေးများ အထူးစိတ်ဝင်စားနိုင်မည့်အပြင် ကလေးငယ်များအား အတွေးအခေါ် စဉ်းစားမြော်မြင်မှု ကြွယ်ဝစေခြင်း၊ ဗဟုသုတဉာဏ်ပညာများ တိုးတက်စေခြင်း၊ ပျော်ရွှင်ကျေနပ်မှုရသများ ပေးစွမ်းခြင်းစသည့် အကျိုးကျေးဇူးများရရှိစေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည့် စာအုပ်တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် တူဒေးစာအုပ်တိုက်မှ ဖြန့်ချိပေးလျက်ရှိကြောင်း သိရသည်။

## အကြီးကိုကို (ကသာ) သားနဲ့သမီးဖတ်ဖို့စာ စာအုပ် ထွက်ရှိ




အကြီးကိုကို (ကသာ)ရေးသားသော သားနဲ့သမီးဖတ်ဖို့စာ စာအုပ် ထွက်ရှိလာသည်။ သားငယ်သမီးငယ်များ၊ တူ တူမများ ရှိသူတိုင်း ဝယ်ယူထားရှိသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ လူငယ်များ အစဉ်နိုးကြားတက်ကြွစေရန်၊ လမ်းမှား မရောက်စေရန်၊ ရိုးသားကြိုးစားကြသူများဖြစ်လာစေရန် ရည်ရွယ်ရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ အကြောင်းအရာ တစ်ခုချင်းစီကို ခေါင်းစဉ်များခွဲ၍ ရေးသားထားသည့်အတွက် မိမိစိတ်ကြိုက်ခေါင်းစဉ်ကို ရွေးချယ်ဖတ်ရှု နိုင်ပြီး အင်္ဂလိပ်ဘာသာဖြင့်လည်း ဖော်ပြထားသည့် အင်္ဂလိပ်စာလေ့လာလိုသူ လူငယ်များအတွက် လက်လွှတ်မခံသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။ စာအုပ်တန်ဖိုးမှာ ငွေကျပ် ၃၅၀၀ ဖြစ်ပြီး ဆောင်းစုရတီစာပေမှ ထုတ်ဝေခြင်းဖြစ်သည်။ လူငယ်လူရွယ်များအား အတွေးအခေါ်ကောင်းများ၊ အကြံဉာဏ်ကောင်းများအပြင် စဉ်းစားဆင်ခြင်မှုများပေးစွမ်းနိုင်ရန် ထည့်သွင်းရေးသားထားကြောင်း သိရသည်။ **မြန်မာ့အလင်း**

## တောင်သူများအတွက် စိုက်ပျိုးနည်းပညာများဖြန့်ဝေ

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူလယ်သမားများ အကျိုးဖြစ်ထွန်းရေးအတွက် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၉ရက်က နောင်အန်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ တောင်သူများနှင့် တွေ့ဆုံကာစပါးစိုက်ပျိုးရာတွင် ပိုမိုထွက်ရှိရန် နည်းပညာအသိဆိုင်ရာ ဆွေးနွေးဟောပြောခဲ့သည်။ ထို့နောက် တောင်သူ ဦးလုံးစိုင်း၏ လယ်မြေတွင် တောင်သူ ၅၅ ဦး တို့ကိုလက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## မြို့နယ်သတင်းထောက်များသို့

မြန်မာနိုင်ငံအရပ်ရပ်ရှိ မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များအားလုံး သတင်းထောက်အသိအမှတ်ပြုကတ်များ ပြန်လည်စိစစ်ရန်နှင့် အသစ်ထုတ်ပေးရန်အတွက် လည်းကောင်း၊ သတင်းစာမူခကိစ္စများအတွက်လည်း ကောင်း ဦးကြည်ဝင်း (သုတေသနစာတည်း) ဖုန်းနံပါတ် ၀၉-၄၂၀၁၄၅၆၀၉၊ ၀၆၇-၃၆၁၄၅ တို့သို့ ဆက်သွယ်ကြပါရန်။ **မြန်မာ့အလင်းသတင်းစာတိုက်၊ ခရေပင်လမ်းခွဲ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း- ၂၁)

**သိပ္ပံစာရေးဆရာကိုကိုအောင်**



### ရေချို ရေငန်

ပင်လယ်ဒီရေများကြောင့် မြေပေါ်မြေအောက်ရှိ ရေချို အရင်းအမြစ်များအတွင်းသို့ ရေငန်စီးဝင်မှုပမာဏကို သုတေသနပြုလေ့လာခဲ့ကြရာတွင် အချို့ဒေသများ၌ မြေအောက်ရေချိုထုအတွင်းသို့ ဆားငန်ရေ ထိုးဖောက်ဝင်ရောက်လာမှုသည် မြေပေါ်ရှိ ရေချိုထုအတွင်းသို့ ဆားငန်ရေများ ဝင်ရောက် ရောနှောနေမှုထက်ပင် ၅၀ ရာခိုင်နှုန်း ပိုမိုများပြားလျက်ရှိကြောင်း ထိတ်လန့်တုန်လှုပ်ဖွယ်ရာ တွေ့ရှိရသည်။

ရေချိုထုအတွင်း ရေငန်များ ရောနှောဝင်ရောက်နေမှု၏ ထင်ရှားသောသာဓကအဖြစ် အိန္ဒိယနိုင်ငံ ဂင်္ဂါမြစ်၏ မြစ်ညာပိုင်းတွင် လမုပင်များ ပေါက်ရောက်ရှင်သန်လျက်ရှိနေသည်ကို တွေ့ရှိရသည်။ လမုပင်များကို ဒီရေရောက်တောများအဖြစ် လူအများကသိရှိကြပြီး ယင်းတို့သည် ရေချိုနှင့်ရေငန် နှစ်မျိုးစလုံး၏ ဖုံးလွှမ်းမှုဒဏ်ကို ခံနိုင်ရည်ရှိရုံမျှမက ရေ၏ချဉ်ဖန်နှုန်း ပြောင်းလဲမှုဒဏ်ကိုပါ ခံနိုင်သော အစွမ်းသတ္တိနှင့် ပြည့်စုံကြသည်။ သို့ရာတွင် လမုပင်များသည် အဓိကအားဖြင့် ရေငန်၌သာ ရှင်သန်နိုင်သော အပင်မျိုးစိတ်ဖြစ်သည့်အားလျော်စွာ ယခုကဲ့သို့ ဂင်္ဂါမြစ်အတွင်း၌ လမုပင်များ ပေါက်ရောက်နေခြင်းသည် မြစ်ရေထဲ၌ ပင်လယ်ရေငန်များ ဝင်ရောက်ရောနှောနေခြင်း၏ ထင်ရှားသော ပြယုဂ်တစ်ခုပင်ဖြစ်သည်။

### ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာနေခြင်း

ပင်လယ်ရေမျက်နှာပြင် တရိပ်ရိပ်မြင့်တက်လာနေခြင်း၏ ထင်ရှားသောသာဓကကို ဘင်္ဂလားပင်လယ်အော်၌လည်း တွေ့မြင်နေရသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ပင်လယ်ရေမျက်နှာပြင် ပျမ်းမျှမြင့်တက်နှုန်းသည် တစ်နှစ်လျှင် ၂ မီလီမီတာမျှသာဖြစ်သော်လည်း၊ ဘင်္ဂလားပင်လယ်အော်၏ နေရာအချို့တွင် ပင်လယ်ရေပြင်မြင့်တက်နှုန်းက တစ်နှစ်လျှင် ၃ ဒသမ ၁၄ မီလီမီတာအထိပင် ရှိနေသည်။

ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းကျော် နေထိုင်လျက်ရှိနေကြသည့် အိန္ဒိယတိုက်ငယ်သည် ကမ္ဘာကြီး ပူနွေးလာနေမှုနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုတို့၏ ဆက်စပ်ဆိုးကျိုးများဖြစ်ကြသော အင်အားပြင်းမုန်တိုင်းကြီးများ၏ ဒဏ်နှင့် ရေလွှမ်းမိုးမှုဒဏ်တို့ကို အခြားဒေသများထက် ပိုမိုကြုံတွေ့ကြရဖွယ်ရှိကြောင်း ကျွမ်းကျင်ပညာရှင်များက တွက်ချက်ထုတ်ပြန် သတိပေးထားကြသည်။ အကျယ်အဝန်းအားဖြင့် ၁၃၄၀၀၀ စတုရန်းကီလိုမီတာရှိပြီး လူဦးရေ ၁၁၂ သန်း နေထိုင်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပင်လယ်ရေမျက်နှာပြင် ငါးပေခန့် မြင့်တက်လာမည်ဆိုပါက စတုရန်းကီလိုမီတာ ၂၂၀၀၀ ကျယ်ဝန်းပြီး လူဦးရေ ၁၇ သန်းခန့် နေထိုင်လျက်ရှိသော မြေပြင်ကျယ်ကြီးမှာ ပင်လယ်ရေအောက်သို့ ကျရောက်သွားဖွယ်ရှိနေသည်။

ထို့ကြောင့်ပင် ဘင်္ဂလားဒေ့ရှ်အစိုးရသည် အမေရိကန်ဒေါ်လာ သန်း ၄၀၀၀ ကျော် ကုန်ကျမည့် သဘာဝဘေးအန္တရာယ် ထိခိုက်ခံစားရမှု လျော့ပါးသက်သာရေး စီမံကိန်းကြီးကို အလျင်အမြန်ရေးဆွဲကာ အလှူရှင်နိုင်ငံများထံမှ အကူအညီအထောက်အပံ့များ ရရှိနိုင်ရန်ကိုပါ မျှော်လင့်လျက်ရှိနေသည်။ ထိုစီမံကိန်းကြီးတွင် အရေးပေါ်ကူးသန်းသွားလာရေးအတွက် လမ်းများဖောက်လုပ်ခြင်း၊ မြေမျက်နှာပြင်များ မြှင့်တင်ခြင်း၊ တာရိုးများဖြင့် ပတ်ပတ်လည်၌ ကာရံခြင်း၊ မြစ်ကြောင်းရှင်းလင်းခြင်း၊ သစ်ပင်တောအုပ်များဖြစ်လာအောင် အုပ်စုလိုက် စိုက်ပျိုးခြင်းနှင့် ပင်လယ်ကမ်းစပ်တာပေါင်များ တည်ဆောက်ခြင်း စသည်တို့ ပါဝင်သည်။

### မျက်ခြည်မပြတ် စောင့်ကြည့်ကာကွယ်

အချုပ်အားဖြင့်ဆိုရသော် ကမ္ဘာ့ပင်လယ်ရေထုကြီးသည် လျော့နည်းခန်းခြောက်သွားမည့် အခြေအနေမျိုးမှ အလွန်တစ်ရာ အလှမ်းကွာဝေးလျက်ရှိပြီး လူတို့နေထိုင်ရာ ကုန်းမြေဒေသများဆီသို့ပင် နယ်ချဲ့ကျူးကျော်ဝင်ရောက်လာနိုင်ရန် တာစူလျက်ရှိနေသည်ကို မပေ့ါသောသတိ၊ မလျှော့သော ဇွဲလုံ့လတို့ဖြင့် မျက်ခြည်မပြတ် စောင့်ကြည့်ကာကွယ်ရင်း အခြားတစ်ဖက်ကလည်း ကမ္ဘာကြီးပူနွေးလာနေမှုနှင့် ရာသီဥတုပြောင်းလဲလာနေမှုတို့ကို တတ်နိုင်သည့်နည်းလမ်းများဖြင့် အစွမ်းကုန် တိုက်ဖျက်သွားကြရမည် ဖြစ်ပေသည်။

### မိုးခေါင်တော့လည်းမကောင်း ရေဖောင်တော့လည်းမလွယ်

၁၉၆၅ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ကာလများအတွင်းက အိန္ဒိယနိုင်ငံတစ်ဝန်း မိုးခေါင်ခဲ့မှုကြောင့် လူခြောက်သန်းခန့် အသက်ဆုံးရှုံးခဲ့ရသည်။ ကမ္ဘာပေါ်ရှိ အရပ်ဒေသအသီးသီးတို့၌ မိုးခေါင်မှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုတန်ဖိုးသည် ရေကြီးရေလျှံဖြစ်မှုများကြောင့် ပျက်စီးဆုံးရှုံးရသော တန်ဖိုးထက် ပို၍ကြီးမားသည်ကို သာမန်အားဖြင့် ဂရုပြုမိလေ့ မရှိကြပေ။ မိုးခေါင်ရေရှားဖြစ်မှုသည် ရေကြီးရေလျှံဖြစ်မှုများကဲ့သို့ ကမ္ဘာ့သတင်းမျက်နှာစာများပေါ်၌ ထင်ရှားပေါ်လွင်မှု မရှိသော်လည်း တကယ့်လက်တွေ့၌မူ မိုးခေါင်မှုဒဏ်ကြောင့် ခံစားရသော ဆိုးကျိုးများနှင့် ဆက်စပ်ဆိုးကျိုးများ၏ အတိုင်းအဆ ပမာဏက ရေကြီးရေလျှံဖြစ်မှု၏ အကျိုးဆက်များထက် ပို၍ကြီးမားကျယ်ပြန့်သည်။

မိုးခေါင်သည့်ဒေသများတွင် ရေအလုံအလောက်မရရှိသော ပြဿနာကြောင့် ဒေသခံပြည်သူများ၏ အသက်ရှင်ရပ်တည်ရေးကို ခြိမ်းခြောက်ခံနေရသည်။ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် အလယ်တောင်ကြားဒေသ၌ ကာလရှည်မိုးခေါင်မှုကြီးဖြစ်ပေါ်ခဲ့သည့်အတွက် မြေအောက်ရေများကို အားကိုးအားထားပြုခဲ့ကြရသည်။ ကယ်လီဖိုးနီးယား ပြည်နယ်၏ အရှေ့ဘက်၌ရှိသော ကမ္ဘာ့နာမည်ကျော် ရေကန်များ၌လည်း ရေများခန်းခြောက်သွားခဲ့သည်။ ဒေသခံပြည်သူများမှာ သောက်သုံးရေရရှိနိုင်သော အရပ်ဒေသများသို့ ပြောင်းရွှေ့နေထိုင်ကြရသည်အထိ ဖြစ်ခဲ့ရသည်။

ကမ္ဘာပေါ်၌ ဆဋ္ဌမမြောက်အကြီးဆုံး ရေကန်ကြီးဖြစ်သော ချဒ်ရေကန်သည် အကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ပေါင်း ၉၇၀၀ ရှိသည်။ ဆာဟာရသဲကန္တာရတောင်ပိုင်းနှင့် ကပ်လျက်၌ တည်ရှိသော ထိုရေကန်ကြီးကိုအကြောင်းပြု၍ နိုင်ဂျီးရီးယား၊ နိုင်ဂျာ၊ ချဒ်နှင့် ကင်မရွန်းစသော နိုင်ငံများ၏ စိုက်ပျိုးမွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ထိုဒေသတွင် မိုးခေါင်မှု အကြီးအကျယ် ဖြစ်ပေါ်ခဲ့သည့်အပြင် ရေဝေဒေသများမှ ချဒ်ရေကန်ကြီးဆီသို့ စီးဝင်လာသော ရေများကို ဆည်နှင့်တမံများ တည်ဆောက်ကာ ကြားဖြတ်ရယူနေကြသည့်အတွက် ချဒ်ရေကန်ကြီး၏ ရေပမာဏမှာ လက်ရှိအချိန်တွင် ၁၀ ရာခိုင်နှုန်းသာ ကျန်ရှိတော့သည်။

### မိုးခေါင်ခြင်း၏ ဆက်စပ်ဆိုးကျိုးများ

မိုးခေါင်ခြင်းကြောင့် လတ်တလောအားဖြင့် ကောက်ပဲသီးနှံများပျက်စီးဆုံးရှုံးခြင်း၊ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်ခြင်း၊ အပူဒဏ်လွန်ကဲခြင်း စသည်တို့ကို ခံစားကြရစေသလို ဆက်စပ်ဆိုးကျိုးများအဖြစ်လည်း ရေအရင်းအမြစ်များ လျော့နည်းခန်းခြောက်ခြင်း၊ မြေဆီလွှာပျက်သုဉ်းခြင်း၊ သဲကန္တာရ ကျယ်ပြန့်လာခြင်းတို့ကို ကြုံတွေ့ရစေသည်။ သာဓကအားဖြင့် တရုတ်နိုင်ငံမြောက်ပိုင်းရှိ ဂိုဘီသဲကန္တာရကြီး တဖြည်းဖြည်း ကျယ်ပြန့်လာနေခြင်းကြောင့် ယင်းနှင့် နီးကပ်စွာတည်ရှိပြီး စိုက်ပျိုးမွေးမြူရေးကို အားထားလုပ်ကိုင်ကြသော ကျေးရွာအချို့ကို ရွှေ့ပြောင်းပေးနေကြရသည်။

အရပ်ဒေသတစ်ခု၌ မိုးရေချိန်ရရှိမှုပမာဏကို အကြောင်းပြု၍ မိုးခေါင်မှုဖြစ်စဉ်ကို တိုင်းတာသတ်မှတ်ကြသည်။ ကာလအတိုင်းအတာတစ်ခုအတွင်း၌ ပုံမှန်ရွာသွန်းမြဲ မိုးရေချိန်ပမာဏအောက် များစွာလျော့နည်းရရှိခဲ့လျှင် ထိုကာလအတွင်း၌ မိုးခေါင်သည်ဟု ယေဘုယျအားဖြင့် သတ်မှတ်သည်။ ရှေးကာလကတည်းက အစဉ်အဆက် မိုးရေချိန်ရရှိမှုပမာဏနည်းပါးသောဒေသ တစ်နည်းဆိုရသော် မိုးနည်းရပ်ဝန်း ဒေသများတွင် ပုံမှန်အားဖြင့် မိုးရွာသွန်းနေကျကာလအတွင်း ရွာသွန်းမှု လုံးဝမရှိခြင်းသည်လည်း မိုးခေါင်မှုဖြစ်စဉ် ပေါ်ပေါက်နေခြင်း ဖြစ်သည်။

### မိုးခေါင်ခြင်းအကြောင်းအရင်း

မိုးရွာသွန်းမှု အလွန်နည်းပါးခြင်းဖြစ်စဉ်ကို ဖြစ်ပေါ်စေသော အကြောင်းအရင်းအခြေခံမှာ ဖိအားများသည့် လေထုပင်ဖြစ်သည်။ ဖိအားများနေသောလေထုသည် အပေါ်ဘက်သို့ မတက်ရောက်နိုင်ဘဲ အောက်ဘက်သို့ ပြန်လည်နိမ့်ဆင်း နေသည့်အတွက် မိုးအဖြစ် ရွာမချနိုင်တော့ပေ။ ဖိအားများသော လေ၏ သဘောသဘာဝအရ နီးကပ်စွာတည်ရှိနေသော တိမ်တိုက်များကို ဝေးရာဆီသို့ တွန်းထုတ်ပစ်တတ်ကြသည့်အတွက် ထိုအရပ်တွင် မိုးမရွာဘဲ တိမ်ကင်းစင်ကာ ကောင်းကင်ပြာနှင့်အတူ နေရောင်ကို ထွန်းလင်းတောက်ပစေသည်။ သာမန်အားဖြင့် အရပ်ဒေသတစ်ခု၌ရှိသော လေထု၏ဖိအားသည် နည်းလိုက်များလိုက် ဖြစ်ပေါ်တတ်သော်လည်း တစ်ခါတစ်ရံ၌မူ ထူးခြားဖြစ်စဉ်အနေဖြင့် နေ့စဉ်ရက်ဆက်ဆိုသလို ဖိအားများနေသည့်အခါ မိုးမရွာသည့်ကာလ ရှည်ကြာပြီး မိုးခေါင်မှုဖြစ်ပေါ်လာသည်။

မိုးခေါင်မှုကိုဖြစ်ပေါ်စေသည့် နောက်ထပ်အကြောင်းအရင်းတစ်ခုမှာ ပင်လယ်နှင့် သမုဒ္ဒရာရေများ အငွေ့ပျံမှုကြောင့် ဖြစ်ပေါ်လာသော ရေငွေ့အစုအဝေးသည် ပုံမှန်ရောက်နေကျ အရပ်ဒေသတစ်ခုသို့ ရောက်မလာခြင်းပင်ဖြစ်သည်။ အိန္ဒိယသမုဒ္ဒရာမှတိုက်ခတ်လာသော မုတ်သုံလေသည် သမုဒ္ဒရာရေပြင်ပေါ်မှ ရေငွေ့များကို သယ်ဆောင်ပေးခြင်းကြောင့် မြန်မာနိုင်ငံအပါအဝင် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၌ မိုးရွာသွန်းမှုကို ဖြစ်ပေါ်စေသည်။ မုတ်သုံလေတိုက်ခတ်မှုအင်အား လျော့နည်းခြင်းကြောင့် သမုဒ္ဒရာရေငွေ့များကို သယ်ဆောင်နိုင်စွမ်း ကျဆင်းသွားသည်ဖြစ်စေ၊ မုတ်သုံလေတိုက်ခတ်ရာလမ်းကြောင်း ပြောင်းလဲသွားသည်ဖြစ်စေ အဆိုပါဒေသနိုင်ငံများ၌ မိုးခေါင်မှုများ ဖြစ်ပေါ်လာတော့သည်။

တောင်စဉ်တောင်တန်းများသည်လည်း တောင်ကွယ်ရာ အရပ်ဒေသများကို မိုးခေါင်မှုဖြစ်ပေါ်စေနိုင်သည်။ ရေငွေ့များကို သယ်ဆောင်လာသောလေသည် တောင်ကိုဖြတ်ကျော်သည့်အခါ အမြင့်သို့တက်ရင်း အေးလာသည့်အတွက် မိုးအဖြစ် ရွာသွန်းကြလေ့ရှိရာ တောင်ကိုဖြတ်ကျော်ပြီးချိန်၌ ရေငွေ့နည်းသွားပြီး တောင်ကွယ်ရာအရပ်များ၌ မိုးခေါင်မှုကို ဖြစ်ပေါ်စေခြင်းဖြစ်သည်။

ပုံမှန်ရှိသင့်သည့်အနေအထားထက် ပို၍အေးမြသော သမုဒ္ဒရာရေနှင့် ပို၍ပူနွေးသော သမုဒ္ဒရာ ရေများသည်လည်း ဖိအားများသည့်လေထုကို ဖန်တီးဖြစ်ပေါ်စေသည်ဖြစ်၍ မိုးခေါင်မှုကိုဖြစ်ပေါ်စေနိုင်သည်။ သာဓကအားဖြင့် ပစိဖိတ်သမုဒ္ဒရာ၌ ဖြစ်ပေါ်လာတတ်သော အယ်လ်နီညိုရေနွေးစီးကြောင်းသည် ပစိဖိတ်သမုဒ္ဒရာ၏ အရှေ့ဘက်ခြမ်း မြောက်အမေရိကတိုက်၌ မုန်တိုင်းများကို ဖြစ်ပေါ်စေသော်လည်း အနောက်ဘက်ခြမ်းရှိ အာရှ၊ ဩစတြေးလျနှင့် အာဖရိကတိုက်၏ အရှေ့တောင်ဒေသတို့တွင် မိုးခေါင်မှုကို ဖြစ်ပေါ်စေသည်။ ထို့အတူ လာနီညာရေအေးစီးကြောင်းများကလည်း ပစိဖိတ်သမုဒ္ဒရာ၏ အရှေ့ဘက်ခြမ်းရှိ မြောက်အမေရိကတိုက်ကို မိုးခေါင်စေပြီး အာရှ၊ ဩစတြေးလျနှင့် အာဖရိကအရှေ့တောင် ဒေသတို့ကို စွတ်စိုသောရာသီဥတု ဖြစ်ပေါ်စေသည်။

တောင်လတ္တီတွဒ် ၃၀ ဒီဂရီနှင့် မြောက်လတ္တီတွဒ် ၃၀ ဒီဂရီဝန်းကျင်ဒေသများတွင် လေထုအပေါ်ယံလွှာရှိ ပူနွေးသော လေစိုင်များက အောက်ဘက်သို့ စဉ်ဆက်မပြတ် စုန်ဆင်းနေကြသည့်အတွက် ထိုအရပ်ဒေသများသည် မိုးခေါင်လွန်းသောဒေသများ ဖြစ်လာရသည်။ ထို့ကြောင့်ပင် မြောက်လတ္တီတွဒ် ၃၀ ဒီဂရီနှင့် တောင်လတ္တီတွဒ် ၃၀ ဒီဂရီဝန်းကျင်တွင် သဲကန္တာရများ ကျယ်ပြန့်စွာတည်ရှိနေကြခြင်းဖြစ်သည်။

### မိုးခေါင်စေသော ခေတ်သစ်အကြောင်းတစ်ရပ်

လွန်ခဲ့သော ရာစုနှစ်ဝက်ခန့်မှစ၍ မိုးခေါင်မှုကိုဖြစ်ပေါ်စေသော ခေတ်သစ်အကြောင်းတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ ယင်းသည်ကား ကမ္ဘာကြီး ပိုမိုပူနွေးလာနေခြင်းပင်ဖြစ်သည်။ တရိပ်ရိပ်တက်လာနေသော ကမ္ဘာ့အပူချိန်ကြောင့် ပူနွေးသောလေထုသည် မြေကြီးထဲရှိရေငွေ့များကို အဆတိုး၍ စုပ်ယူနေသောကြောင့် ကမ္ဘာ့မြေမျက်နှာပြင်ခြောက်သွေ့မှု ဖြစ်ပေါ်လာခဲ့သည်။ အကျိုးဆက်အဖြစ် ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းတွင် မိုးခေါင်မှုဖြစ်ပွားသော အရပ်ဒေသများ၏ အကျယ်အဝန်းသည် နှစ်ဆတိုးလာခဲ့သည်။ ကမ္ဘာကြီး ပို၍ပူနွေးလာနေခြင်းကြောင့် ကမ္ဘာ့မျက်နှာပြင်၏ ၃၀ ရာခိုင်နှုန်းဖြစ်သော ကုန်းမြေဒေသများပေါ်၌ဖြစ်ပေါ်သည့် မိုးခေါင်မှုဖြစ်စဉ်များတွင် ကမ္ဘာ့မျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းဖြစ်သော သမုဒ္ဒရာနှင့် ပင်လယ်ရေထုတို့က ပါဝင်ပတ်သက်လာကြတော့သည်။

ကမ္ဘာကြီး ပိုမိုပူနွေးလာနေမှုကြောင့် ၁၉၉၂ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း အိန္ဒိယသမုဒ္ဒရာရေပြင်၏ အပူချိန်သည် သုညဒသမ ၂၅ ဒီဂရီစင်တီဂရိတ် တက်လာခဲ့သည်။ အကျိုးဆက်အဖြစ် အိန္ဒိယသမုဒ္ဒရာတောင်ပိုင်းတွင် ပုံမှန်တိုက်ခတ်နေကျကုန်သည်လေများ အားပျော့သွားကာ သမုဒ္ဒရာအနက်ပိုင်းရှိ အေးသောရေများ အပေါ်သို့ ဆန်တက်လာမှု ၇၀ ရာခိုင်နှုန်းခန့် လျော့ကျသွားခဲ့သည်။ အဆိုပါဖြစ်စဉ်ကြီး နှစ်ကာလကြာရှည်စွာ ဖြစ်ပေါ်နေမည်ဆိုပါက အိန္ဒိယသမုဒ္ဒရာဝန်းကျင်ရှိ ဒေသများ၌ မိုးခေါင်လာဖွယ်ရှိသည်။ အထူးသဖြင့် အာဖရိကတောင်ပိုင်း ဒေသများ၌ ပို၍ မိုးခေါင်လာနိုင်သည့်အခြေအနေ ဖြစ်ပေါ်လာဖွယ်ရှိနေသည်။

အခြားတစ်ဖက်တွင်လည်း ပိုမိုပူနွေးလာသည့် ကမ္ဘာ့အပူချိန်ကြောင့် ရေငွေ့ပျံမှုပမာဏ ပိုမိုများပြားလာပြီး ရေသံသရာလည်ခြင်းဖြစ်စဉ်က ပို၍ မြန်ဆန်လာလျက်ရှိနေသည်။ ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ လွှတ်တင်ထားသော ရာသီဥတုစောင့်ကြည့်လေ့လာရေး ဂြိုဟ်တုများက တိုင်းတာပေးပို့ချက်များအရ ကမ္ဘာ့သမုဒ္ဒရာရေပြင်၏အပေါ်၌ရှိသော လေထုအတွင်း၌ ရေငွေ့ပါဝင်ဖွဲ့စည်းနေမှုသည် ၁၉၈၈ ခုနှစ်မှ ၁၉၉၈ ခုနှစ်အတွင်း တစ်ရာခိုင်နှုန်းမြင့်တက်လာကြောင်း တွေ့ရှိရသည်။

ကုန်းမြေဒေသများပေါ်၌မူ လေထုအတွင်း၌ ရေငွေ့ပါဝင်ဖွဲ့စည်းမှုသည် ၁၉၇၃ ခုနှစ်မှစ၍ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းခန့် တိုးလာခဲ့သည်။ ကုန်းမြေဒေသများအားလုံး မဟုတ်သော်လည်း အချို့နေရာများတွင် ၁၉၉၃ ခုနှစ်ထိတိုင် အနှစ် ၂၀ လုံးလုံး တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းခန့် မှန်မှန်ကြီး တိုးလာနေခဲ့သည်။ ယင်းကဲ့သို့ ရေငွေ့ပျံမှုပမာဏတိုးလာပြီး လေထုအတွင်း ရေငွေ့ပါဝင်ဖွဲ့စည်းမှု မြင့်တက်လာခဲ့လျှင် ကမ္ဘာ့မြေပြင်နှင့် ရေပြင်တို့အပေါ်သို့ မိုးအဖြစ်လည်းကောင်း၊ ဆီးနှင်းမိုးများအဖြစ်လည်းကောင်း ပြန်လည်ရွာချမှုပမာဏကလည်း ပို၍တိုးလာသည်။

ကမ္ဘာ့မြေပြင်ပေါ်သို့ မိုးရွာချသည့်အခါ သည်းထန်စွာ ရွာသွန်းခြင်း၊ မိုးရွာသွန်းမှု တစ်ကြိမ်နှင့်တစ်ကြိမ် နီးကပ်ခြင်း၊ မိုးသည်းထန်မှုမရှိသော်လည်း နေ့စဉ်ရက်ဆက်ဆိုသလို အဆက်မပြတ် ရွာသွန်းခြင်းများသည် ရေကြီးရေလျှံမှုများကို ဖြစ်ပေါ်စေသည်။ ရွာချနေသော မိုးရေချိန်ပမာဏ အလွန်များပြားလာသည့်အခါ ရေဝေဒေသများမှစီးဝင်လာသောမိုးရေများကို မြစ်ချောင်းများက ရေအိုင်ကြီးများဆီသို့လည်းကောင်း၊ ပင်လယ်ထဲသို့လည်းကောင်း၊ အလျဉ်းမီအောင် ပို့ဆောင်စီးဆင်းနိုင်စွမ်း မရှိတော့သည့်အတွက် မြစ်ကမ်းဘေးနှင့် ချောင်းကမ်းပါး ဒေသများ၌ ရေကြီးရေလျှံမှုကြီးများ ဖြစ်ပေါ်လာတော့သည်။

ယင်းကဲ့သို့ ရေလွှမ်းမိုးမှုများကို ဖြစ်ပေါ်စေသော မိုးရွာသွန်းမှုပုံစံသည် ၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများ၌ သိသာစွာဖြစ်ပေါ်လာခဲ့သည်။ နောက်ပိုင်းတွင်မူ ထိုဖြစ်စဉ်ဖြစ်ရပ်မျိုးကို ကမ္ဘာ့ဒေသအနှံ့အပြားတွင် တွေ့ရှိလာရသည်။ တစ်ဖက်တွင်လည်း သစ်တောပြုန်းတီးနေမှုကြောင့် စီးဆင်းလာသောရေထုကြီးကို ခုခံဟန့်တားထားနိုင်မှု မရှိတော့သည့်အတွက် ရုတ်တရက် ရေလွှမ်းမိုးမှုကို ကြုံတွေ့နေကြရသည်။ လူဦးရေတိုးပွားလာသည့်အတွက် မြို့ရွာများတိုးချဲ့ခြင်းကြောင့်လည်း မိုးရေကိုစုပ်ယူနိုင်သော မြေပြင်ဧရိယာကျုံ့သွားကာ ရေလွှမ်းမိုးမှုများကို ပို၍ဖြစ်ပေါ်လာစေသည်။ ॥

(ဆက်လက်ဖော်ပြပါမည်)

"ကမ္ဘာပေါ်ရှိ အရပ်ဒေသအသီးသီးတို့၌ မိုးခေါင်မှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုတန်ဖိုးသည် ရေကြီးရေလျှံဖြစ်မှုများကြောင့် ပျက်စီးဆုံးရှုံးရသော တန်ဖိုးထက် ပို၍ကြီးမားသည်ကို သာမန်အားဖြင့် ဂရုပြုမိလေ့မရှိကြပေ။ မိုးခေါင်ရေရှားဖြစ်မှုသည် ရေကြီးရေလျှံဖြစ်မှုများကဲ့သို့ ကမ္ဘာ့သတင်းမျက်နှာစာများပေါ်၌ ထင်ရှားပေါ်လွင်မှု မရှိသော်လည်း တကယ့်လက်တွေ့၌မူ မိုးခေါင်မှုဒဏ်ကြောင့် ခံစားရသော ဆိုးကျိုးများနှင့် ဆက်စပ်ဆိုးကျိုးများ၏ အတိုင်းအဆ ပမာဏက ရေကြီးရေလျှံဖြစ်မှု၏ အကျိုးဆက်များထက် ပို၍ ကြီးမားကျယ်ပြန့်သည်"

# ရင်းနှီးမြှုပ်နှံမှု၊ စက်ပစ္စည်းနှင့် နည်းပညာများ ပံ့ပိုးပေးရန် လျှော်ဖြူစိုက်သူများ မျှော်လင့်

**မကွေး ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီးအတွင်းရှိ လျှော်ဖြူစိုက်ပျိုးသူများနှင့် မကွေးတိုင်းဒေသကြီး အစိုးရ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတို့မှ တာဝန်ရှိသူများ တွေ့ဆုံ၍ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး ဆွေးနွေးပွဲတစ်ရပ်ကို မကွေးမြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် လျှော်ဖြူစိုက်ပျိုးသူများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲတွင် လျှော်ဖြူစိုက်ပျိုးသူများ၏ ပြောကြားချက်များအရ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု၊ စက်ပစ္စည်းနှင့် နည်းပညာများကို နိုင်ငံတော်မှ ပံ့ပိုးပေးနိုင်ရန် မျှော်လင့်နေကြကြောင်း သိရသည်။

"လျှော်ဖြူပင်ဟာ ရေဝပ်တဲ့ နေရာကလွဲပြီး မြေနေရာမရွေး စိုက်ပျိုးနိုင်တဲ့အတွက် ဆီထွက်သီးနှံနဲ့ သီးပင်စားပင်များ စိုက်ပျိုးဖြစ်ထွန်းခြင်းမရှိတဲ့ မြေမျိုးတွေမှာ အများအပြား စိုက်ပျိုးအောင်မြင်နေတာကို တွေ့ရပါတယ်၊ မကွေးတိုင်းဒေသကြီးမှာတော့ ယနေ့အထိ မြေဧက ၅၀၀၀ ကျော်မှာ အပင်ရေ ခြောက်သိန်းနဲ့အထက် စိုက်ပျိုးပြီးဖြစ်တယ်လို့ သိရှိရပြီး တိကျတဲ့ စာရင်းဇယားအချက်အလက်များရရှိဖို့ ဆောင်ရွက်လျက်ရှိပါတယ်"ဟု တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သိန်းက ပြောသည်။

မကွေးတိုင်းဒေသကြီးအစိုးရအနေဖြင့်လည်း SME ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ပူးပေါင်းပြီး SME ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် လျှော်ဖြူကို ဒေသထွက်ကုန်တစ်ရပ်အဖြစ် ပေါ်ထွက်လာရန် မျှော်လင့်လျက်ရှိပြီး လျှော်ဖြူစိုက်သူများ၏ အခက်အခဲများကို သိရှိ၍ အကူအညီပေးနိုင်ရန် စိုက်ခင်းများအရောက်သွားရောက်ကြည့်ရှု တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့ဖြင့်လည်းကောင်း လျှော်ဖြူစိုက်ပျိုးသူများအနေဖြင့် ဒေသတွင်းရှိ ကာကွယ်တောများတွင် မြေဧက ၅၀ အထိ လျှောက်ထားရယူနိုင်ကြောင်း၊ တိုင်းဒေသကြီးမှ ခွင့်ပြုပေးနိုင်ပြီး ပေါင်းစပ်ကူညီပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် လျှော်ဖြူစေး ရောင်းဝယ်ရေး လုပ်ငန်းများသည် လွန်ခဲ့သော ဆယ်စုနှစ်များစွာကတည်းကပင် ရှိခဲ့ပြီး မြန်မာနိုင်ငံ၌ လျှော်ဖြူစေးကို ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ ဖာလူဒါ၊ ရေခဲမုန့် စသည့် စားသောက်ကုန်များ ထုတ်လုပ်ရာတွင် သုံးစွဲကြကာ ပြည်ပနိုင်ငံများတွင်မူ စားသောက်ကုန်လုပ်ငန်းများ သာမက အလှကုန်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းများ၊ ရက်ကန်း အထည်အလိပ် လုပ်ငန်းများနှင့် ဂျပန်နိုင်ငံတွင် ကားမှန်ထုတ်လုပ်သည့် လုပ်ငန်းများတွင်ပါ အသုံးပြုကြောင်း သိရသည်။

မြန်မာနိုင်ငံအနှံ့အပြားတွင် အခြားသစ်ပင်များနှင့် ရောနှောပေါက်ရောက်လျက်ရှိပြီး မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများတွင် အများဆုံးတွေ့ရသည့် နှစ်ရှည်ပင်တစ်မျိုးဖြစ်သည့် လျှော်ဖြူပင်မှာ ယခုအခါ သစ်တောများပြုန်းတီးခြင်းနှင့်အတူ သဘာဝလျှော်ဖြူပင်များ တဖြည်းဖြည်း ရှားပါးလာပြီး လျှော်ဖြူပင်မှ ထုတ်ယူရရှိသည့် လျှော်ဖြူစေးမှာ ဈေးကွက်အတွင်း ဝယ်လိုအားကောင်းနေသောကြောင့် တစ်ပိုင်တစ်နိုင် လျှော်ဖြူစိုက်ပျိုးသူများနှင့် စီးပွားဖြစ်စိုက်ခင်း တည်ထောင်စိုက်ပျိုးသည့် တောင်သူများ များပြားလာလျက်ရှိသည်။

လက်ရှိအချိန်တွင် မြန်မာ့လျှော်ဖြူသည် နိုင်ငံခြားမှ ဝယ်လိုအားကောင်းသည့် ကုန်ပစ္စည်းဖြစ်နေပြီး ဈေးကောင်းရနေသည့်အတွက် စိုက်ပျိုးမှု၊ အပင်ထိန်းသိမ်းမှု၊ အစေးထုတ်ယူမှုများ ပိုမိုတိုးတက်လာအောင် နည်းပညာများအပြင် ဈေးကွက်ဖော်ဆောင်နိုင်ရန်အတွက် လိုအပ်ချက်များကို နိုင်ငံတော်မှ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန်နှင့် လျှော်ဖြူစေးကို ကုန်ကြမ်းအဖြစ် တင်ပို့ရုံသာမက တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု၊ စက်ပစ္စည်းနှင့် နည်းပညာအကူအညီများကိုပါ နိုင်ငံတော်မှ ပံ့ပိုးပေးနိုင်ရန် လျှော်ဖြူစိုက်သူများက မျှော်လင့်လျက်ရှိသည်။

**သန်းနိုင်ဦး(ငဖဲ)**





# ကျိုက္ကလွန်ပွန်းစေတီတော် စိန်ဖူးတော်တင်လှူပွဲ ကျင်းပမည်

**ဓနုဖြူ ဖေဖော်ဝါရီ ၂၁**

ဓနုဖြူမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ကျိုက္ကလွန်ပွန်း စေတီတော်မြတ်ကြီး၏ တပေါင်းလပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီး၌ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် စူဠဘွဲ့နှင်းသဘင်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲများကို ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်ရက်အတွင်း စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူခြင်းအပြင် ပျော်ပွဲရွှင်ပွဲများအဖြစ် ဇာတ်ပွဲ၊ ဈေးရောင်းပွဲများလည်း ပါဝင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင်လည်း ကြွရောက်အလှူခံမည့် သံဃာတော် ၁၁၁ ပါးအား ပါဝင်လှူဒါန်း ကုသိုလ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်သူဟိဏ်း(ဓနုဖြူ)**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီး ကွင်းဆင်းစစ်ဆေး

**မယ်စဲ့ ဖေဖော်ဝါရီ ၂၁**

ကယားပြည်နယ် မယ်စဲ့မြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူနှင့် တာဝန်ရှိသူများ ဖေဖော်ဝါရီ ၁၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ ပြည်နယ်ဝန်ကြီးသည် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ပြည်နယ်ဆည်မြောင်းနှင့် ရေအရင်းအမြစ်အသုံးချမှု ဦးစီးဌာနမှူး၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မယ်စဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့် မြို့နယ်တာဝန်ရှိသူများနှင့်အတူ မယ်ဆည်နမ်ရေလွှဲဆည်နှင့် ရေပေးမြောင်း ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု၊ နန့်မန်းရေလွှဲဆည်နှင့် ရေပေးမြောင်း တည်ဆောက်နေမှု အခြေအနေ၊ နန့်မန်း-ဘီပီ (၁၃) လမ်းပိုင်းကို ၃၄ ပေအကျယ် လမ်းတာချဲ့ခြင်းနှင့် ၁၈ ပေအကျယ် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း၊ နန့်မန်း-ဝမ်ကန်-ပန်တိန်း-မယ်ဆည်နမ် ၄၀၀ ဗို့ဓာတ်အားလိုင်းတိုးချဲ့ခြင်းလုပ်ငန်း၊ တိုးချဲ့လူနာနှစ်ထပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်း၊ မယ်ဆည်နမ်-ဟိုဂျစ် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့် နန့်ပိန်းလင်-မယ်ဆည်နမ်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများက လက်ရှိလုပ်ငန်း ဆောင်ရွက်မှုများကို တင်ပြကာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်စွက်မှာကြားခဲ့သည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ပန်းကုံးစိုက်ပျိုးရေးသုတေသနခြံတွင် ဆောင်းသီးနှံများ စိုက်ပျိုးပြသ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက သုတေသနပြုဖော်ထုတ်ကာ လက်ရှိမျိုးများထက် အထွက်နှုန်းပိုမိုကောင်းမွန်ပြီး ရောဂါပိုးမွှားဒဏ်ခံနိုင်သော မျိုးသစ်များကို ဒေသခံတောင်သူများ ရွေးချယ်၍ ပြောင်းလဲစိုက်ပျိုးနိုင်ရန် ပန်းကုံးစိုက်ပျိုးရေးသုတေသနခြံ၌ ဆောင်းသီးနှံများ စိုက်ပျိုးထားကာ ဂျုံနှင့် ကုလားပဲစိုက် တောင်သူများအနေဖြင့် ရေမြေရာသီဥတုနှင့်ကိုက်ညီ၍ ရောဂါဒဏ်ခံနိုင်သည့်အပြင် အထွက်နှုန်းကောင်းမွန်သည့် မျိုးသစ်များကို စိတ်ကြိုက်ရွေးချယ်နိုင်ရန် ရည်ရွယ်၍ ဆောင်းသီးနှံပြပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က အဆိုပါ သုတေသနခြံ၌ ကျင်းပခဲ့သည်။

ဆောင်းသီးနှံပြပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ဒေသခံတောင်သူများအနေဖြင့် မျိုး၊ မြေ၊ ပိုးမွှားရောဂါနှင့် ပတ်သက်၍ သိရှိလိုသည်များကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ တည်ရှိသော စိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ပျိုးရေးသုတေသနခြံများသို့ သွားရောက်မေးမြန်းနိုင်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် တောင်သူများ သုံးဦးသုံးဖလှယ် လက်တွဲညီညီ ပူးပေါင်းခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍကြီး အရှိန်အဟုန်မြင့်စွာ တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးသုတေသန(ရုံးချုပ်)၌ ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများကို တောင်သူများအနေဖြင့် လာရောက်လေ့လာရန် ဖိတ်ခေါ်ကြောင်း ပြောကြားသည်။

ထို့နောက် ကွင်းအတွင်းပြသထားသည့် ဂျုံ၊ ကုလားပဲမျိုးများနှင့် ပတ်သက်သည်များ၊ တောင်သူများအနေဖြင့် အမှတ်ပေးရွေးချယ်ရန် စည်းကမ်းချက်များကို တာဝန်ရှိသူများက တောင်သူများအား ရှင်းလင်းပြသပြီး ပြသထားသည့် မျိုးသစ်များကို တောင်သူများက လိုက်လံကြည့်ရှုကာ မိမိတို့စိတ်ကြိုက်မျိုးများကို ရွေးချယ်ခဲ့ကြသည်။



တောင်သူများအနေဖြင့် သုတေသနခြံတွင် ပြသထားသည့် ဂျုံမျိုး ၁၀ မျိုးအနက် အသက် ရက် ၁၅၀ ရှိ၍ တစ်ဧကအထွက်နှုန်း ၄၀ မှ ၄၅ တင်းနှုန်း ထွက်ရှိကာ ခြောက်သွေ့ဒဏ်နှင့် ရောဂါဒဏ် ခံနိုင်သည့် 20th SAWYT-11 ဂျုံမျိုးကိုလည်းကောင်း၊ ကုလားပဲအနီမျိုး ငါးမျိုးအနက် တစ်ဧကအထွက်နှုန်း ၃၅ မှ ၃၇ တင်း ထွက်ရှိကာ ညှိုးသေရောဂါဒဏ်ခံနိုင်သော သက်လတ်အထွက်ကောင်းမျိုးဖြစ်သည့် ICCV - 12110 မျိုးကိုလည်းကောင်း၊ ကုလားပဲအဖြူမျိုး လေးမျိုးအနက် တစ်ဧကအထွက်နှုန်း ၃၀ မှ ၃၈ တင်း ထွက်ရှိကာ ညှိုးသေရောဂါဒဏ်ခံနိုင်သော သက်လတ်အထွက်ကောင်းမျိုးဖြစ်သည့် ICCV-12301 မျိုးကိုလည်းကောင်း ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

# မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်း နယ်လှည့်ဆောင်ရွက်ပေးမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၈ ခုနှစ် မတ်လအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးကြော်ငြာအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | တပ်ကုန်း |
| ၂။ | ကချင်ပြည်နယ် | ဟိုပင်၊ ရွှေကူ |
| ၃။ | ကရင်ပြည်နယ် | လှိုင်းဘွဲ့၊ ဘုရားသုံးဆူ |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ကနီ၊ ခင်ဦး |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | သရက်ချောင်း၊ ပုလော |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ကျောက်တံခါး၊ ပေါင်းတည်၊ လက်ပံတန်း |
| ၇။ | မကွေးတိုင်းဒေသကြီး | ချောက်၊ မင်းတပ်၊ ဂန့်ဂေါ၊ မတူပီ၊ စလင်း၊ အောင်လံ၊ မင်းလှ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | မတ္တရာ၊ ညောင်ဦး၊ ပျော်ဘွယ် |
| ၉။ | မွန်ပြည်နယ် | ရေး |
| ၁၀။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ၊ ရမ်းဗြဲ |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး၊ ဒလ |
| ၁၂။ | ရှမ်းပြည်နယ် | လင်းခေး၊ ကွတ်ခိုင် |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ငပုတော၊ ညောင်တုန်း၊ ဇလွန်၊ ဘိုကလေး |

**မြန်မာ့အလင်း**

# ကမ်းပြိုကျမှုကာကွယ်ရေး ကျောက်စီမြေထိန်းနံရံ ဆောက်လုပ်မှုကို ကွင်းဆင်းစစ်ဆေး

**တနင်္သာရီ ဖေဖော်ဝါရီ ၂၁**

တနင်္သာရီမြို့နယ် ပဝကျေးရွာ၌ ချောင်းရေတိုက်စားမှုကြောင့် ကမ်းပြိုကျမှု ကာကွယ်ရေးအတွက် ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ တည်ဆောက်ရေးလုပ်ငန်းကို တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ပြီးစီးမှုအခြေအနေကို မြို့နယ်တည်ဆောက်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

မြို့နယ်တည်ဆောက်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်နှင့် ကော်မတီဝင်များဖြစ်သော မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ)၊ မြို့နယ်စည်ပင်သာယာအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

အဆိုပါ ကျောက်စီမြေထိန်းနံရံလုပ်ငန်းကို တနင်္သာရီတိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၁၅၀ အကုန်ကျခံ၍ ပဝကျေးရွာအရှေ့ မျက်နှာစာ တစ်လျှောက် ပေ ၂၂၂၀ တွင် တည်ဆောက်သွားမည်ဖြစ်ကာ အခြေပြုဘိုးပိုင်၏ အချင်းမှာ ၀ ဒသမ ၅၆ မီတာနှင့် မြေဝင်အနက် ပေ ၂၀ ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် လုပ်ငန်းဆောင်ရွက်မှုများမှာ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# နှစ်ပေါင်း ၂၀၀ ကျော်သက်တမ်းရှိ မြို့ကုန်းဘုရား သမိုင်းစာအုပ် ပြုစုလျက်ရှိ

**မလှိုင် ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် နွားကန်တိုက်နယ် မြို့ကုန်းကျေးရွာ၌ သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် နှစ်ပေါင်း ၂၀၀ ကျော် သက်တမ်းရှိပြီဖြစ်သော မြို့ကုန်းဘုရား၏ ဘုရားသမိုင်းစာအုပ် ပြုစုလျက်ရှိကြောင်း သိရသည်။

နွားကန်တိုက်နယ် ဒေသအခေါ်အဝေါ် ဒိုင်နှစ်ဆယ် ပတ်လည်ရှိ ဆရာတော် သံဃာတော်များ၏ ညွှန်ကြားချက်အရ ရပ်မိရပ်ဖများ၊ ဂေါပကများနှင့် နွားကန်တိုက်နယ် နွားကန်ရဲကင်းစခန်းမှူးတို့ ပူးပေါင်း၍ ရှေးဟောင်းသုတေသန ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) စာရေးဆရာ မင်းဘူး ဦးအောင်ကြိုင်နှင့် စာရေးဆရာ ဦးတင်လှိုင် (မိတ္ထီလာ)တို့က မြို့ကုန်းဘုရားသမိုင်းစာအုပ်ကို ယခု ဖေဖော်ဝါရီ ၁၇ ရက်မှ စတင်ပြုစုနေခြင်းဖြစ်ကြောင်း သိရသည်။

နွားကန်တိုက်နယ် ရဲစခန်းမှူး ရဲအုပ်အေးမင်းက "ကျွန်တော်တာဝန်စကျတဲ့နှစ် ဘုရားပွဲမှာ ဆရာတော်ကို မေးမြန်းလျှောက်ထားမိတယ်၊ ဘုရားသမိုင်းစာအုပ်ရှိလားဆိုတော့ ဆရာတော်က မရှိဘူးတဲ့၊ အဲဒီကတည်းက ဒီမြို့ကုန်းဘုရားမှာ ဘုရားသမိုင်းစာအုပ် ရှိစေချင်ခဲ့တာပါ။ အဲဒီနောက်မှာ တာဝန်အလုပ်တစ်ဖက်နဲ့ဆိုတော့ နည်းနည်းတော့ နှောင်းသွားပါတယ်၊ ကျွန်တော်ခင်တဲ့ စာပေသမားတစ်ဦးနဲ့ ညှိနှိုင်းတော့ ဖြစ်အောင်လုပ်မယ်ဆိုတဲ့စိတ်နဲ့ ရွာမှာရှိတဲ့ ဆရာတော်တွေ ရပ်မိရပ်ဖဂေါပကအဖွဲ့နဲ့ညှိနှိုင်းပြီး စာပေသမားအကူအညီနဲ့ ခုလို မြို့ကုန်းဘုရားသမိုင်းစာအုပ်ကို ပြုစုဖို့ဆောင်ရွက်တာပါ"ဟု ပြောသည်။

မြို့ကုန်းဘုရားမှာ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ဘုရားခြေတော်ရာ၊ မြို့ရိုးများရှိနေသည့်အပြင် ပေ၊ ပုရပိုက်များအရ ၁၈ ရာစု ကုန်းဘောင်ခေတ်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပေ၊ ပုရပိုက်များမှာ မြန်မာသက္ကရာဇ် ၁၁၉၉ ခုနှစ် ညောင်အုပ်မြို့ဟု သုံးစွဲထားခြင်းကြောင့် ကုန်းဘောင်ခေတ် မြို့ဟောင်းဖြစ်ကာ နှစ်ပေါင်းနှစ်ရာကျော် သက်တမ်းရှိပြီဖြစ်ကြောင်း ရှေးဟောင်းသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆရာ မင်းဘူး ဦးအောင်ကြိုင်က သုံးသပ်ပြောကြားသည်။

မြို့ကုန်းကျောင်း ဆရာတော်ကလည်း အဆိုပါ သမိုင်းစာအုပ်ပြုစုမည့်ကိစ္စနှင့် ပတ်သက်၍ ဒကာများ၏ လုပ်ဆောင်ချက်အပေါ် သဘောတူ ထောက်ခံကြောင်းနှင့် အတိုင်းမသိ ဝမ်းသာကြောင်း မိန့်ကြားသည်။



မြို့ကုန်းဘုရားသည် မူလက ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၃၀၀ ခန့်က သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သော စေတီပေါင်း ရှစ်သောင်းလေးထောင်၊ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင် အနက် တစ်ဆူဖြစ်နိုင်ပြီး သီရိဓမ္မာသောကမင်းကြီး တည်ထားသော ရွှေမုဋ္ဌောစေတီဖြစ်နိုင်ကြောင်း၊ သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရွှေမုဋ္ဌောစေတီတော်အား မြို့ကုန်းကျေးရွာ မြို့ကုန်းကျောင်းဆရာတော်များက ငုံ၍ အသစ်ပြုပြင် မွမ်းမံတည်ဆောက်ခဲ့ခြင်းကြောင့် ယခုအခါ စေတီတော်ကို ဉာဏ်တော်ပိုမိုမြင့်မားစွာဖြင့် ယခုခေတ်လက်ရာများဖြင့် ဖူးတွေ့ရကြောင်း၊ ပုဂံမြို့၌လည်း ထိုသို့ ရှေးဟောင်းစေတီများကိုငုံ၍ ပြန်လည်ပြုပြင်သည့်ဘုရားအရေအတွက် ငါးဆယ်ခန့်ရှိကြောင်း ဆရာမင်းဘူးဦးအောင်ကြိုင်ထံမှ သိရသည်။

**ဘိုဘို(မလှိုင်)**

---



## တိုင်းရင်းသားပြည်သူများအား အသိပညာပေးဟောပြော

**ကျောက်တလုံးကြီး ဖေဖော်ဝါရီ ၂၁**

ကျောက်တလုံးကြီးမြို့ နောင်ပစ်ကျေးရွာအုပ်စုနေ တိုင်းရင်းသားပြည်သူများ အသိပညာဗဟုသုတ တိုးပွားလာစေရန်အတွက် ကျောက်တလုံးကြီးမြို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်း၍ အသိပညာပေး ဟောပြောပွဲကို နောင်ပစ်ကျေးရွာအုပ်စု ဝင်းယကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီ ၁၉ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကျောက်တလုံးကြီးမြို့နယ်မြေရဲစခန်းမှ ရဲအုပ်အောင်မျိုးလွင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း၊ မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးဟိန်းဇော်က မီးဘေးလုံခြုံရေးအကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးကြီးဒဲရယ်က စာဖတ်ခြင်း အလေ့အကျင့်ကောင်းများ ရရှိစေရေးနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရှင်သန်ဖွံ့ရေးအကြောင်း စသည်တို့ကို ဆွေးနွေးဟောပြောကြပြီး ဒေသခံတိုင်းရင်းသားပြည်သူများက သိလိုသည်များကို ပြန်လည်မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

---

## ပိုက်ကျော်ခြင်းဝါသနာရှင်များက ကြီးမှူးကျင်းပသည့် 2C ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၂၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ ကွင်းရပ် ရပ်ကွက် ကျောက်မီးသွေးရုံလမ်းထောင့်၌ ဖေဖော်ဝါရီ ၁၉ ရက်က မော်လမြိုင်မြို့ပေါ်ရှိ ပိုက်ကျော်ခြင်းဝါသနာရှင်များက ကြီးမှူးကျင်းပသည့် 2C ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပခဲ့သည်။

" ဒါဟာ ကျွန်တော်တို့ ပထမဦးဆုံး ကျင်းပတာပါ။ မွန်ပြည်နယ်အတွင်းမှာရှိတဲ့ ပိုက်ကျော်ခြင်း အားကစားသမားကောင်းတွေ ပေါ်ထွက်လာစေဖို့နဲ့ မျိုးဆက်သစ်ရွက်ပုန်းသီး အားကစားသမားတွေ ပေါ်ထွက်လာစေဖို့အတွက် လုပ်ရခြင်းဖြစ်ပါတယ်" ဟု ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ကိုစိုးက ပြောသည်။

ပြိုင်ပွဲကို အသင်း ၃၃ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပထမဆုကို ငွေကျပ်သုံးသိန်း၊ ဒုတိယဆုကို ငွေကျပ်နှစ်သိန်း၊ တတိယဆုကို ငွေကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုကို ငွေကျပ်ငါးသောင်း ဆုချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်း(မော်လမြိုင်)**

---

## မီးဘေးကာကွယ်ရေး သရုပ်ပြ

**မင်္ဂလာတောင်ညွန့် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရထားရဲတပ်ဖွဲ့၊ အမှတ် ၁၃ တပ်ခွဲမှူးရုံး၊ တပ်စု (၂) (မလွှကုန်း) တပ်စုဝန်းအတွင်း ဖေဖော်ဝါရီ ၂၀ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုဦးစီးမှူး ဦးလှမြင့် ဦးစီးပါ ငါးဦး၊ မီးသတ်ယာဉ်တစ်စီးနှင့်အတူ တပ်စုမှူး ရဲအောင်ကျော်ဦးပါ တပ်ဖွဲ့ဝင်များနှင့် မိသားစုတို့အား အရေးပေါ် မီးလောင်မှုဖြစ်ပွားပါက မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း သရုပ်ပြခြင်း၊ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

---

## မန္တလေးမြို့တော်စည်ပင်က ဝယ်ယူထားသည့် အမှိုက်သိမ်းယာဉ်နှင့် နုန်းသယ်ယာဉ်များ ရောက်ရှိလာ

**မန္တလေး ဖေဖော်ဝါရီ ၂၁**

မန္တလေးမြို့တော် သန့်ရှင်းလုပရေး လုပ်ငန်းများကို အားဖြည့်လုပ်ဆောင်နိုင်ရန် မြို့တော်စည်ပင်သာယာရေး ကော်မတီက ဝယ်ယူထားသည့် ယာဉ်များအနက် အမှိုက်သိမ်းယာဉ် ခြောက်စီးနှင့် နုန်းသယ်ယာဉ် ခြောက်စီး အသစ်ထပ်မံရောက်ရှိလာရာ ဖေဖော်ဝါရီ ၁၉ ရက်က အဆိုပါယာဉ်များကို မိတ်ဆက်ပြသခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်ဇေယျက အဆိုပါယာဉ်များကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ် ၂၅၃၂၉ သိန်း အကုန်အကျခံ၍ ဝယ်ယူခြင်းဖြစ်ပြီး အမှိုက်သိမ်းယာဉ်၊ နုန်းသယ်ယာဉ်နှင့် အခြားယာဉ်များ စုစုပေါင်း ယာဉ်အစီး ၅၀ ဖြစ်ကာ ယခင်သုံးစွဲနေသည့် ကားများနေရာတွင် အစားထိုးသုံးစွဲရန် ဝယ်ယူထားခြင်းဖြစ်ကြောင်း၊ လာမည့် ၂၀၁၈-၂၀၁၉ ခြောက်လတာဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေမှ ကျပ် ၂၄၇၅ သိန်းကျော် အသုံးပြု၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ယာဉ်နှင့် ယန္တရား ၃၃ စီးကို ထပ်မံဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

"ယခုရောက်ရှိလာတဲ့ ကားတွေကို သန့်ရှင်းရေးဌာနမှာ သုံးစွဲသွားမှာဖြစ်ပါတယ်၊ TC အမှိုက်သိမ်းယာဉ်တစ်စီးကို ၂၂၇ သိန်းနဲ့ RC အမှိုက်သိမ်းယာဉ်တစ်စီးကိုတော့ ၂၃၅ သိန်း ပေးရပါတယ်၊ နုန်းသယ်ယာဉ်တစ်စီးကို ပျမ်းမျှ ၂၅၇ သိန်းနှုန်းနဲ့ ဝယ်ယူထားပြီး တရုတ်နိုင်ငံက နာမည်ရှိတဲ့ ကားတွေကို အများဆုံး ဝယ်ထားတာပါ၊ ဂျပန်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံထုတ်ကားတွေလည်း ပါတယ်၊ ဝယ်ယူမှုမှာလည်း ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူပြီး ဝယ်ယူတာဖြစ်ပါတယ်၊ လက်ရှိယာဉ်တွေနဲ့ မန္တလေး ခြောက်မြို့နယ် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ဖို့ လုံလောက်မှုရှိပါတယ်"ဟု ၎င်းက ဆက်ပြောသည်။



ယခင်အသုံးပြုခဲ့သော ယာဉ်များမှာ ကြံ့ခိုင်မှု အားနည်းလာခြင်းကြောင့် ခေတ်နှင့်အညီ ထုတ်လုပ်ထားပြီး လုပ်ငန်းတွင်ကျယ်စွာ ဆောင်ရွက်နိုင်မည့် ယာဉ်များကို ဘဏ္ဍာနှစ်အလိုက် အစားထိုး ဝယ်ယူအသုံးပြုလျက်ရှိကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှ ဒုတိယဌာနမှူး ဦးမောင်မောင်မြင့်က ပြောသည်။

"ကျွန်တော်တို့ ဌာနမှာ ထိန်းသိမ်းရေးနဲ့ ပြုပြင်ရေးဆိုပြီး ဌာနခွဲနှစ်ခု ရှိပါတယ်၊ မြို့နယ် ခြောက်မြို့နယ်မှာလည်း မြို့နယ်အလိုက် တာဝန်ခံအင်ဂျင်နီယာတွေ ထားရှိပြီး ပျက်စီးတဲ့ ယာဉ်တွေကို နေ့စဉ်သတင်းပို့စနစ်နဲ့ အစားထိုးယာဉ်ပေးနိုင်ဖို့ ဆောင်ရွက်နေသလို ပျက်နေတဲ့ယာဉ်ကို ဌာနရဲ့ Workshop မှာ ပြင်ဆင်ပေးနေပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်လည်း ငွေကျပ်သိန်းပေါင်း ၂၇၆၇၇ သိန်း အကုန်အကျခံ၍ ယာဉ်၊ ယန္တရားပေါင်း ၄၇ စီး ဝယ်ယူထားကြောင်းနှင့် အဆိုပါယာဉ်များကို မြို့နယ် ခြောက်မြို့နယ်မှ အမှိုက်အများဆုံးထွက်ရှိသည့် မြို့နယ်များတွင် သန့်ရှင်းရေးဌာန၏ ကြီးကြပ်မှုဖြင့် ခွဲဝေအသုံးပြုနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

## ဒေသဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရန် လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ဂန့်ဂေါ ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်တွင် ၂၀၁၈-၂၀၁၉ ခုနှစ် ဒေသန္တရဖွံ့ဖြိုးရေး ခရိုင်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂/၂၀၁၈ ကို ဖေဖော်ဝါရီ ၁၉ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်က အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးမှူး ဒေါ်မြင့်မြင့်ဝေက ဒေသန္တရစီမံကိန်း အဆိုပြုချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်တို့မှ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌများ၏ စီမံကိန်းအဆိုပြုချက်များနှင့် စပ်လျဉ်း၍ တင်ပြချက်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများ၏ တင်ပြချက်များကို ပြန်လည်ဆွေးနွေးသည်။

**၁၀၁**

---

ပွင့်လင်းရာသီ ရောက်လာပြီဖြစ်၍ နေပြည်တော် တပ်ကုန်းမြို့တွင် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို မီးသတ်ဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၉ ရက်က တပ်ကုန်းမြို့မဈေးကြီးအတွင်း မီးဘေးကာကွယ်ရေးအတွက်စစ်ဆေးခြင်း၊ ဈေးသူ ဈေးသားများအား ဟောပြောခြင်းများ ဆောင်ရွက်ပြီးနောက် မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို ဈေးသူဈေးသားများအား သရုပ်ပြစဉ်။

တင်ထွန်းတာ(တပ်ကုန်း)



# စိန်ခေါ်မှုများနှင့် ရှေ့ခရီး



**မြင့်ထွေး(ဟိုတယ် / ခရီး)**

ကျွန်တော်တို့ မြောက်ပြန်လေကို စောင့်စားခဲ့ကြပြီး မြောက်ပြန်လေနှင့်အတူ ခိုဝင်ပါရှိလာမည့် နှင်းမှုန်လေးများကိုလည်း နှစ်သက်မြတ်နိုးကာ ကဗျာများရေးဖွဲ့မိကြသည်။ သည်လိုနှင့် တဖွဲဖွဲကျလာတော့မည့်နှင်းများအကြား မီးပုံဝိုင်းဖွဲ့ကာ အတူကခုန်ကြမည့် နေ့ရက်များကိုလည်း မျှော်လင့်မိပြန်သည်။ ပြီးလျှင်တော့ လေပွေ့ရှူးနှင့် လိုက်ပါပျံ့ဝဲနေသော ရော်ရွက်နောက် စိတ်ကူးလွင့်ရာစီးမျောရင်း ရွက်နုသစ်များကို ငေးမောကြမည်။ သာယာနွေးထွေးသော နေရောင်၊ ကြည်ပြာသော ကောင်းကင်၊ စိမ်းလဲ့တည်ငြိမ်သော ရေပြင်တို့နှင့်လိုက်ဖက်စွာ ရောင်စုံဖူးပွင့်ကာ အပြိုင်အဆိုင်လှပကြမည့် ရန့်သင်းထုံသော ရာသီပန်းကလေးများကိုလည်း ကြိုဆိုကြသည်။

အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီသည်အချိန်၊ သည်ကာလများသည် ကျွန်တော်တို့အတွက် အကောင်းမွန်ဆုံး၊ အသင့်တော်ဆုံးသော ခရီးသွားရာသီကာလများဖြစ်သဖြင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးမည်သည့်ဒေသမဆို သွားလာလည်ပတ်နိုင်သော အခွင့်အလမ်းတစ်ရပ်ကို ပိုင်ဆိုင်ထားမှုကြောင့် သည်ရာသီချိန်ကို ခရီးသွားလုပ်ငန်းနှင့် ဆက်နွှယ်သော သူများအားလုံး ယုံကြည်မှု ပိုမိုထားရှိကာ ကြိုတင်ပြင်ဆင်စောင့်စားမျှော်လင့်ကြသည်။ လျှပ်စီးလက်၊ ထစ်ချုန်းမိုးကြိုးများနှင့်အတူ မိုးရွာသွန်းသည့် ကာလများဖြစ်သည့် မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင်လည်း နိုင်ငံတကာခရီးသွားဧည့်သည်များ ဝင်ရောက်လည်ပတ်လာစေရန်အတွက် လေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ခရီးသွားကုမ္ပဏီများမှ ဈေးနှုန်းလျှော့ချခြင်း၊ မက်လုံးပေးခြင်း၊ ဆွဲဆောင်မှုအစီအစဉ်များ ထည့်သွင်းခြင်း၊ လည်ပတ်နိုင်သော ဒေသများကို ကြော်ငြာအသိပေးခြင်း စသည့်ခရီးစဉ်မြှင့်တင်ခြင်းများကို ဝန်ကြီးဌာနနှင့် ဆက်နွှယ်သော မိတ်ဖက်အသင်းအဖွဲ့များက ကြိုးပမ်းဆောင်ရွက်ကြသည်။

## ယုံကြည်မျှော်လင့်ခြင်း

ခရီးသွားလုပ်ငန်းသည် ပြည်သူလူထုအား အချိန်တိုအတွင်း အထိရောက်ဆုံး၊ အလျင်မြန်ဆုံး အကျိုးပြုသည်ကို နိုင်ငံတကာ၏ ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများအရလည်းကောင်း၊ မိမိတို့နိုင်ငံ၏ လက်တွေ့အကျိုးရလဒ်များကြောင့်လည်းကောင်း ယခုအခါခရီးသွားလုပ်ငန်းအား နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍတွင်ပါဝင်အကျိုးပြုကြောင်း ထည့်သွင်းပြောကြားကာ အသိအမှတ်ပြုလာကြသည်သာမက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ကာ ဒုတိယသမ္မတ (၂) ဦးဆောင်သော အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ၂၆.၄.၂၀၁၇ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီးနောက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးပွားရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းကြောင့် မြန်မာ့ယဉ်ကျေးမှုနှင့် သဘာဝအရင်းအမြစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာဒေသတွင်းနှင့် နိုင်ငံတကာကတိကဝတ်စာချုပ်များအပေါ် နိုင်ငံ့အကျိုးနှင့် ယှဉ်၍ လိုက်ပါအကောင်အထည်ဖော်ရေး၊ ခရီးသွားလုပ်ငန်းဖြင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုရေး၊ အရည်အသွေးမြှင့် အစိမ်းရောင်ခရီးစဉ်ဒေသဖြစ်ရေးဟူသည့် အမျိုးသားခရီးသွားမူဝါဒ ၆ ရပ်ကို ချမှတ်ခဲ့ပါသည်။

အဆိုပါမူဝါဒ ၆ ရပ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများဖြစ်သည့် နိုင်ငံခြားရေး၊ ပြည်ထဲရေး၊ သာသနာရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ သယံဇာတ၊ လ.ဝ.က၊ ကျန်းမာရေး၊ စီမံဘဏ္ဍာ၊ ဟိုတယ်နှင့်ခရီးဝန်ကြီးဌာနနှင့်တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ ပါဝင်ဖွဲ့စည်းကာ အားလုံးပူးပေါင်းပါဝင် ညှိနှိုင်းပံ့ပိုး ဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူပင် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်သော ခရီးသွားဧည့်သည်များ ဝင်ရောက် ထွက်ခွာမှု အဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် နိုင်ငံခြားဧည့်သည် ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီကို ၄.၅.၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ဝန်ကြီးဌာန၏ ဟိုတယ်နှင့် ခရီးသွားမူဝါဒ (၆) ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် နိုင်ငံတကာခရီးသွားဧည့်သည်များ ရာသီမရွေးလာရောက်လည်ပတ်နိုင်ရေးအတွက် အစဉ်တစိုက်အလေးထားဆောင်ရွက်လျက်ရှိပြီး ဆက်စပ်ဝန်ကြီးဌာနများမှ ပူးပေါင်းပါဝင်ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိသော်လည်း အချို့ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းကန့်သတ်ချက်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်အခြေအနေနှင့် သဘာဝအခြေခံအကြောင်းတရားများကြောင့်လည်းကောင်း၊ လူတို့၏ ပယောဂကြောင့်လည်းကောင်း၊ တိုးတက်မှုအရှိန်အဟုန်မှာ မျှော်လင့်မိသလောက် ဖြစ်မလာသည်ကို တွေ့ရပါသည်။

## ကန့်သတ်ဒေသများ

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နယ်မြေဒေသလုံခြုံရေးသည် ခရီးသွားလုပ်ငန်းအတွက် အကျိုးသက်ရောက်မှုများစွာရှိသဖြင့် ခရီးစဉ်နယ်မြေဒေသအတွင်း လုံခြုံမှုနှင့် အေးချမ်းမှုရှိမှသာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါသည်။ တားမြစ်နယ်မြေအတွင်းသွားရောက်၍ ခရီးသည်တစ်ဦး တစ်စုံတစ်ရာဖြစ်ပေါ်ပါက ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်စေပြီး မြန်မာ့ပုံရိပ်ကိုလည်း ကျဆင်းစေပါသည်။ သို့အတွက် ခရီးသည်များ အေးချမ်းလုံခြုံစွာ သွားလာလည်ပတ်နိုင်သော ခရီးစဉ်များရှိရာ ဒေသများကိုသာ သွားလာလည်ပတ်ခွင့်ပြုထားပြီး လုံခြုံရေးစိတ်ချရမှုမရှိသေးသည့် ဒေသများအား ကန့်သတ်ဒေသများအဖြစ် သတ်မှတ်ထားရှိပါသည်။ ထိုသို့ကန့်သတ်ဒေသများအဖြစ် သတ်မှတ်ထားရှိမှုကြောင့် အဆိုပါဒေသများတွင် ပါဝင်နေသော ခရီးစဉ်ဒေသများ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုမှာ ကျဆင်းခဲ့ရပြီး ဒေသနေပြည်သူလူထု၏ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများမှာလည်း ထိခိုက်မည်ဖြစ်ပါသည်။

ကန့်သတ်ဒေသများမှာ များသောအားဖြင့် ခရီးသွားဧည့်သည်များလုံခြုံရေးအတွက် အခြေအနေအချိန်အခါအရ ဆက်လက်ကန့်သတ်ထားရှိရန် လိုအပ်နေသေးသော်လည်း အချို့ဒေသများမှာ မြေပြင်အခြေအနေအရ ပြန်လည်စိစစ်ဖြေလျှော့သတ်မှတ်ပေးရန် လိုအပ်သည်ကို တွေ့ရပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့မှလည်း မိမိတို့ဒေသအတွင်းလုံခြုံမှုရှိသော ခရီးစဉ်ဒေသများအား ဖြေလျှော့ပေးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသရှိတိုင်းရင်းသား အဖွဲ့အစည်းတို့၏ ဒေသဖွံ့ဖြိုးလိုစိတ်နှင့် ဟိုတယ် / ခရီးအပါအဝင် ဆက်နွှယ်သော ဝန်ကြီးဌာနများ၏ ထောက်ခံကူညီပံ့ပိုးမှု၊နိုင်ငံတော်အစိုးရ၏ဖြေလျှော့ပေးမှုများကြောင့် ကန့်သတ်ဒေသအချို့မှာ ခရီးသွားဧည့်သည်များ သွားရောက်လည်ပတ်ခွင့်ရရှိခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ကယားပြည်နယ်အစိုးရအဖွဲ့၏ တင်ပြမှုကြောင့် ဒီမော့ဆိုမြို့နယ် ဒေါကလော်ဒူ ကျေးရွာအုပ်စုရှိ ဒေါကလော်ဒူနှင့် တနီးလာလဲကျေးရွာ၊ ငွေတောင်ကျေးရွာအုပ်စုရှိ ငွေတောင်ကျေးရွာ၊ ပန်ပက်ကျေးရွာအုပ်စုရှိ ပန်ပက်ရွှမ်းကူ၊ ပန်ပက်ဆောင်းလူး၊ ပန်ပက်ပယ်မဆောင်၊ ပန်ပက်ကတဲကူနှင့် ပန်ပက်ဒေါကီးကျေးရွာများ၊ ဘော်လခဲမြို့၊ ဖားဆောင်းမြို့နယ်နှင့် မယ်စဲ့မြို့တို့မှ မြို့ပေါ်ရပ်ကွက်များကို ကန့်သတ်နယ်မြေအဖြစ်မှ ဖြေလျှော့ပေးခဲ့သဖြင့် ယခုအခါတရားဝင် သွားရောက်လည်ပတ်ခွင့် ရရှိခဲ့ပြီဖြစ်ပါသည်။

ထို့အတူပင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏တင်ပြမှုကြောင့် တာချီလိတ်-တောင်ကြီး၊ ကုန်းလမ်းကြောင်းတွင်ရှိနေသော မိုင်းပျဉ်း၊ မိုင်းဖြတ် ကန့်သတ်မြို့နှစ်မြို့အား ဖြေလျှော့ပေးလိုက်သဖြင့် အဆိုပါ လမ်းကြောင်းတစ်လျှောက်ခရီးစဉ်များ သွားလာဖြတ်သန်းခွင့်ရရှိခဲ့ပြီဖြစ်ပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့၏ တင်ပြမှုကြောင့် ကချင်ပြည်နယ် ပူတာအိုမြို့တွင် မူလာရှီးဒီကျေးရွာအုပ်စုကို မြို့စည်ပင်နယ်နိမိတ်တွင်ထည့်သွင်းပြင်ဆင်သတ်မှတ်ပေးခဲ့သဖြင့် ခရီးသွားဧည့်သည်များ လည်ပတ်တည်းခိုမှုအဆင်ပြေခဲ့ခြင်းများသည် ခရီးသွားလုပ်ငန်းအတွက် အပေါင်းလက္ခဏာဆောင်သော တိုးတက်မှုဖြစ်စဉ်များအဖြစ် အသိအမှတ်ပြုရမည်ဖြစ်ပါသည်။

ဤသို့ပင် မွန်ပြည်နယ်အစိုးရအဖွဲ့၏တင်ပြမှုကြောင့်လည်း ဘီးလင်းမြို့နယ်အတွင်း တောင်ကြီးကျေးရွာအနီးရှိ ကေလာသတောင်၊ မဲလံကျေးရွာအနီးရှိ ကျောက်ပိဘုရားနှင့် ကျောက်တံခါးစေတီ၊ သထုံမြို့နယ်အတွင်း နန်းခဲရပ်ကွက်ရှိ မြသပိတ်စေတီ၊ သံဖြူဇရပ်မြို့နယ်အတွင်းရှိ ဝဲကလိရေပူစမ်း၊ ပင်ဆားကွင်း၊ သေမင်းတမန်ရထားလမ်းပြတိုက်၊ မဟာမိတ်စစ်သင်္ချိုင်း၊ ကျိုက္ခမီရေလယ်ဘုရားနှင့် စက်စဲကမ်းခြေဒေသများသို့ သွားရောက်လည်ပတ်ခွင့်ရရှိခဲ့ပြီဖြစ်သဖြင့် အခြားသော ကန့်သတ်ဒေသများကိုလည်း ပြန်လည်စိစစ်ပြင်ဆင်သတ်မှတ် ဖြေလျှော့ပေးမည်ဆိုပါက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

## နယ်စပ်ဝင်ပေါက်များ

ခရီးသွားဝင်ရောက်မှု တိုးတက်လိုပါက အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းများသာမက အပြည်ပြည်ဆိုင်ရာနယ်စပ်ဝင်ထွက်ပေါက်များကိုလည်း တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော ခရီးသွားဧည့်သည်အရေအတွက်၏ ၆၀ ရာခိုင်နှုန်းသည် နယ်စပ်ဒေသမှ ဝင်ရောက်လည်ပတ်ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော နိုင်ငံများမှာ တရုတ်၊ ထိုင်း၊ လာအို၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများဖြစ်ရာ တရုတ်နိုင်ငံနှင့် ထိစပ်ရာနယ်စပ်တစ်လျှောက်တွင် ဗန်းမော်၊ ကန်ပိုက်တီး၊ လွယ်ဂျယ်၊ နမ့်ခမ်း၊ မူဆယ်၊ ကြူကုတ်၊ ချင်းရွှေဟော်၊ ရန်လုံကြိုင်း၊ မိုင်းလားနယ်စပ်ဂိတ်များရှိပြီး တရားဝင်အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ပေါက်အဖြစ် သတ်မှတ်ခြင်းမရှိသေးပေ။ ထို့အတူ ထိုင်းနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်တစ်လျှောက်ရှိ တာချီလိတ်၊ မြဝတီ၊ ထီးခီး၊ ကော့သောင်းဝင်ပေါက်များကို အပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ်အဖြစ် သတ်မှတ်ဖွင့်လှစ်ပြီးဖြစ်သော်လည်း မောတောင်ဂိတ်မှာ အထူးယာယီနယ်စပ်ဂိတ် အဆင့်သာရှိပါသေးသည်။

လာအိုနိုင်ငံနှင့်ထိစပ်နေသော နယ်စပ်တစ်လျှောက်တွင် ကျိုင်းလတ်၊ ဝမ်ပုံနယ်စပ်ဂိတ်များအား လတ်တလောအချိန်တွင် အပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ်များအဖြစ် ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း ကျိုင်းလတ်ဝင်ထွက်ပေါက်မှာ မကြာခင်ဖွင့်လှစ်နိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။

အိန္ဒိယနိုင်ငံနယ်စပ်အနေဖြင့် တမူး၊ ရိခေါဒါရ်ဂိတ်နှစ်ခုရှိပြီး တမူးနယ်စပ်ဂိတ်မှာ အပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ်အဖြစ် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။ ဘင်္ဂလားဒေ့ရှ် နယ်စပ်တွင် ဂိတ် လေးခုစလုံး အပြည်ပြည်ဆိုင်ရာဂိတ်အဖြစ်ဖွင့်လှစ်ခြင်းမရှိပါ။ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်ထွက်ပေါက်ဖွင့်လှစ်ရန်အတွက် နယ်မြေလုံခြုံရေး အာမခံချက်ရှိရန်၊ နှစ်နိုင်ငံနယ်နိမိတ်ပိုင်ဆိုင်မှုကိစ္စများရှင်းလင်းမှုရှိရန်၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်၊ ဝင်ထွက်ပေါက်တွင် Customs,Immigration,Quarantine ကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် အခြေခံအဆောက်အအုံများပြည့်စုံရန်စသည်တို့ လိုအပ်သည်ဖြစ်ရာ အဆိုပါအချက်အလက်များ ပြည့်စုံလုံလောက်စွာရှိမှသာလျှင် ဖွင့်လှစ်နိုင်မည်ဖြစ်ပါသည်။ နယ်စပ်ထွက်ပေါက်ဂိတ်များအား အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ပေါက်အဖြစ် ဖွင့်လှစ်နိုင်ပါက အိမ်နီးချင်းနိုင်ငံသားများသာမက တတိယနိုင်ငံသားများပါ ဝင်ရောက်ထွက်ခွာမှုအဆင်ပြေစေမည်ဖြစ်သည့်အပြင် ယနေ့ခေတ် ပြောင်းလဲလာသော ခရီးသွားလာမှုအခြေအနေအရ နယ်စပ်ဖြတ်ကျော် သွားလာလည်ပတ်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ပါသည်။

## ပြည်ဝင်ဗီဇာများ

နိုင်ငံအတွင်းသို့ နိုင်ငံတကာဧည့်သည်များ ဝင်ရောက်ရာတွင် ပြည်ဝင်ဗီဇာလွယ်ကူမှုသည် ခရီးသွားများလာရောက်ချင်မှု၊ လာရောက်လိုမှုအတွက် အဓိကဆွဲဆောင်သော အချက်တစ်ချက်တွင် ပါဝင်ပါသည်။ ဝင်ရောက်မှုခက်ခဲသော (သို့မဟုတ်) ခက်ခဲသော ဗီဇာလုပ်ငန်းစဉ်များရှိနေသည့် နိုင်ငံများသို့ သွားရောက်လိုမှု နည်းကြပါသည်။ ကြိုတင်စီစဉ်သော Package Tour ခရီးစဉ်များရှိသကဲ့သို့ ခရီးသွားလိုစိတ် ရုတ်ခြည်းပေါ်ပေါက်ကာ ချက်ချင်းခရီးသွားရန်စီစဉ်သော အလေ့အထများကြောင့် မိမိသွားရောက်လိုသောနိုင်ငံ၏ ဗီဇာခွင့်ပြုပေးမှုအပေါ်မူတည်၍ ခရီးသွားရောက်လိုစိတ်များ ဖြစ်ပေါ်မှု၊ မဖြစ်ပေါ်မှုကလည်း အဓိကကျပါသည်။

ယနေ့အာဆီယံအတွင်း နိုင်ငံများသည် Visa on Arrival စနစ်ကိုကျင့်သုံးနေသည့်အပြင် ဘရူနိုင်းနိုင်ငံသည် နိုင်ငံ ၅၄ နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံသည် ကိုးနိုင်ငံ၊ လာအိုနိုင်ငံသည် ၁၅ နိုင်ငံ၊ မလေးရှားနိုင်ငံသည် ၉၃ နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံသည် ၁၅၇ နိုင်ငံ၊ စင်ကာပူနိုင်ငံသည် ခြောက်နိုင်ငံ၊ ထိုင်းနိုင်ငံသည် ၅၅နိုင်ငံ၊ ဗီယက်နမ်နိုင်ငံသည် ၂၄ နိုင်ငံတို့အား Visa Exemption (Visa free) ဖြင့် ဝင်ရောက်ခွင့်ပြုလျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံသားများနှင့် စင်ကာပူနိုင်ငံသားများကိုသာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဝင်ရောက်ပါက Visa free ပေးထားပြီး ကျန်မည်သည့် နိုင်ငံသားများကိုမျှ Visa Free ပေးထား မှုမရှိပါ။ ဆိုက်ရောက်ဗီဇာ(Visa on Arrival) စနစ်ကိုပင် Cruise နှင့် Charter Flight မှ လွဲ၍ ခွင့်ပြုပေးနိုင်ခြင်းမရှိသေးပေ။ ယခုအခါ ASEAN+3 နိုင်ငံများ ဖြစ်သော တရုတ်၊ ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံသားများအား ဆိုက်ရောက်ဗီဇာ (VOA) ခွင့်ပြုပေးနိုင်ရေးကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ပခုက္ကူမြို့နေ(ဦးဘိုသိန်း) (အ·ထ·က ကျောင်းအုပ်ကြီး) နှင့် ဒေါ်အေးအေးလွင် (အ·ထ·ပြ-ငြိမ်း) တို့၏သား

**ဗိုလ်မှူးဝေမိုးသိန်း M.B., B.S (DSMA); M.Med.Sc (Radiology)**

**(ဓာတ်မှန်ဌာန၊ အမှတ်(၂) တပ်မတော်ဆေးရုံ၊ ခုတင် ၅၀၀)**

**နှင့်**

နေပြည်တော်နေ ဖေယျကျော်ထင် ဗိုလ်ချုပ်သိန်းထွန်း(ငြိမ်း) နှင့် ဒေါ်မြမြဝင်း (အ·ထ·ပြ-ငြိမ်း) တို့၏သမီး

**မစိမ်းလဲ့ထွန်း B.A (B.M); M.A (Thai Language), Naresuan University, Thailand**

**ဒုတိယညွှန်ကြားရေးမှူး (နိုင်ငံခြားရေးဝန်ကြီးဌာန)**

တို့၏(၁၄-၂-၂၀၁၈)ရက်နေ့တွင် ရန်ကုန်မြို့ Sedona Hotel (Inya Room) ၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးခြင်းအခမ်းအနား၌ လက်မှတ်ရေးထိုးပေးပါသော တွဲဖက်ခရိုင် တရားသူကြီး(၂)၊ ဦးတူးမော်အားလည်းကောင်း၊ မင်္ဂလာအသိသက်သေအဖြစ်လက်မှတ်ရေးထိုးပေးကြပါသော ဗိုလ်မှူးချုပ်စိန်လင်းနှင့်ဇနီးဒေါ်နွယ်သဇင်၊ ဗိုလ်မှူးကြီး ကျော်ဖေယျနှင့်ဇနီးဒေါ်သူဇာအောင် တို့အားလည်းကောင်း၊ ယင်းအခမ်းအနားသို့ ကြွရောက်လာကြသူများ အားလုံးကိုလည်းကောင်း ၁၇-၂-၂၀၁၈(စနေနေ့) Sedona Hotel(Grand Ball Room)၌ကျင်းပပြုလုပ်သည့် မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပါယ်ပန်းကုံးဆင်မြန်းပေးပါသော ပြည်ထောင်စုဝန်ကြီး(ငြိမ်း)ဦးအေးမြင့်ကြူနှင့်ဇနီး ပါမောက္ခဒေါက်တာဒေါ်ခင်ဆွေမြင့်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်ချုပ်မိုးဟိန်း(ငြိမ်း)နှင့်ဇနီးဒေါ်သန့်စင်မြင့် တို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်အားလည်းကောင်း၊ မေတ္တာဖြင့်ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း) နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်(ငြိမ်း)နှင့်ဇနီး၊ ဝန်ကြီး(ငြိမ်း)များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)များနှင့် ဇနီးများ၊ စစ်ဘက် နယ်ဘက်မှ တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားအရာရှိကြီးများ ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟာအပေါင်းတို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးပါသော မရွှန်းလဲ့ပြည့်၊ မင်္ဂလာပန်းဖန်းကိုင်ဆောင်ပေးပါသော မခင်စန္ဒာမြင့်၊ မင်္ဂလာလက်စွပ်ဖန်းကိုင်ဆောင်ပေးသော ဒေါက်တာဆုဆုဇင်၊ မင်္ဂလာသတို့သား အရံ ဗိုလ်ကြီးရဲဝင့်ခေါင်နှင့် ဗိုလ်ကြီးကျော်ဇင်ဦး၊ မင်္ဂလာသတို့သမီးအရံ မခင်မျိုးမြတ်စိုးနှင့်မသဉ္ဇာကျော်၊ မင်္ဂလာဝတ်စုံ Designer မျိုးမင်းစိုး၊ မင်္ဂလာပန်းအလှပြင် His & Hers မိတ်ကပ်မေဦး၊ မင်္ဂလာဖိတ်စာ Dagon ပုံနှိပ်တိုက်၊ ဗွီဒီယိုနှင့်ဓါတ်ပုံမှတ်တမ်းတင် ဝဏ္ဏ(ခွာနီး)နှင့်အဖွဲ့၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသောသူများအားလုံးကို အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးဝေမိုးသိန်း-မစိမ်းလဲ့ထွန်း**






**ယာဉ်မှတ်ပုံတင် စာအုပ် မိတ္တူ ကြော်ငြာခြင်း**

ယာဉ်အမှတ် ၃၉ယ/၂၁၇၀၁ Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွဲ့နွဲ့စန်း ၉/ပသက(နိုင်)၀၁၆၂၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ဖောင်းကြွပျောက် ကြော်ငြာခြင်း**

ယာဉ်အမှတ် ၆င/၅၉၅၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့်အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခွန်ထမ်းများအနက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင် (၅၀)ဦး၏စာရင်း"**အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် (၅၀)ဦး စာရင်း**

| စဉ် | အခွန်ထမ်းအမည် | နေရပ်လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဟံသာအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက် | အမှတ် ၁၀၃၊ ဘုရင့်နောင်လမ်း၊ဥဿာမြို့သစ်ရပ်ကွက်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | Trading | |
| ၂ | Sal Kabar Co.,Ltd | ကမ်းနားလမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | သကြားတင်/ပို့ခြင်း | |
| ၃ | ပိုသာအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက် | အမှတ် ၃၂၉/B၊ ဓမ္မစေတီလမ်း၊ ဥဿာမြို့သစ်ရပ်ကွက်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | Trading | |
| ၄ | YANGTZEKIANG INDUSTRIES(MYANMAR)Co.,Ltd | အမှတ် ၇၊ ပဲခူးစက်မှုနယ်မြေ၊ စာကလေးကွင်းရပ်ကွက်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | အထည်ချုပ်လုပ်ငန်း | |
| ၅ | ဦးတင်ဝင်း | စက်ရုံလမ်း၊ ပြည်သာယာရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ကျားနှစ်ကောင်အရက်ချက် | |
| ၆ | ဒေါ်ဥမ္မာရွှေ | ရေဝေရပ်ကွက်၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | မြေငှား | |
| ၇ | တုန္နိုင်းမဲ့ဇကရီ ဝန်ဆောင်မှုကုမ္ပဏီလီမိတက် | အမှတ် ၂၀၈၊ ပြည်-ရန်ကုန်လမ်း၊ နွားမယံအုပ်စု၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | Service & Construction | |
| ၈ | ဦးကျော်စိ | ရန်ကုန်-မန္တလေးလမ်း၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ဆွာချောင်းတံတားဖြတ်သန်းခကောက်ခံခြင်း | |
| ၉ | ဒေါ်ယဉ်မြ | ဈေးလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | အောင်ဇော်ဦးဆေးခန်း | |
| ၁၀ | ထက်စံအောင်ကုမ္ပဏီလီမိတက် | ရွှေဒေါင်းရပ်ကွက်၊ မိုးညိုမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ဆောက်လုပ်ရေး | |
| ၁၁ | ဒေါက်တာခင်မောင်ဇော် | လမ်းမတော်လမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | အင်းလေးဆေးခန်း+ဆေးဆိုင် | |
| ၁၂ | ဒေါက်တာမီမီအောင် | ဗိုလ်ချုပ်လမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ပါရမီရှင်ဆေးရုံ | |
| ၁၃ | ဦးလင်းမြတ် | အမှတ် ၂၈၊ သွန်းဘုရားလမ်း၊ သွန်းဘုရားရပ်ကွက်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | (Royal Taste) စားသောက်ဆိုင် | |
| ၁၄ | ဒေါ်ဝေဝေ | အောင်ချမ်းသာလမ်း၊ နဝင်းရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | မင်္ဂလာဂါးဒင်းတည်းခိုခန်း | |
| ၁၅ | ZMZ GROUP CO.,LTD | အမှတ် ၁၉/၈၊ မင်းလမ်း၊ ဥဿာမြို့သစ်(၃)ရပ်ကွက်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | Trading | |
| ၁၆ | ဦးကျော်သူထက် ပါ-၁၀ | ရွှေတောင်လမ်း၊ မင်းကွက်(၃)ရပ်ကွက်၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ကြယ်ငါးပွင့်ဆန်စက် | |
| ၁၇ | ဦးဇော်လွင်+၁ | ရွှေကူရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | အမဲလိုင်စင် | |
| ၁၈ | ဦးစိုးညွန့် | စက်မှုကွက်သစ်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | အမဲလိုင်စင် | |
| ၁၉ | ဦးဆွေ | အမှတ် ၂၊ လမ်းမတော်လမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ရွှေကမ္ဘာစတိုး | |
| ၂၀ | ဦးသန်းဆွေ | ကုန်သည်လမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | စိန်သုံးလုံးဆီရောင်း | |
| ၂၁ | ဦးနေလင်း | ဗိုလ်ချုပ်လမ်း၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ဆီစက် | |
| ၂၂ | ဦးတင်ဝင်း(ခ)ဦးပြားကြီး | ဂန္ဓမာစက်မှုကွက်သစ်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | သားသတ်လိုင်စင် | |
| ၂၃ | ဦးခင်မောင်မြင့် | ရွှေဘုန်းပွင့်ဘုရားလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | တက်တိုးကုန်စုံဆိုင် | |
| ၂၄ | ဦးကိုကိုကြီး | မဏ္ဍရာမင်းသားကြီးလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | တွင်ခုံ | |
| ၂၅ | ဦးကျော်လင်းငြိမ်း | ကနောင်မင်းသားကြီးလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ကြက်စာရောင်း | |
| ၂၆ | ဒေါ်မိုးမိုးကြည် | ၁၄လမ်း၊ မင်းကွက်(၁)ရပ်ကွက်၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | မြင့်သီတာဆန်စက် | |
| ၂၇ | ဦးမြင့်လွင်+၁ | နဝဒေး၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | Royal Star စားသောက်ဆိုင် | |
| ၂၈ | ဦးလှထွန်းဝင်းပါ(၃) | ဗိုလ်ချုပ်လမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | စမိုင်းမိုတယ် | |
| ၂၉ | ဦးစောရီထိုက် | ရွှေဘုန်းပွင့်ဘုရားလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ကုန်စုံဆိုင် | |
| ၃၀ | ဦးကျော်သူ | ကနောင်မင်းသားကြီးလမ်း/စက်မှုဇုန်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ဆန်ဖွတ်စက် | |
| ၃၁ | ဦးသီဟဝင်း | အမှတ် ၂၂၂၊ ဈေးလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | Lucky Dragon ဟိုတယ် | |
| ၃၂ | ဦးဇော်ထက်ပိုင်ပါ(၂)ဦး | အမှတ် ၅၆၊ လမ်းရှည်လမ်း၊ ရွှေကူရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ဇေယျာရွှေတည်ဆန်ပွဲရုံ | |
| ၃၃ | ဦးဝင်းမြတ် | ၁၃လမ်း၊ မင်းကွက်(၁)ရပ်ကွက်၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ကြည်မင်းညီညီဆေးပေါ့လိပ် | |
| ၃၄ | ဒေါ်ယမင်းဇင်မာ | လမ်းမတော်လမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ဆေးနန်းတော်ကြီးဆေးဆိုင် | |
| ၃၅ | ဦးခင်ကြိုင် | ပန်းဆိုးတန်းလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | စည်ဖြိုးဆန်ဖွတ်စက် | |
| ၃၆ | ဦးကျော်လွင်ဦး | မင်္ဂလာဦး၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ဆိတ်လိုင်စင် | |
| ၃၇ | ဒေါ်ဝင်းဝင်းခိုင် | ရွှေတစ်ချောင်းလမ်း၊ နဝင်းရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ပတ္တမြားအမှုန့်ကြိတ်စက် | |
| ၃၈ | ဦးတင်ငွေ | လက်သမားလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | မြန်မာ့ဆေးရောင်း | |
| ၃၉ | ဦးအောင်မင်းရွှေ | ၄၄၆၊ လမ်းရှည်လမ်း၊ ရွှေကူရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ကုန်မာဆိုင် | |
| ၄၀ | ဦးလှဝင်း+ဦးရွှေဝင်း | လက်သမားလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ဆန်းသစ်ဝင်းသဘော်ာဆေးဆိုင် | |
| ၄၁ | ဦးဖိုးထူး | တီကျစ်ဆုံလမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ဆန်ဆိုင် | |
| ၄၂ | ဦးဆန်းအောင်-ဒေါ်မြမြဝင်း | ရွှေဘုန်းပွင့်ဘုရားလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ကုန်စုံဆိုင် | |
| ၄၃ | ဦးဘိုနီ | လမ်းရှည်လမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | မုန်ဆိုင် | |
| ၄၄ | ဒေါ်ခင်သန်းမြင့် | လမ်းရှည်လမ်း၊ ရွှေကူရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ကုန်စုံဆိုင် | |
| ၄၅ | ဒေါ်တီတီ(ဆက်ခံ)ဒေါ်တင်တင်ယု | အမှတ် ၄၄၊ ပန်းတိမ်တန်းလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ပြည်မြို့နယ်၊ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ရွက်စိမ်းလွှက်ခြောက် | |
| ၄၆ | ဦးစိုးဝင်း | ဦးဖိုးလှိုင်လမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ပဲကြော် | |
| ၄၇ | ဦးလှသောင်း(ဆက်ခံ)ဦးတင်အောင်ဖြူ | ကိုးသောင်း၊ နဝင်းရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ပဲကြော်လုပ်ငန်း | |
| ၄၈ | ဒေါ်ထားထားချို | ပြည်-ရန်ကုန်လမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | လျှပ်စစ်ပစ္စည်းဆိုင် | |
| ၄၉ | ဒေါ်ခင်ခင်ရီ-ဦးနေမျိုးဦး | ပြည်-ရန်ကုန်လမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | ရှားမီးမုန့်ဆိုင် | |
| ၅၀ | ဦးချစ်နိုင် ပါ(၂)ဦး | ပြည်-ရန်ကုန်လမ်း၊ ဆင်စုရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ပဲခူးတိုင်းဒေသကြီး | SWEET GOLDEN LAND | |

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံး ထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံး ပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ် ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက် စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့်စိစစ်ရွေးချယ်ခဲ့ရာ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခွန်ထမ်းများအနက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင် (၅၀)ဦး၏စာရင်း"** အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင် (၅၀)ဦးစာရင်း**

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန<br>တိုင်းဒေသကြီး/ပြည်နယ်/<br>ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဟံသာအထွေထွေစီးပွားရေး<br>လုပ်ငန်းသမဝါယမအသင်းလီမိတက် | အမှတ်-၁၀၃၊ ဘုရင့်နောင်လမ်း၊<br>ဥဿာမြို့သစ်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | Trading | |
| ၂ | ပိုသာအထွေထွေစီးပွားရေး<br>လုပ်ငန်းသမဝါယမအသင်း လီမိတက် | အမှတ် -၃၂၉/B၊ ဓမ္မစေတီလမ်း၊<br>ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | Trading | |
| ၃ | ဦးတင်ဝင်း | အမှတ်-၉၊ အောင်ချမ်းသာလမ်း၊ ပြည်သာယာရပ်ကွက်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ကျားနှစ်ကောင် အရက်ချက် | |
| ၄ | ဦးခင်မောင်ဝင်း | အမှတ်-၃၀၊ ပြည်လမ်း၊ ကြက်သွန်ခင်း-၁ရပ်ကွက်၊ အုတ်တွင်းမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ကြယ်နီဆေးလိပ်ခုံ | |
| ၅ | ဦးဇော်လှမြင့် | ၁၁၅-မိုင်၊ အမြန်လမ်း၊ ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | Pioneer စားသောက်ဆိုင် | |
| ၆ | ဦးကျော်သူအောင် | ၁၁၅-မိုင်၊ အမြန်လမ်း၊ ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | Oasis စားသောက်ဆိုင် | |
| ၇ | ဦးသိန်းထွေး | ၁၁၅-မိုင်၊ အမြန်လမ်း၊ ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ရွှေကျား စားသောက်ဆိုင် | |
| ၈ | ဒေါ်ခင်လှလှ | ၁၁၅-မိုင်၊ အမြန်လမ်း၊ ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | Traveller Inn | |
| ၉ | ဦးခင်မောင်ဆွေ | အမှတ်-၁၅၁၊၅-လမ်း၊ ဗိုင်း/မြောက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | စိန်မှူး ဆေးပေါ့လိပ် | |
| ၁၀ | ဦးယဉ်စိမ်း | အမှတ်-၇/၂၊ ဥဿာမြို့သစ်ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ကျော်စွာ စားသောက်ဆိုင် | |
| ၁၁ | ဒေါ်မြမြဝင်း | အမှတ်-၁၁၄၂၊ ကမ်းနားလမ်း၊ ဗိုင်း/တောင်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ခြင်္သေ့သုံးကောင်ဆေးပေါ့လိပ် | |
| ၁၂ | ထက်စံအောင်ကုမ္ပဏီ | ရွှေဥဒေါင်းရပ်ကွက်၊ မိုးညိုမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ဆောက်လုပ်ရေး | |
| ၁၃ | ဦးလင်းမြတ် | အမှတ်-၂၈၊ သွန်းဘုရားလမ်း၊ သွန်းဘုရားရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | Royal Taste စားသောက်ဆိုင် | |
| ၁၄ | ဒေါ်ဥမ္မာရွှေ | ဂုံမင်းမြောင်၊ သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | မြေငှားရမ်းခ | |
| ၁၅ | ဒေါ်လှဲလှဲဝင်း | ပြည်တော်သာရွာ၊ အုတ်ဖိုမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | စက်သုံးဆီဆိုင် | |
| ၁၆ | ဦးနေအောင်ကျော် | စစ်ကဲလမ်း၊ ကျောင်းအိုးရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ရွှေဘုန်းရှိန် ရွှေဆိုင် | |
| ၁၇ | ဦးခင်မောင်ဦး | အမှတ်-၃၈၃၊ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဥဿာမြို့သစ်(၄)ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | 909 KTV | |
| ၁၈ | ဦးခင်မော် | အမှတ်-၄၁၅၊ အုန်းပင်တန်းလမ်း၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ဘရားသားဓာတ်မြေဩဇာဆိုင်<br>+ဘရားသား စက်သုံးဆီဆိုင် | |
| ၁၉ | ဦးအောင်မြင့် | အမှတ်-၂၀/မင်္ဂလာလမ်း၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | Global Grace Hotel | |
| ၂၀ | ဒေါ်ဝေဝေ | အောင်ချမ်းသာလမ်း၊ နဝင်းရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | Mingalar Garden Hotel | |
| ၂၁ | ဦးကျော်သန်း | ၃၉-မိုင်၊ အမြန်လမ်း၊ ဘောနတ်ကြီး၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | သပြေရိပ် စားသောက်ဆိုင် | |
| ၂၂ | ဦးသန်းရွှေ | မင်းလမ်း၊ ကျွန်းသာယာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ထူး စက်သုံးဆီဆိုင် | |
| ၂၃ | ဦးရဲမြတ်ကျော် | အမှတ်-၁၉၂၊ ဟသ်ာလမ်း၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ဟံသာဝတီ စားသောက်ဆိုင် | |
| ၂၄ | ဦးထွန်းမြင့် | မင်းလမ်း၊ ကျွန်းသာယာ၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | Aroma ဟိုတယ် | |
| ၂၅ | ဦးခင်မောင်ဝင်း | ဘုရားကြီး၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | စိန်သဇင် စက်သုံးဆီဆိုင် | |
| ၂၆ | ဦးဆန်းနိုင် | ကျွန်းသာယာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ကျွန်းသာယာ စက်သုံးဆီဆိုင် | |
| ၂၇ | ဦးဆွေ | အမှတ်-၂၊ လမ်းမတော်လမ်း၊ ကျောင်းအိုးရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ရွှေကမ္ဘာစတိုး | |
| ၂၈ | ဦးခင်မောင်သွင် | ပဲခူးလမ်း၊ ဇေယျာဝတီ၊ ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | သွင်ထူးဆီဆိုင် | |
| ၂၉ | ဦးမောင်မောင်မြင့် | ကျွန်းကလေးရွာ၊ ကျွန်းကလေးအုပ်စု၊ လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ရောင်ခြည်ဦး စားသောက်ဆိုင် | |
| ၃၀ | ဦးအောင်ခိုင် | မန္တလေးလမ်း၊ မြို့မ-၅၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | အောင်ခိုင် စက်သုံးဆီဆိုင် | |
| ၃၁ | ဦးစိုးဦး(ဆခ)ဒေါ်စီစီထွန်း | မန္တလေးလမ်း၊ မြို့မ-၅၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | အောင်ဇမ္ဗူ စက်သုံးဆီဆိုင် | |
| ၃၂ | ဦးခင်သောင် | ရန်ကုန်-မန္တလေးလမ်း၊ ဥဿာမြို့သစ်၊ ၉-ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ဥဿာကျော်ဟိုတယ်+စားသောက်ဆိုင် | |
| ၃၃ | ဦးတင်မောင်ဝေ | မင်းကြီးဆွေရပ်ကွက်၊ ကေတုမတီမြို့သစ်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | မြင်းခြံကိုတွတ် စက်သုံးဆီဆိုင် | |
| ၃၄ | ဦးဖြိုးဝေကျော် | မိုးကောင်းကျေးရွာ၊ သံတောင်လမ်း၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ဖြိုးဝေကျော် စက်သုံးဆီဆိုင် | |
| ၃၅ | ဒေါ်ခင်ငွေး | ရန်-မန်းလမ်း၊ ခပေါင်းရွာ၊ အုတ်တွင်းမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ဆီဆိုင် | |
| ၃၆ | ဦးမြင့်ဦး | အမှတ်-၁၁၊ ၁၂၊ ၁၃၊ ၂၁၊ ကျိုက်ပွန်ဘုရားလမ်း၊ ရပ်ကွက်ကြီး-၈၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | Bago Star ဟိုတယ် | |
| ၃၇ | ဦးဝင်းထွဋ် | အမှတ်-၆၄၁၊ ကျောက်တွင်းကုန်း၊ မြို့သစ်(ဃ)၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | လောကနတ်လက်ဖက်ရည်ဆိုင် | |
| ၃၈ | ဒေါ်သင်းသင်းအေး | P-46၊ မင်းလမ်း၊ ပဒေသာရပ်၊ ဘုရားကြီး၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | အောင်သပြေဆီဆိုင် | |
| ၃၉ | ဦးဇော်ဦး | မိုးကောင်းကျေးရွာ၊ ကရင်ချောင်း၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | စက်သုံးဆီဆိုင် | |
| ၄၀ | ဦးသိန်းဝင်း | M-76၊ မင်းလမ်း၊ ဘုရားကြီး၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ဖိုးထောင် စက်သုံးဆီဆိုင် | |
| ၄၁ | ဒေါ်ညိုလေးရည် | ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဥဿာမြို့သစ် ၄-ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | Jade Garden ဟိုတယ် | |
| ၄၂ | ဦးသန်းထိုက်အောင် | အမှတ်-၈/စတီးလမ်း၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ပန်းစွယ်တော်ဟိုတယ် | |
| ၄၃ | ဦးခင်မောင်မြင့် | ရွှေဘုန်းပွင့်ဘုရားလမ်း၊ ကျောင်းအိုးရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | တက်တိုး ကုန်စုံဆိုင် | |
| ၄၄ | ဦးဝင်းသူ | ဒဂုံမန်းလမ်း၊ ဈေးပိုင်းရပ်ကွက်၊ ကျောက်တံခါးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | "GG" စက်သုံးဆီဆိုင် | |
| ၄၅ | ဦးနီရမ်ကျမ်း | ကွင်းနောက်ရပ်ကွက်၊ ကျောက်တံခါးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ခရေ စက်သုံးဆီဆိုင် | |
| ၄၆ | ဦးဇော်ဖုန်းနိုင် | ထွေ/အုပ် အဆောက်အအုံ၊ ဆည်မြောင်းလမ်း၊ ရပ်ကွက်ကြီး-၅၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | Five Star KTV | |
| ၄၇ | ဦးကျင်သန်း | မင်းလမ်း၊ အရှေ့ဘက်ကမ်းရပ်ကွက်၊ ဝေါမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ဆန်သစ် ဆီဆိုင် | |
| ၄၈ | ဦးသိန်းဆွေ(ခ) ဦးပြုံးချို-ဒေါ်ခင်မမ | ဈေးချိုတန်းလမ်း၊မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | ရွှေဆိုင်+လပြည့်ဝန်းစတိုး | |
| ၄၉ | ဦးဘီဂျိုက်ကူမာ | ဒဂုံမန်းလမ်း၊ သူဌေးကုန်းရွာ၊ ကျောက်တံခါးမြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | နေလင်းအောင် စက်သုံးဆီဆိုင် | |
| ၅၀ | ဦးလှထွန်းဝင်းပါ(၃) | ဗိုလ်ချုပ်လမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | Smile Motel | |

# သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း မောင်းနှင်သွားလာလျက်ရှိသော မော်တော်ယာဉ်မောင်းနှင်သူများမှာ နေ့စဉ်စည်းကမ်းချိုးဖောက်မှုများကြောင့် ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုများ၊ ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယာဉ်မရပ်နေရာ၌ ရပ်တန့်ထားသောယာဉ်များ၊ ယာဉ်နှစ်ထပ်ရပ်တန့်ထားသောယာဉ်များ၊ ဖြူနီကျား ရေးဆွဲထားသည့်နေရာတွင် ရပ်ထားသောယာဉ်များ၊ အချက်ပြမီးပွိုင့်ဧရိယာအတွင်း ရပ်တန့်ထားသော ယာဉ်များအား မော်တော်ယာဉ်ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါသိုလှောင်ရုံ(၂)လုံးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (၃) နှစ်သက်တမ်း (၁)နှစ်တစ်ကြိမ်စာချုပ်ဖြင့်လည်းကောင်း၊ မြေ (၁)ကွက်အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (၅)နှစ်သက်တမ်း(၁)နှစ်တစ်ကြိမ်စာချုပ်ဖြင့်လည်းကောင်း ငှားရမ်းပေးသွားမည်ဖြစ်ပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးမှ သိုလှောင်ရုံ(၁)လုံး၊မြေ(၁)ကွက်**

Lot(1) (၁) သိုရုံ-၈(၁၇၅'×၈၀'×၁၇')(သွပ်၊အုတ်၊ကွန်) မင်္ဂလာတောင်ညွန့်မြို့နယ်၊ တကခ(၂)၊ အုပ်စု(၁၁)

Lot(2) (၂) မြေ ၂.၁၃၄ဧက၊ မှော်ဘီမြို့နယ်၊တပ်ကြီးကုန်းကျေးရွာ

(ခ) **မန္တလေးတိုင်းဒေသကြီးမှ သိုလှောင်ရုံ (၁) လုံး**

Lot(3) (၁) သိုရုံ-၇(၁၅၀'×၆၀'×၂၀')(သွပ်၊သွပ်၊ကွန်)မန္တလေးမြို့၊ မြို့ဟောင်းရပ်

(ဂ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၂-၂၀၁၈ရက်မှ ၂၁-၃-၂၀၁၈ရက်ထိ
**အချိန်** - နံနက် ၉:၃၀ နာရီမှ ၁၆:၃၀ နာရီထိ

(ဃ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၂၂-၃-၂၀၁၈ရက် ၁၂:၀၀နာရီ

(င) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၂-၃-၂၀၁၈ရက် မွန်းလွဲ ၁၃:၀၀နာရီ

(စ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊စီမံရေးရာဌာနခွဲ၊အမှတ်(၂၂၈/၂၄၀)ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ၃၅လမ်း၊၆၄×၆၅လမ်းကြား

(ဆ) **Deposit ပေးသွင်းနိုင်သည့်ဘဏ်များ** - တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။

(ဇ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၅၂)၊နေပြည်တော်

(ဈ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ရုံးအမှတ်(၅၂)၊နေပြည်တော်။

၂။ အဆိုပါ သိုလှောင်ရုံ(၂)လုံး၊ မြေ(၁)ကွက်၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁- ၂၅၀၄၃၂၊ ၀၂-၃၆၃၃၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၂-၂-၂၀၁၈ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၈-၂-၂၀၁၈ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀နာရီ

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော ပုံမှန်သင်တန်းများနှင့် ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်းများအတွက် လိုအပ်မည့် အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များ၏ လက်တွေ့သုံးပစ္စည်းများနှင့် လက်သုံးကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

(က) မြို့ပြအင်ဂျင်နီယာဘာသာရပ် (Civil Engineering)
(ခ) စက်မှုအင်ဂျင်နီယာဘာသာရပ် (Mechanical Engineering)
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘာသာရပ် (Electrical Power Engineering)
(ဃ) လျှပ်စစ်အင်ဂျင်နီယာဘာသာရပ် (Electronic Engineering)

၂။ Open Tender ပုံစံများကို ၂၂-၂-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစိတ်၊ ရုံးအမှတ် ၂၁ တွင် တစ်စုံလျှင် ကျပ် ၁၀၀၀၀/- နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂၈-၂-၂၀၁၈ရက် ညနေ ၄:၃၀နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၃၈၉၊ ၀၆၇-၄၀၄၄၅၆နှင့် website ဖြစ်သော www.tvetmyanmar.org တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**




သင် ---------- အဘယ်ဖြစ်ချင်လဲ အဘယ်လုပ်ချင်လဲ

**ဆရာရှင်မင်း(B.A)**

အကြားအမြင် မနေ့ာစွမ်းအား နှုန်း-၅၀၀၀ိ/

မန္တလေးမြို့မှထိပ်တန်းပညာရှင်ရန်ကုန်မြို့သို့ရောက်ရှိနေပါသည်။ ဖြစ်လိုသောကိစ္စများကိုမနေ့ာစွမ်းအားဂမ္ဘီရပညာဖြင့်စီမံဆောင်ရွက်ပေးသည်။ အိမ်မြေ ရောင်း၊ထွက်အောင်ဆောင်ရွက်ပေးသည်ရောင်းထွက်ပြီးမှဥာဏ်ပူဇော်ခပေးပါ

တိုက်အမှတ်(၅၄)၊ပထပ်၊(၈၇)လမ်း၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်၊09-421164758,09-974088891


# တိုက်ခန်းရောင်းမည်

| | |
|---|---|
| ခြောက်ထပ် | ၁၇၀ သိန်း |
| လေးထပ် | ၂၁၀ သိန်း |
| နှစ်ထပ် | ၂၅၀ သိန်း |
| မြေညီ | ၃၅၀ သိန်း |

၁၀ရပ်ကွက်ဈေးအနီး၊ သာကေတ ဖုန်း-၀၉-၇၇၂၄၃၃၂၃၅၊ ၀၉-၄၂၀၁၈၈၈၄၉

**မုံရွာမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနေရာများအား မြေငှားစာချုပ်(အသစ်)နှင့် (အမည်ပြောင်း)၊ (ခွဲစိတ်)၊ (စက်မှုစီးပွား)၊ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးအထောက်အထား တစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။**

| စဉ် | အမည် | အမှုတွဲအမှတ် | ကွင်း/အကွက် | ဦးပိုင်အမှတ် | ဧရိယာ | ရပ်ကွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်မြတ်လေးနွယ် | ၂၃၃ V ၄ား ၁၇-၁၈ | ၄၄-ကျောက်ကျင်း | ၅၆ | ၀.၀၈၈ | ရတနာပုံ | ဂရန်အသစ် |
| ၂ | ဒေါ်သန်းမြိုင် | ၂၄၃ V ၄ား ၁၇-၁၈ | ၂၆၊ လယ်တီ | ၃၂/၃၇၊ ခ-၃ | ၀.၀၅၂ | ဒေါနခြံ | ဂရန်အသစ် |
| ၃ | ဦးမျိုးမြင့်+ ဒေါ်မြင့်မြင့်သန်း | ၂၄၈ V ၄ား ၁၇-၁၈ | ၈၄၊ ရန်မျိုးအောင် | ၇၉ | ၀.၀၅၄ | ရန်ကင်း | ဂရန်အသစ် |
| ၄ | ဦးသိန်းဝင်း | ၁၈၀ V ၄ား ၁၇-၁၈ | ၃/၅၁၊ စက်မှုဇုန် | မြတ်လေးလမ်း-၄၁ | ၀.၁၁၀ | စက်မှုဇုန် | ဂရန်အသစ် |
| ၅ | ဦးစောလှိုင်ဝင်း | ၁၈၁ V ၄ား ၁၇-၁၈ | နန္ဒဝန် | ၁၂လမ်း ၁၀၈ | ၀.၁၁၀ | နန္ဒဝန် | ဂရန်အသစ် |
| ၆ | ဒေါ်ငွေး | ၁၈၉ V ၄ား ၁၇-၁၈ | ၆၈၃ကူးတို့ကုန်း | ၂၆/၁၀၇ | ၀.၀၅၀ | မုံရွာတောင် | ဂရန်အသစ် |
| ၇ | ဒေါ်မီမီလွင် | ၁၆၉ V ၄ား ၁၇-၁၈ | ၃/၅၀၊ နန္ဒဝန် | သုခဝတီလမ်း၊ ၁၁၂၊ ၁၁၄၊ ၁၁၆၊ ၁၁၈ | ၀.၄၄၀ | စက်မှု | စက်မှု/စီးပွား ဂရန်အမည်ပြောင်း |
| ၈ | ဦးအောင်ချစ် | ၂၁၀ V ၄ား ၁၇-၁၈ | ၆၈၆၊ မန်ကျည်းကုန်း | ၇၁-က၊ ၇၁-ဃ ၇၀-က၊ ၇၁-င၊ ၇၃-က | ၀.၉၅ | နတ်လူထိပွန် | စက်မှု/စီးပွားဂရန် ခွဲစိတ်အမည်ပြောင်း |
| ၉ | ဦးထွန်းနိုင်ထွေး | ၂၁၃ V ၄ား ၁၇-၁၈ | ၆၈၆၊ မန်ကျည်းကုန်း | ၆၇-က၊ ၆၉-ခ၊ ၇၀-က၊ ၇၁-င၊ | ၀.၄၈ | နတ်လူထိပွန် | စက်မှု/စီးပွားဂရန် ခွဲစိတ်အမည်ပြောင်း |
| ၁၀ | ဦးထွန်းနိုင်ထွေး | ၂၁၂ V ၄ား ၁၇-၁၈ | ၆၈၆၊ မန်ကျည်းကုန်း | ၇၁-က၊ ၁၅-ဃ ၇၁-ဃ၊ | ၀.၇၃ | နတ်လူထိပွန် | စက်မှု/စီးပွားဂရန် ခွဲစိတ်အမည်ပြောင်း |
| ၁၁ | ဒေါ်သီဂီဝင်း | ၂၁၄ V ၄ား ၁၆-၁၇ | ၆၈၆၊မန်ကျည်းကုန်း | ၁၅-က၊ ၇၁-က၊ ၁၅-ခ၊ ၁၆-က ၇၁-ခ၊ ၁၅-ဃ၊ ၁၆-ခ၊ ၆၈-က၊ ၆၉-က | ၀.၈၅ | နတ်လူထိပွန် | စက်မှု/စီးပွားဂရန် ခွဲစိတ်အမည်ပြောင်း |

**ကော်လိတ္တော်အရာရှိ (မုံရွာခရိုင်)**

## အမည်ပြောင်းနှင့် မိဘအမည်မှန်

မိုးကောင်းမြို့၊ အလက (ကျွန်းတော)၊ အဋ္ဌမတန်း(B)မှ မမိုးမိုးခိုင်အား မရွယ်ဆန့်ဟု ပြောင်းလဲခေါ်ဆိုပြီး၊ ၎င်း၏မိဘအမည်မှန်မှာ ဦးဇော်ထုံ(ခ)ယော်ထုံ ၁/မကတ(နိုင်)၀၅၇၂၁၄ နှင့် ဒေါ်သန်းနု ၁/မကတ(နိုင်)၀၅၇၂၁၅ ဖြစ်ပါသည်။

## အမည်မှန်နှင့် တစ်ဦးတည်းဖြစ်ကြောင်း

ကချင်ပြည်နယ်၊ လွယ်ဂျယ်မြို့နယ်ခွဲ၊ အောင်ဇေယျာရပ်ကွက်နေ မောင်ကွမ်ဂျာဆိုင်း ၁/လဂန (နိုင်) ၀၀၆၀၁၂၏ အမည်မှန်မှာ မောင်မရစ်ကွန်ဂျာဆိုင်းဖြစ်ပြီး ၎င်း၏ဖခင် ဦးကမ်ဖန်(ခ)ဦးမရစ်ဂမ်ဖန် သည် တစ်ဦးတည်းဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AA/5912 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

# မွေးနေ့မင်္ဂလာဆုတောင်း

ဆရာမကြီး ဒေါ်သီဂီဦး(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း) အထက(၄)တာမွေ၏ ၂၂-၂-၂၀၁၈ရက်တွင် ကျရောက်သော မွေးနေ့မှသည် နှစ်ပေါင်းများစွာ သက်ရှည်၊ ကျန်းမာစိတ်ချမ်းသာ၍ ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သားတပည့်**
**ဦးဇော်သိန်း**
**လက်ထောက်ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူး)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်လင်းထွန်း ၁၁/မပတ(နိုင်)၀၄၂၆၇၃ က ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၊ လူနေရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ်(၂၇၇)(၂၇၈)တို့၏ တစ်စိတ်တစ်ဒေသ၊ (၁/၁၁)ရပ်ကွက်၊ အလောင်းဘုရားလမ်း/တောင်ငူလမ်း၊ အမှတ် ၂၇၇/၂၇၈ဟုခေါ်တွင်သော မြေကွက်အမှတ် ၂၇၈မြေကွက်၏အကျယ်အဝန်းအနက်မှ (အလျား×အနံ)(၁၅ပေ× ပေ၆၀)၊ မြေကွက်အမှတ် ၂၇၇ မြေကွက်၏ အကျယ်အဝန်းအနက်မှ (အလျား×အနံ) (၅ပေ×ပေ၆၀)စုစုပေါင်း အကျယ်အဝန်း(အလျား×အနံ)(ပေ၂၀×ပေ၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အဆောက်အအုံတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမြင့်နိုင် ၁၂/အစန(နိုင်)၁၀၆၁၁၀ ထံမှ စရန်ငွေပေးချေထားပြီးဖြစ်၍ ၎င်းအရောင်းအဝယ်အား ကန့်ကွက်လိုပါကခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်အောင်စိုး(စဉ်-၁၁၂၈၅)**
**LL.B.,C.B.L,D.B.L,D.I.L တရားလွှတ်တော်ရှေ့နေ**

**ဦးအောင်သူစိုး(စဉ်-၃၉၂၇၁)** LL.B.,B.Sc(Engg)
**ဦးဝဏ္ဏစည်သူမိုး(စဉ်-၄၇၁၃၂)** LL.B

**အထက်တန်းရှေ့နေများ**
အမှတ် ၁၅၁၊ ဒုတိယထပ်၊ ၃၈လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၄၀၃၁၈၃၊ ၀၉-၉၆၅၄၀၃၁၈၃၊ ၀၉-၇၆၅၄၀၃၁၈၃

# ကြော်ငြာဆိုင်းဘုတ်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ကြော်ငြာဆိုင်းဘုတ်များကို ၄၅'×၁၅' သတ်မှတ်အရွယ်အစားအတိုင်း စနစ်တကျ စိုက်ထူထားရှိပြီးဖြစ်ပါသည်။ စိုက်ထူပြီးကြော်ငြာဆိုင်းဘုတ်များအား ၁-၄-၂၀၁၈ရက်မှ ၃၀-၉-၂၀၁၈ရက်အထိ (၆)လကြားခံကာလအတွက် ပြန်လည်အငှားချထားရန်ရှိသော ကြော်ငြာဆိုင်းဘုတ်များတွင် ကြော်ငြာလုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားလိုပါက အသေးစိတ်အချက်အလက်များကို ၂၆-၂-၂၀၁၈ရက်မှ ၉-၃-၂၀၁၈ရက်အထိ ရုံးချိန်အတွင်း စီမံရေးရာဌာန၊ စီမံဌာနခွဲ၊ ကြော်ငြာဌာနစိတ်တွင် လာရောက်ဆက်သွယ်၍လည်းကောင်း၊ စီမံရေးရာဌာန ကြော်ငြာသင်ပုန်းတွင်လည်းကောင်း ကြည့်ရှုဆက်သွယ် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီမံရေးရာဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀အိုင်ႆ၊ မြေကွက်အမှတ် I၁၀၊ ဧရိယာ ၀ဒသမ၁၅၂ဧက၊ Darwood Hashim Esoof & 3 Others အမည်ပေါက်၊ စက္ကူတာမြေကွက်အား ဥက္ကဋ္ဌ ဦးလှမြင့်သည် ၁၃-၉-၂၀၁၆ ရက်တွင် ကွယ်လွန်သွားခဲ့သဖြင့် ဂေါပကအဖွဲ့ဝင်များ၏ စုံညီအစည်းအဝေးတွင် အစားထိုး၍ ဒုဥက္ကဋ္ဌ ဦးတင်နိုင်အား ဂေါပကအဖွဲ့၏ကိုယ်စား တာဝန်ပေးအပ်ကြောင်း စူရ်တီစွန္နီဂျာမေဗလီကြီးအုပ်ချုပ်မှုဂေါပကအဖွဲ့၏ ၂၆-၉-၂၀၁၆ရက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အတူ ရပ်ကွက်/မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်/ခရိုင်သာသနာရေးမှူးတို့မှ သက်ဆိုင်ရာဌာန၏လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီဆောင်ရွက်မည်ဆိုပါက သာသနာရေးရှုထောင့်မှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံထားပါသဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းတို့နှင့်အညီ ဂရန်သစ်နှင့်ဂရန်သက်တမ်းတိုး လျှောက်ထားလာခြင်းအား သာသနာရေးရှုထောင့်မှ ကန့်ကွက်ရန်မရှိကြောင်း တိုင်းဒေသကြီးသာသနာရေးမှူး၏ ၂-၁၂-၂၀၁၆ရက်စွဲပါ စာအမှတ် ၂၂၂/၀၅-၂(သာ)/ တသန/ရကတ(၀၀၀၁)ဖြင့် ထောက်ခံချက်ကိုတင်ပြခြင်း၊ စူရ်တီစွန္နီဂျာမေဗလီ၏ စီမံအုပ်ချုပ်မှုစည်းမျဉ်းစာအုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၅-၅-၂၀၁၇ရက်စွဲပါ စာအမှတ်၊ ၄/၈-၁(၁၄)/စည်ပင်(အစည်းအဝေး)ဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ၂၈-၄-၂၀၁၇ရက်တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၇)ဆုံးဖြတ်ချက်အပိုဒ် (၂၆)အရ မြေဂရန်အသစ်နှင့် ဂရန်သက်တမ်းတိုးလျှောက်ထားခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်းတို့အား ခွင့်ပြုကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အကြောင်းကြားစာ၊ မြေစာရင်းမှတ်ချက်များနှင့်ပတ်သက်၍ တရားရုံးချုပ်၏ ၂၀၀၉ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၈၇ဖြင့် ၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ် ၄၂၅ တွင် ၁၂-၁၂-၂၀၀၈ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်၍ ပြင်ဆင်မှုတက်သောအမှုတွင် ရန်ကုန်တိုင်းတရားရုံး၏ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၁၂ရက်စွဲပါ စီရင်ချက်အမိန့်ကို ပယ်ဖျက်သည့်အမိန့်၊ ၂၀၀၉ ခုနှစ် တရားမအထွေထွေလျှောက်လွှာ(အထူး)အမှတ် ၁၃၀၏ နေ့စဉ်မှတ်တမ်း၊ ဟာဂျီ ဦးတင်နိုင်၊ ဟာဂျီ ဦးကျော်ဝင်း၊ အဗ္ဗဒူဘာကါရ်(ခ)ဟာဂျီဦးတင်ဝင်း၊ အဒူလ်ဟာဖီစ်(ခ)ဟာဂျီ ဦးအောင်နိုင်၊ ဟာဂျီဖေရိုစ်(ခ) ဦးသန်းတင်၊ ဟာဂျီ ဦးအေးလွင်၊ ဦးမြင့်ဝင်းတို့မှ စူရ်တီစွန္နီဂျာမေဗလီကြီး၏ ယနေ့တိုင် တရားဝင်လက်ရှိအုပ်ချုပ်မှုဂေါပကအဖွဲ့ဝင်များဖြစ်ကြသည်မှာ မှန်ကန်ပါကြောင်း၊ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိတို့မှ တာဝန်ယူပါကြောင်းနှင့် စူရ်တီစွန္နီဂျာမေဗလီကြီးဂေါပကအဖွဲ့(ဥက္ကဋ္ဌ)ဦးလှမြင့် မကွယ်လွန်မီက ၂၈-၁-၂၀၁၅ရက်စွဲပါစာဖြင့် ဖော်ပြပါမြေနှင့် အဆောက်အအုံမှာ Trustees of the Botataung Surati Masjid ပုဂ္ဂိုလ်ကြီး(၄)ဦးအမည်ဖြင့် မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူကာ မြေငှားဂရန်အမည်ပေါက် ပြောင်းလဲမှတ်သားပြီးသော မြေဖြစ်ကြောင်း၊ ဗလီဂေါပကလူကြီးအမည်ပေါက် မြေငှားဂရန်ဖြစ်ကြောင်း၊ ပြင်ပပုဂ္ဂိုလ်တစ်ဦးတစ်ဖွဲ့က ဝကဖ်ပြုလှူဒါန်းခြင်းမျိုးမဟုတ်ကြောင်း၊ ဝကဖ်စာချုပ်လိုလည်းမလို၊ ရှိလည်းမရှိခဲ့ကြောင်း၊ ဂေါပကလူကြီးများက ဗလီကြီး၏ ဂေါပကပိုင်ပစ္စည်းအဖြစ် တိုက်ရိုက်ဝယ်ယူ၊ တိုက်ရိုက်အမည်ပေါက်ပြောင်းလဲခဲ့ခြင်းဖြစ်ပါကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၏ကျမ်းကျိန်အမှတ်စဉ် ၁/၁၇၉(၃- ၁-၂၀၁၈) ရက်စွဲပါ ကတိသစ္စာပြုလွှာ အဆိုပါမြေပေါ်ရှိနေအိမ်အဆောက်အအုံများမှာလည်း ဂေါပကအဖွဲ့ပိုင်ဖြစ်ပြီး နေထိုင်သူများမှာ ဂေါပကအဖွဲ့ဝင်၏ အိမ်ငှားများဖြစ်ကြကြောင်း၊ မြေအဆောက်အအုံနှင့်ဆိုင်သည့်အခွန်အခများကို ဂေါပကအဖွဲ့က ထမ်းဆောင်ပြီး အိမ်လခများကိုလည်း ဂေါပကအဖွဲ့က တရားဝင်ကောက်ခံပါကြောင်း တင်ပြစာနှင့်ပတ်သက်၍ မှန်ကန်ကြောင်း ဝန်ခံကတိသစ္စာပြုလွှာ၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၅၆၃/၁၉၁၈ ဖြင့် Trustees of the Botataung Surati Masjid ဝယ်ယူခဲ့သည့် အထောက်အထားတို့တင်ပြ၍ စူရ်တီစွန္နီဂျာမေဗလီကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်နိုင် ၁၂/ပဇတ(နိုင်)၀၁၄၇၈၈ မှ ဂရန်သစ်လျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် (၁)ထပ် စူရ်တီစွန္နီဂျာမေဗလီ အသုံးပြုထားသော (၁)ထပ်အုတ်ညှပ် (၁)လုံး၊ (၂)ခန်းတွဲ (၈)ထပ်ခွဲ(၁)လုံး၊ လူနေတိုက်ခန်းများ လူနေထိုင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပြီး ဥက္ကဋ္ဌ ဦးတင်နိုင်မှ မြေပေါ်တွင် (၂)ခန်းတွဲ (၈)ထပ်ဒါဘာပါဝင်သည့် ဆောက်လုပ်ဆဲတိုက် အဆောက်အအုံပေါ်တွင် အခန်း(၁၇)ခန်းရှိပြီး အဆိုပါအဆောက်အအုံတွင် မူလနေထိုင်သူ (၄) ဦးရှိပါသည်။ အစိုးရပိုင်အခန်းနှင့်ဌာနဆိုင်ရာပိုင်အခန်းများလုံးဝမရှိကြောင်း၊ ကျန်အပျောက်ခန်းပိုင်ရှင်များနှင့် မိမိတို့ပြဿနာအရှုပ်အရှင်း တစ်စုံတစ်ရာမရှိပါကြောင်း၊ ၎င်းတို့နှင့်ပတ်သက်၍ မိမိတို့မှ တာဝန်ယူပါကြောင်း ဝန်ခံကတိအား အရာရှိရှေ့တွင် တင်ပြလာပြီးဖြစ်ပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စူရ်တီစွန္နီဂျာမေဗလီကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်နိုင်မှ ဂရန်သစ် လျှောက်ထားလာခြင်းအား ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ

ရွှေကျောင်းတော်ကြီး၏ ထုပိကာတော်အား လိုအပ်နေသည့် ရွှေစင်ရွှေပြားအသစ်ကပ်လှူခြင်း၊ ရာမလက်ညှိုးမှ ကြာကလပ်တော်အထိ ကြေးပြားနှင့်ရွှေစင်ရွှေပြား အသစ်ကပ်လှူခြင်း၊ ပြာသာဒ်တော်ဘုံခုနစ်ဆင့်နှင့် အရံစေတီတော်ဘုံသုံးဆင့်တို့အား မျက်ပါးရွှေကပ်လှူခြင်းတို့အတွက်

(၁) ထုပိကာတော် (၆" ပတ်လည်၊ ဝိ သား) ရွှေစင်ရွှေပြားတစ်ချပ် = ၉၄၀၀၀ိ/-
(၂) ရာမလက်ညှိုးကြာကလပ်တော် (၉" ပတ်လည် ဝိ၊ ၁၂ သား)ရွှေစင်ရွှေပြားတစ်ချပ် = ၁၆၄၅၀၀ိ/-
(၃) ပြာသာဒ်တော်နှင့်အရံစေတီတော်မျက်ပါးရွှေ (၂" ပတ်လည်)ရွှေတစ်ဆိုင်း = ၅၀၀၀ိ/-
(၄) မျက်ပါးရွှေကပ်လှူပြီး အရံစေတီတော်၏ထီးတော်တစ်ဆူ = ၁၆၅၀၀ိ/-
(၅) မျက်ပါးရွှေကပ်လှူပြီး ကြာပန်းခိုင်တစ်ခိုင် = ၁၀၀၀၀ိ/-

အလှူရှင်များအနေဖြင့် မဟာမုနိဘုရားကြီးရင်ပြင်တော် မိုးကောင်းဓမ္မာရုံ အလှူခံမဏ္ဍပ်တွင် လှူဒါန်းနိုင်ပါကြောင်းနှင့် ရပ်ဝေးအလှူရှင်များအနေဖြင့် UAB ဘဏ် အမှတ် (017070100006042) သို့ ပေးပို့လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်နိုင်ပါရန် ဖုန်း-၀၉-၂၂၂၈၀၁၂၊ ၀၉-၄၂၅၅၅၆၀၅၅**

**မဟာမုနိဂေါပကအဖွဲ့၊ မန္တလေးမြို့**

## အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး သံဃာဆောင် (သံဃာ့ဆေးရုံ) ဩဝါဒခံယူပွဲနှင့် အလှူငွေပေးအပ်ပွဲ ဖိတ်ကြားလွှာ

အင်းစိန် အထွေထွေရောဂါကုဆေးရုံကြီး သံဃာဆောင်(သံဃာ့ဆေးရုံ) တိုးချဲ့နှစ်ထပ်ဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းအတွက် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ 'ဩဝါဒခံယူခြင်း' နှင့် 'အလှူငွေပေးအပ်လှူဒါန်းခြင်း' မင်္ဂလာအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုနိုင်ပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁၃ရက်၊ ၂၇-၂-၂၀၁၈ ရက် (အင်္ဂါနေ့)
**အချိန်** - မွန်းလွဲ ၂း၀၀ နာရီ
**နေရာ** - အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး
**ကော်မတီရုံးခန်း (ဆက်သွယ်ရန်) ဖုန်း- ၀၉-၄၀၀၆၃၁၇၂၇၊ ၀၉-၅၁၄၈၂၁၉**

## ပအိုဝ်းအမျိုးသားနေ့ပွဲတော် ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာ ရပ်ကွက်၊ တောင်ကြီးပရိယတ္တိစာသင်တိုက်၌ နှစ်စဉ် ကျင်းပမြဲ ဖြစ်သော တပေါင်းလပြည့်၊ ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်အားပေးကြပါရန် ရပ်ဝေးရပ်နီးမှ မိတ်ဆွေသဟာယအပေါင်းတို့အား ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၈-၂-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) ၁-၃-၂၀၁၈ ရက် (ကြာသပတေးနေ့) တပေါင်းလပြည့်နေ့
**ကျင်းပမည့်အချိန်** - နံနက် ၈နာရီမှ စတင်ပါမည်။
**ကျင်းပမည့်နေရာ** - တောင်ကြီးပရိယတ္တိစာသင်တိုက်၊ မဟာစည်သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ပွဲဖြစ်မြောက်ရေးကော်မတီ**

## အကောက်ခွန် ဝန်ထမ်းဟောင်းများအသင်း

အသင်းမဝင်ရသေးသော ဝန်ထမ်းဟောင်းများနှင့် ကြိုတင် အသင်းဝင်ထားသော ဝန်ထမ်းဟောင်းများအနေဖြင့် အသင်းဝင်ကတ် နေ့ချင်းပြီး ထုတ်ပေးမည်ဖြစ်ပါသဖြင့် အသင်းဝင် လျှောက်လွှာဖြည့်စွက်ရာတွင် လိုအပ်သော ပတ်စ်ပို့ဆိုက် ဓာတ်ပုံ(၂)ပုံ/အကောက်ခွန်ဌာနမှ ထုတ်ပေးသော IDကတ် မိတ္တူ/ပင်စင်စာအုပ်ရှိပါက မိတ္တူနှင့် မှတ်ပုံတင်မိတ္တူတစ်ခုခုကို တစ်ပါတည်းယူဆောင်၍ ၂၅-၂-၂၀၁၈ ရက်တွင် ကျင်းပမည့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြပါရန်။ **အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုဇုန်(၁)၊ မြေကွက်အမှတ် ၁၃၄၊ ဧရိယာ ၂ ဒသမ ၅၂၇ဧက၊ မြေအမျိုးအစား နှစ်၆၀ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် ၁၃၄၊ ဦးခြိမ့်လမ်း၊ စက်မှုဇုန်အပိုင်း(၁)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်နှင်းရီ (ခ) စိုးကျင်လှိုင် ၁၃/ကခန(နိုင်)၀၂၈၁၀၇ မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းမြတ်ဇော်** **ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ကံဘဲ့၊ မြေကွက်အမှတ်-၄၈/ထ-A၊ ဧရိယာ ၀ ဒသမ ၀၂၉ ဧက၊ မြေပိုင်မြေပေါ်ရှိ အမှတ် (၁၈/ခ)၊ စွန်းလွန်းဂူကျောင်းလမ်းသွယ်(၂)၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား မြို့မြေစာရင်းတွင် ဒေါ်အမာကြည် ၁၂/ရကန(နိုင်)၀၅၁၆၅၆ အမည်ဖြင့်တည်ရှိပြီး ၎င်းသည် ၂၀-၃-၂၀၁၇ ရက်တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ရာ ကျန်ညီအစ်ကိုမောင်နှမများဖြစ်သည့် ဒေါ်အမာစိန် ၁၂/ရကန(နိုင်)၀၃၇၇၂၁၊ ဒေါ်အမာရီ ၁၂/ရကန(နိုင်)၀၅၁၇၄၇၊ ဒေါ်အမာနီ ၁၂/ရကန(နိုင်)၀၅၂၀၃၄၊ ဒေါ်ခင်မာသီ ၁၂/ဒဂန(နိုင်)၀၂၀၈၁၇၊ ဒေါ်မြတ်နုခိုင် ၁၂/မရက(နိုင်)၀၅၄၇၉၃၊ ဦးမြင့်ဇော် ၁၂/ရကန(နိုင်)၀၅၃၉၉၃၊ ဦးသောင်းစိန် (ခ)ဦးတင့်ကျော် ၁၂/ကတတ(နိုင်)၀၃၂၂၇၇၊ ဦးဝင်းစိုး ၁၂/ရကန(နိုင်)၀၅၂၀၄၃၊ ဦးဖြိုးဖြိုး(ခ)ဦးဝင်းဖြိုး ၁၂/ ရကန(နိုင်)၀၆၁၀၄၇ တို့မှ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ အမွေဆက်ခံပြီး ၎င်းတို့ကိုယ်စား ဦးမြင့်ဇော်မှ ကိုယ်တိုင်နှင့် ကျန်သူများ၏ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၈၂၆/၂၀၁၇ (၁၉-၄-၂၀၁၇) နှင့် ၃၈၂၇/၁၇ (၁၉-၄-၂၀၁၇)တို့အရ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းဦး** **ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ် (၈/မြိုင်သာယာ)၊ ဦးပိုင်အမှတ် (၂၄၂)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိမြေသည် မြေစာရင်းပုံစံ(၁၀၅) နှင့် မြေရာဇဝင် (၁၀၆)တွင် မွန်ပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၃၁-၁၂-၁၉၉၁ ရက်စွဲပါစာအမှတ်၊ ၅၀၀/၂-၃၁/ပ၀တ(မွန်)အရ လ/န(၃၉)သတ်မှတ်ထားသောမြေဖြစ်ပြီး မြိုင်သာယာဝန်ထမ်းအိမ်ရာဖော်ထုတ်ချထားရေးဗဟိုကြီးကြပ်မှုကော်မတီမှ ပေ(၄၀×၆၀)၊ မြေကွက်အမှတ် (၄၀၅)အား ဦးဝင်းကြူအမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပြီး ဦးဝင်းကြူမှ ဒေါ်ရှုရင်နှင့် ဒေါ်ခင်စန်းမြင့်သို့ သက်ဆိုင်ရာဌာနအသီးသီးတွင် တရားဝင်ဆောင်ရွက်နိုင်ရန်အတွက် အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၃၉/၁၉၉၃ ဖြင့် ပေးအပ်ရောင်းချခဲ့ပြီး မြိုင်သာယာဝန်ထမ်းအိမ်ရာ ဘဏ္ဍာရေးကော်မတီတွင် မြေကွက်အမည်ပြောင်းလဲခြင်းအတွက် ငွေရပြေစာအမှတ် ၀၀၀၀၁၀၀ ဖြင့် မြေကွက်အမည်ပြောင်းလဲခဲ့ပြီး မြေပေးမိန့်ထုတ်ယူခဲ့ခြင်းမရှိမှုအပေါ် ကျမ်းကျိန်လွှာအမှတ် ၂၂၆/၂၀၁၇ ဖြင့် ကျမ်းကျိန်ဆိုကာ နှစ်ရှည်မြေငှားဂရန် ပထမအကြိမ်ချထားပေးရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နှစ်ရှည်မြေငှားဂရန် ပထမအကြိမ် လျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## မိခင်အမည်မှန်

လောင်းလုံးမြို့၊ အထက(ခွဲ) ဝေဒီ၊ သတ္တမတန်းမှ မောင်မျိုးဆက်သူ၏ မိခင်အမည်မှန်မှာ ဒေါ်နွယ်နွယ်ယု ၆/လလန(နိုင်)၁၃၉၄၉၁ ဖြစ်ပါကြောင်း။ **ဒေါ်နွယ်နွယ်ယု**

## မြေငှားဂရန်သစ်လျှောက်ထားရာတွင် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ၅ ပဒေသာရပ်၊ ဦးပိုင်အမှတ် ၆၃၊ မြေကွက်အမှတ် 63 ဧရိယာ ၀ ဒသမ ၂၂၀ ဧကရှိမြေကို ဂရန်အမှတ်အမှတ် ၈၅၄/၁၉၉၅-၁၉၉၆ အရ ဒုတိယဗိုလ်မှူးကြီးသီလှအမည်ဖြင့် ချထားပေးခဲ့ပြီး ဦးတင်ကိုကိုသို့ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၃၆/၂၀၁၀) ပြင်ဦးလွင်မြို့အရ လွှဲအပ်ခဲ့ပြီး အရောင်းအဝယ်စာချုပ်အမှတ် (၂၂၄/၂၀၁၁)အရ ဒေါ်ရင်လွှမ်းမှ ဝယ်ယူပိုင်ဆိုင်ခဲ့၍ ဂရန်သစ်လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-** **ဒေါ်ရင်လွှမ်း**
**ဒေါ်မေဟန်စိုးဝင်း (စဉ်-၁၃၄၃၂)** **၁၀/သထန(နိုင်)၀၄၅၅၆၅**
**LL.B, DPS, DIR, DIL, DBL, PGDE (MUFL)**
**တရားလွှတ်တော်ရှေ့နေ**
ရကက(၆)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၀၃၇၀၅၈၈၆

## မိခင်အမည်မှန်

လောင်းလုံးမြို့၊ အထက(ခွဲ)ဝေဒီ နဝမတန်းမှ မနှင်းချယ်ရီမိုး၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မမ ၆/လလန (နိုင်)၀၉၉၇၂၂ ဖြစ်ပါကြောင်း။ **ဒေါ်ခင်မမ**

## နို့တစ်စာ

ဦးကိုလေး သိစေရန်

ဦးကိုလေးသည် အစိုးရပိုင် အိမ်ဥပစာဖြစ်သည့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၊ ဇိုင်းဂနိုင်းတောင်ပိုင်း၊ မင်းလမ်းရှိ ပြည်သူပိုင်သိမ်းဆိုင်ခန်းအမှတ် ပဆ-၁၄/၁၀၄၃ တွင် ခွင့်ပြုချက်မရဘဲ နေထိုင်လျက်ရှိသည်ဟု အခွင့်ရအာဏာပိုင်က ယူဆကျေနပ်သောကြောင့် ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေပုဒ်မ ၃အရ ဦးကိုလေးနှင့် လက်ရှိနေထိုင်သူများအားလုံးသည် ၂၁-၂-၂၀၁၈ရက်မှ ၁၅ရက်အတွင်း အဆိုပါအိမ်ဥပစာမှ ထွက်ခွာသွားရမည်ဟု အခွင့်ရအာဏာပိုင်မှ ဆင့်ဆိုလိုက်သည်။ အကယ်၍ အဆိုပါအိမ်ဥပစာမှ အထက်တွင် သတ်မှတ်ထားသည့်ရက်အတွင်း ထွက်ခွာမှုမရှိပါက ဦးကိုလေးနှင့် လက်ရှိနေထိုင်သူများအားလုံးသည် အနိုင်အထက်ပြုမှုဖြင့် ထိုအိမ်ဥပစာမှ ဖယ်ရှားခြင်းခံရလိမ့်မည်။

**(အခွင့်ရအာဏာပိုင်)**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**စားသုံးသူရေးရာဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး**

## ဖခင်အမည်မှန်

လောင်းလုံးမြို့၊ အထက(ခွဲ) ဝေဒီ၊ နဝမတန်းမှ မသွယ်ဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုကို ၆/ဘပန(နိုင်)၀၃၂၄၄၄ ဖြစ်ပါကြောင်း။ **ဦးအောင်ကိုကို**

## ဖခင်အမည်မှန်

လောင်းလုံးမြို့၊ အထက(ခွဲ) ဝေဒီ၊ နဝမတန်းမှ မောင်ချစ်ပိုက်ကို၏ ဖခင်အမည်မှန်မှာ ဦးကျော်အေး ၆/လလန(နိုင်)၀၄၇၁၅၀ ဖြစ်ပါကြောင်း။ **ဦးကျော်အေး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1B/7156 NISSAN CONDOR CP80H TRUCK(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝင်း ၁၃/ကမန(နိုင်)၀၀၄၄၁၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကျောက်မဲမြို့)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အောင်သပြေအရှေ့ (၅) လမ်း၊ အမှတ် ၄၇/က နေ ဦးအေးမင်းဦး-ဒေါ်အိအိစံတို့၏သား မောင်ကောင်းမင်းခန့် ၁၂/သကတ(နိုင်)၁၉၆၉၃၈ သည် မိဘတို့၏ပြောဆိုဆုံးမမှုကို မနာခံဘဲ မိမိ၏သဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးအေးမင်းဦး-ဒေါ်အိအိစံ**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ကျိုက်ဖနဲရပ်ကွက်၊ အကွက်အမှတ် (၅)၊ ဦးပိုင်အမှတ် ၁၇၃၊ မြေချိန်ဧရိယာ ၀ဒသမ ၀၂၈ ဧကရှိမြေသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ (၁-က)တွင် အခွန်အမှုတွဲအမှတ် (V)၄၆၂/၂၀၀၀-၂၀၀၁ အရ ဦးကျော်သိန်း၊ ဒေါ်မေရီဝင်း အမည်ဖြင့် နှစ်၃၀အငှားဂရန်ရရှိထားပြီး၊ ဂရန်သက်တမ်းမှာ ၃-၄-၂၀၃၁ ရက်တွင် ကုန်ဆုံးမည်ဖြစ်ပါသည်။ ဦးကျော်သိန်းသည် ၅-၃-၂၀၁၄ ရက်တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့၍ ညီမ ဒေါ်မေရီဝင်းမှ အိမ်နှင့်မြေအား တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းကို ၁-၁၀-၂၀၁၄ ရက်တွင် တရားရုံးကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် ၃၀၅/၂၀၁၄ဖြင့် ကျမ်းကျိန်ဆိုခဲ့ပြီး၊ စာချုပ်အမှတ် ၃၀၆/၂၀၁၄ ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုခဲ့သဖြင့် ဒေါ်မေရီဝင်းမှ တရားဝင်ပိုင်ဆိုင်လာ၍ မြေငှားဂရန် အမည်ပြောင်းလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ အမှတ် (၆၇/၁)၊ ယင်းမာမြိုင်လမ်း၊ (၂၃)ရပ်ကွက်နေ ဒေါ်မွေးပပဇော် ၇/အတန(နိုင်)၀၀၁၇၅၉ ကိုင်ဆောင်သူ ပိုင်သော ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် (၃/၄)၊ မြေကွက်နံပါတ် (၅၇၇)၊ (Block ၁၅/၉)၊ ဧရိယာ (၀ဒသမ ၀၆၉) ဧက၊ (၃၀၀၀) စတုရန်းပေ၊ မြေကျယ် ၆၀'×၅၀' အကျယ်ရှိသော မြေကွက်အား အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှေဇင်ဦး ၉/မနတ(နိုင်)၀၇၅၄၇၄**
**ဖုန်း-၀၉-၇၃၀၂၄၈၃၉၊ ၀၉-၅၁၀၇၈၇၆**

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်ကျင်ပွင့် (မြောင်းမြမြို့)

**အသက်(၇၈)နှစ်**

ဦးခင်မောင်ဝင်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်လင်းလင်းသန့်တို့၏မိခင်သည် ၂၀-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၀း၁၀နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်ကျင်ပွင့် (မြောင်းမြမြို့)

**အသက်(၇၈)နှစ်**

မြောင်းမြမြို့၊ ဘောင်ဒရီလမ်း၊ အမှတ် ၁၅နေ(ဦးလှသင်း)၏ဇနီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၈)လမ်း၊ အမှတ် ၂၂၂နေ ဦးခင်မောင်ဝင်း(ဦးဆောင်ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်လင်းလင်းသန့်တို့၏မိခင် ဒေါ်ကျင်ပွင့်သည် ၂၀-၂-၂၀၁၈ရက် နံနက် ၁၀း၁၀နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်**

**ရဟန်းဒါယိကာမကြီး**

## ဒေါ်ကျင်လှိုင် အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၉၅၊ ၄၃လမ်း၊ မြေညီထပ်နေ (ဦးလှမြင့်)၏ဇနီး၊ ဦးခင်ဇော်-ဒေါ်မြင့်မြင့်အေး [အထက(၄) ဗိုလ်တထောင်]၊ ဦးစောလှိုင်-ဒေါ်နီနီအေး၊ ဦးခင်မောင်မြင့်-ဒေါ်စန္ဒာလွင်၊ ဒေါ်စမ်းစမ်းအေး [အမက(၁)ဗိုလ်တထောင်]၊ ဦးတင်မောင်လတ်-ဒေါ်နွဲ့နွဲ့အေး၊ ဦးမျိုးသန့်ဇော်-ဒေါ်သန်းသန်းထွေးတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၁-၂-၂၀၁၈ရက် နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၂-၂၀၁၈ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေးဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းရီ(ခ)ဒေါ်နှင်းရီ

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ စက်မှု(၁)လမ်း၊ တိုက် ၃၅၃၊ အခန်း ၂နေ [ဦးတင်လှ(AGTI,EP 1964, GTI၊ ကျောင်းပေါင်းစုံကန်တော့ခံဆရာကြီး)]၏ဇနီး၊ (ကိုကျော်လွင်ဦး)၏မိခင်သည် ၂၀-၂-၂၀၁၈ရက် ည ၇း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိုးနိုင်(ခ)ဗိုလ်စိုး အသက်(၅၃)နှစ်

**သုံးရောင်ခြယ်/Bachelors လူငယ်များ**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လမ်း(၅၀)၊ အမှတ် ၁၉၀၊ (7-D)နေ (ဦးသန်းရှိန်-ဒေါ်လှမြင့်)တို့၏တစ်ဦးတည်းသောသား၊ ဦးသက်နိုင်-ဒေါ်စန်းစန်းဝေ၊ ဦးလွင်မိုး-ဒေါ်သန်းသန်းဝေတို့၏ချစ်လှစွာသောမောင်၊ မောင်ဥက္ကာစိုးနိုင်၏ချစ်လှစွာသောဖခင်၊ မောင်သော်ဇင်မိုး၊ မောင်ထွဋ်ခေါင်မိုး၊ မောင်ရန်နိုင်စိုး၊ မခြူးဝေနိုင်တို့၏ဦးလေးသည် ၂၁-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၈ရက်(သောကြာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**

## Captဉာဏ်ထွန်း

**(CD-25 I.M.T)**

**အသက်(၄၀)**

သူငယ်ချင်း Captဉာဏ်ထွန်းသည် ၂၀-၂-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**CD-25 I.M.T မှ သူငယ်ချင်းများ**

## Capt:ဦးဉာဏ်ထွန်း

**CD.25 I.M.T**

**အသက်(၄၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ စမ်းတောင်ရပ်ကွက်၊ အမှတ် ၈၂၊ 3, B နေ ဦးကျော်ထွန်း-ဒေါ်အေးအေးမေတို့၏သား၊ ဦးသိန်းထွန်း (မြို့မဗေဒ့ရှိပ်သာ)-(ဒေါ်စိန်စိန်)တို့၏သားသမက်၊ ဦးလှိုင်မြင့်ထွန်း-ဒေါ်ဝင်းမာထွန်းတို့၏မောင်၊ ဆရာမဒေါ်အေးအေးပြုံး (ဉာဏတော်ဝင်စာသင်ဝိုင်း)၏ချစ်လှစွာသောခင်ပွန်း၊ တူ၊ တူမ ကိုးယောက်တို့၏ဦးလေးသည် ၂၀-၂-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာကျော်ခိုင်ဝင်း

**(ပုဇွန်တောင်၊ တပ်မြေ)**

**Ph.D (Geology)**

**အသက်(၄၄)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အမှတ် ၂၀၄နေ ဦးခင်ဝင်း-ဒေါ်တင်တင်အုန်းတို့၏သား၊ ဦးထိန်ဝင်း-ဒေါ်တင်မို့မို့ဝင်း၊ ဦးအောင်မျိုးမင်း-ဒေါ်ခင်တိုးတိုးဝင်းတို့၏မောင်သည် ၂၀-၂-၂၀၁၈ရက် (အင်္ဂါနေ့)ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၆-၂-၂၀၁၈ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့်**
**အသက်ကယ်ပါ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး**

## ဦးကျင်ပိတ် အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ အမှတ် ၃၇၄၊ အောင်သစ္စာလမ်းနေ (ဦးလူလေး-ဒေါ်အုန်းနု)တို့၏သား၊ (ဦးမောင်မျှင်-ဒေါ်သိန်းရင်)တို့၏သားသမက်၊ ဒေါ်တင်ယုံ၏ခင်ပွန်း၊ ဦးစိုးရင်(လက်ထောက်အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်သန်းအေး၊ ဦးဟန်ညွန့်(ပါမောက္ခ၊ ငြိမ်း၊ ရက္ခဗေဒဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)-ဒေါ်ငွေငွေလှိုင်၊ (ဦးထွန်းလှအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ အားကစားနှင့်ကာယပညာသိပ္ပံဦးစီးဌာန)-ဒေါ်မြင့်မြင့်သိန်း၊(ဦးသိန်းထွဋ်)-ဒေါ်အေးသန်းတို့၏ဖခင်၊ (ဦးစိုးနိုင်ဦး)၊ဒေါ်အေးအေးစိုး(အငယ်တန်းလက်ထောက်အင်ဂျင်နီယာ၊ အမှတ်-၁၊ သစ်စက်)-ဦးမင်းမင်းစံ၊ ဦးရန်အောင်စိုး(လက်ထောက်မန်နေဂျာ၊ ပြည်ပရောင်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ဝါဝါထွန်း (လက်ထောက်ကြီးကြပ်ရေးမှူး၊ မြန်မာ့ရှေ့ဆောင်ဘဏ်)၊ မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၂၀-၂-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်နွဲ့ (သပြု)

**အသက်(၉၀)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်း၊ အမှတ် ၁၁/၁၃၊ လေးလွှာ(ယာ)နေ (ဦးဘမောင်-ဒေါ်ချစ်မေ)တို့၏သမီး၊ (ဦးသောင်းတင်)-ဒေါ်ရင်နွဲ့၊ ဗိုလ်မှူးသောင်းလွင်(ငြိမ်း) (ဒုအထွေထွေမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ငြိမ်း)-ဒေါ်ခင်ဝင်း၊ ဦးဘိုသောင်း-ဒေါ်အေးသန်းတို့၏အစ်မ၊ ဒေါ်လွင်မာဦး၊ ဦးကြည်မင်းဟန်-ဒေါ်တင်မိမိလွင်၊ ဦးမြတ်နိုင်-ဒေါ်မေဝင်းလွင်၊ ဦးညီညီထွေး(သံတွဲခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်အေးအေးလွင်၊ ဦးအောင်မျိုးလွင်တို့၏ကြီးကြီး၊ မောင်ဥက္ကာမင်းဟန်(ဒု-နှစ်၊ ရေကြောင်းတက္ကသိုလ်)၊ မရွှန်းလဲ့မင်းလွင်(တက္ကသိုလ်ဝင်တန်း၊ အထက-၂၊ ဗိုလ်တထောင်)၊ မကြည်ဖြူရှင်းသန့်(Grade-1၊ ထ-ခွဲ၊ မြို့မသံတွဲ)၊ တူ၊ တူမ ၁၈ယောက်၊ မြေး ၁၆ယောက်တို့၏အဘွားသည် ၂၀-၂-၂၀၁၈ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးလှထွန်းအောင် (မောင်မောင်ထွန်းအောင်-ကျွန်းမာရေး)

**(အမျိုးသားစာပေဆုရ၊ ဆရာဝန်တင်ရွှေစာပေဆုရ)(ဟိန်းထက်စာပေတိုက်)**
**မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီနှင့်**
**လှိုင်မြို့နယ်စာရေးဆရာအသင်း(ဥက္ကဋ္ဌဟောင်းနှင့်ဂုဏ်ထူးဆောင်နာယက)**

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၇)ရပ်ကွက်၊ မရမ်းမြိုင်လမ်း၊ အမှတ် ၂၅-ဂျီနေ (ဦးမေဒါ-ဒေါ်ဘီ)တို့၏သားသမက်၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ(ဦးကျီးအေး-ဒေါ်လှကြာဖြူ)တို့၏သား၊ ဦးအေးလှ-(ဒေါ်ဦးသိန်းနု)တို့၏မောင်၊ ဒေါ်ဘေဆီကြီး၏ချစ်လှစွာသောခင်ပွန်း၊ မသီဂီစန်း၊ မမေဇွန်တို့၏ဖခင်သည် ၁၉-၂-၂၀၁၈ရက်(တနင်္လာနေ့)ည ၁၀း၅၀နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၈ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**သထုံမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်ခင်ခင်နွဲ့

**အသင်းဝင်အမှတ်(၂၈၆)**

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့နေ ရန်ကုန်အရေးပိုင် (မွန် ဦးဘိုးကျေး-ဒေါ်ဒေါ်အုန်း)တို့၏သမီး၊ (ဦးစံ-ဒေါ်ခင်ဖုန်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ (၁၅)ရပ်ကွက်၊ ဇီဇဝါဥယျာဉ်၊ အမှတ် ၈နေ [ဦးတင်မောင်(တက္ကသိုလ်တင်ကြီး)]၏ ချစ်လှစွာသောဇနီးသည် ၁၈-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့)ညနေ ၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့်၁၉-၂-၂၀၁၈ရက် (တနင်္လာနေ့)တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## ဦးစိန်ရှင် (ဗန်းမော်)

**အသက်(၇၂)နှစ်**

ဗန်းမော်မြို့၊ တရုတ်တန်းရပ်ကွက်နေ ဦးချိန်ချန်း-ဒေါ်ဆွေတို့၏သား၊ မြိတ်မြို့နေ ဦးရှင်ဘွန်-ဒေါ်တင်ငယ်တို့၏သားသမက်၊ (ဒေါ်စန်းရီ)၏ခင်ပွန်း၊ မောင်သက်တင် - မဝင်းပပ (ခေတ္တ-USA)၊ မောင်ငွေဇင်(ခေတ္တ-USA)၊ မောင်နန္ဒစိန်ရှင် - မငွေငွေအောင်ဒင်(ခေတ္တ-USA)၊ခင်ခင်လေးတို့၏ဖခင်၊ Kenneth ၏အဘိုး၊ စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်း၊ အမှတ် ၂၅နေ ဦးစိန်ရှင်သည် ၂၀-၂-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ စမ်းချောင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## နူရ်ဂျန်ဘီဘီ(ခ)

## ဒေါ်ခင်နီလာဆွေ(ခ)မော်လီ

**ကျော်သာဆေးဆိုင်(မော်လမြိုင်မြို့)**

**အသက်(၅၁)နှစ်**

မော်လမြိုင်မြို့နေ ဟာဂျီဦးမြင့်ဆွေ (လဝက၊ ငြိမ်း)-ဟာဂျီမ ဒေါ်ခင်မျိုးရီတို့၏သမီး၊ ဦးမောင်မောင်သိန်း-ဒေါ်ခင်သီတာဆွေ၊ ဒေါက်တာမျိုးနိုင်ဆွေ-ဒေါ်ခင်စီစီထွန်း၊ ဦးမျိုးလှိုင်ဆွေ-ဒေါ်မီဆန်းဝေတို့၏ညီမ၊ ဦးနေဖြိုးဇော်-ဒေါ်ခင်မာလာဆွေ၊ ဦးတင်ဦး-ဒေါ်မျိုးကလျာဆွေ၊ ဦးစိုးဝင်း-ဒေါ်မျိုးရတနာဆွေတို့၏အစ်မ၊ မချမ်းမြေ့ဦးခင်၊ မစန္ဒီချိုလဲ့ရီ၊ ဒေါက်တာအိအိမျိုး၊ မောင်မျိုးသီဟထွန်း၊ မထက်ထက်ဦး၊ မယုယုဝေတို့၏အဒေါ်၊ မောင်ဇေမျိုးတင်၊ မောင်သန့်ဇင်ဖြိုး၊ မောင်သားနေစိုး၊ မောင်ကောင်းခန့်စိုးတို့၏အကြီး၊ မောင်ဘုန်းမြတ်သူ၏အဘွားသည် ၁၇-၂-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၈-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးစန္ဒီမွတ်စလင်ကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဗန်းမော်မြို့နယ်အသင်း(ရန်ကုန်)**

## ဦးစိန်ရှင် (ဗန်းမော်)

**အသက်(၇၂)နှစ်**

ဗန်းမော်မြို့၊ တရုတ်တန်းရပ်ကွက်နေ ဦးချိန်ချန်း-ဒေါ်ဆွေတို့၏သား၊ မြိတ်မြို့နေ ဦးရှင်ဘွန်-ဒေါ်တင်ငယ်တို့၏သားသမက်၊ (ဒေါ်စန်းရီ)၏ခင်ပွန်း၊ မောင်သက်တင် - မဝင်းပပ (ခေတ္တ-USA)၊ မောင်ငွေဇင်(ခေတ္တ-USA)၊ မောင်နန္ဒစိန်ရှင် - မငွေငွေအောင်ဒင် (ခေတ္တ-USA)၊ခင်ခင်လေးတို့၏ဖခင်၊Kenneth ၏အဘိုး၊ စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်း၊ အမှတ် ၂၅နေ ဦးစိန်ရှင်သည် ၂၀-၂-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ စမ်းချောင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

အမှုဆောင်အဖွဲ့

## ဒေါ်ခင်ညို (ငပုတောမြို့)

**အသက်(၉၅)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်နေ(ဦးထွန်းလွင်-ဒေါ်ထွေး)တို့၏သမီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာနေ (ဦးမင်းနောင်)၏ဇနီး၊ ဦးစန်းနိုင်-ဒေါ်ခင်အေးမူ၊ ဦးထွန်းထွန်း-ဒေါ်ကြူကြူဇင်။ ဦးဖုဏ်ငွေ-ဒေါ်ဖြူဖြူခိုင်၊ ဒုရဲမှူး ကံလှိုင်-ဒေါ်သော်သော်ထက်တို့၏မိခင်၊ မြေး ရှစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၂၀-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ပု (ပန်တိုင်-ခတ္တိယ)

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးစိုးဖေ - ဒေါ်နှင်းညွှန့်)တို့၏ သမီး၊ မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ ကင်းရွာနေ (ဦးအောင်သိန်း-ဒေါ်ဂျမ်းဘုံ)တို့၏သမီးချွေးမ၊ (ဦးဆိုင်တင်)၏ညီမ၊ (ဒေါ်လှတင်)၊(ဦးလှမြင့်-ဒေါ်စုစုနွဲ့)တို့၏အစ်မ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ခွာညိုလမ်း၊ အမှတ် ၆၃၁နေ (ဦးအုံ့မောင်)၏ဇနီး၊ ဒေါ်ပြုံးပြုံးမိုး(အထက-၃၊ ဒဂုံမြောက်)၊ ဦးကျော်ကျော်အုန်း - ဒေါ်လွင်လွင်ချို (အထက-၅၊ ဒဂုံအရှေ့)၊ ဦးငွေးနိုင်တို့၏မိခင်၊ မမြတ်သဉ္ဇာ (Victoria University College Business)၏အဘွား၊(ဦးမြင့်ဆွေ)-ဒေါ်လှလှဦး၊ ဦးရွှေမိုး-ဒေါ်တင်တင်ဦး၊ ဦးသော်တာ-ဒေါ်ရီရီဝင်း၊ (ဦးကျင်ဖုန်း)-ဒေါ်ဝင်းဝင်းထွေး၊ ဒေါ်လှလှစိုး(SSC)၊ ဦးမင်းစိုး-ဒေါ်ကြည်ကြည်သင်းတို့၏အဒေါ်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၁-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၈ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ခွာညိုလမ်း၊ အမှတ် ၆၃၁ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းသန်း

**ကထိက(ငြိမ်း)**

**ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း (မိတ္ထီလာ)**

**အသက်(၇၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ကျော်သူလမ်း(၂၀)၊အမှတ် ၇၄၉နေ (ဦးဖဲ-ဒေါ်စိန်မြိုင်)တို့၏သား၊ (ဦးလှတင် - ဒေါ်အေးရှင်)တို့၏ သားသမက်၊ ဦးသန်းဇော်ဦး-ဒေါ်သန္တာလွင်၊ မသန်းမော်ဦး၊ မောင်သန်းမျိုးထွဋ်တို့၏ဖခင်၊မြေးနှစ်ယောက်တို့၏အဘိုး၊ ဒေါ်သန်းကြိုင်၏ချစ်လှစွာသောခင်ပွန်းသည် ၂၀-၂-၂၀၁၈ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၂-၂၀၁၈ရက် ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

## ဦးသိန်းမြင့် (မြိတ်)

**အသင်းဝင်အမှတ်(၅၉၂၂)**

**အသက်(၆၁)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ အေးချမ်းသာယာရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် ၁၂၀(ရှဲဒိုးအပ်ချုပ်ဆိုင်)နေ ဒေါ်ခင်မာချို(အသင်းဝင်အမှတ်-၅၉၂၃)၏ခင်ပွန်းသည် ၂၈-၁-၂၀၁၈ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တဓမ္မိက မဟာထေရ်

**သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၇၆)ဝါ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ဝဲပုံစာသင်တိုက်ကြီး၏ဦးစီးပဓာနနာယက မဟာအောင်ကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မိက မဟာထေရ်သည်(၁၃၇၉ခုနှစ် တပေါင်းလဆန်း ၅ရက်) ၁၈-၂-၂၀၁၈ရက်(တနင်္လာနေ့)ညနေ ၅း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် တပေါင်းလဆန်း ၉ရက်) ၂၃-၂-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမအဂ္ဂိဈာပနသာဂုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေး
တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ

**မော်လမြိုင်ကျွန်းမြို့နယ် သြဝါဒါစရိယ**
**မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ စေတီပုထိုးများ၏ သြဝါဒါစရိယ၊**
**မော်လမြိုင်ကျွန်းမြို့၌ ကျင်းပသော စာဖြေပွဲများ၏ဥက္ကဋ္ဌ**
**သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ (၂)ရပ်ကွက်၊ ၅လမ်း၊ သာသနာ့ကာရီဓမ္မရိပ်သာ၊ပရိယတ္တိစာသင်တိုက်နှင့်ကျွဲတလင်းကျေးရွာ သုခကာရီကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတန မဟာထေရ်မြတ်သည် (၁၃၇၉ခုနှစ် တပေါင်းလဆန်း ၆ရက်) (အင်္ဂါနေ့) နံနက် ဝဝး၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် တပေါင်းလဆန်း ၈ရက်) ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် စံကျောင်းတော်သို့ ပင့်ဆောင်ပူဇော်ပြီး (၁၃၇၉ခုနှစ် တပေါင်းလဆန်း ၁၂ရက်) ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် မော်လမြိုင်ကျွန်းမြို့ မြို့မအားကစားဘောလုံးကွင်း၌ အန္တိမအဂ္ဂိဈာပနပူဇာသဘင်အား ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူတပည့်သံဃာတော်များနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဗိုလ်ကြီးမောင်အေး(ငြိမ်း)

**ကြည်း-၆၄၅၉၊ OTS အပတ်စဉ်(၈)**

**အမြောက်တပ်**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ပဒေသာပင်မြို့တော် (FMI City)၊ ခရေပင်လမ်း၊ L 63/64 နေ ဒေါ်ခင်သန်းမြင့်(Doreen)၏ခင်ပွန်း၊ ဦးကျော်မင်းအေး၊ ဦးကျော်ဝင်းအေးတို့၏ဖခင်၊ မမေသီအေး၏အဘိုးသည် ၂၀-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၉း၃၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့်၊ ကွယ်လွန်သူ၏ဆန္ဒအရ ၂၀-၂-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃း၄၀နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးအောင်သန်း

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း (၁)ရပ်ကွက်၊ ၅လမ်း၊ အမှတ် ၆၁၄နေ(ဦးဘထွန်း-ဒေါ်တင်မြင့်)တို့၏သား၊ (ဦးရွှေသာ-ဒေါ်သဲငွေ)တို့၏သားသမက်၊ ဒေါ်အုံးရီ၏ခင်ပွန်း၊ ဒေါ်သိန်းမြင့်၊ ဒေါ်ကြည်ကြည်ဝင်းတို့၏အစ်ကို၊ (ဒေါ်ငွေငွေရီ)၊ ဒေါ်စန်းစန်းငွေ၊ ဦးလေးလွင်-ဒေါ်သီတာဦး၊ ဒုအရာခံဗိုလ်မျိုးမြင့်-ဒေါ်ခင်သီတာမိုး၊ ဦးဝင်းလှိုင်-ဒေါ်အေးအေးမော်(သူနာပြုဆရာမကြီး N.R.H)၊ ဦးဝင်းသန်း-ဒေါ်သန်းသန်းဝင်း၊ ဒုတိယဗိုလ်မှူးကြီးဇော်အောင်လတ်-ဗိုလ်ကြီးနုထွေးဇံတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၁၉-၂-၂၀၁၈ရက် နံနက် ၃း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးအောင်သန်း

**အသက်(၈၆)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးဇော်အောင်လတ်-ဗိုလ်ကြီးနုထွေးဇံတို့၏ဖခင် ဦးအောင်သန်းသည် ၁၉-၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၄၂)မှ သူငယ်ချင်းများ**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးမြတ်စံ (ဗိုလ်ချုပ်ရွာ၊ သန်လျင်)

**ရေယာဉ်မှူး (ရေနံသယ်ပို့၊ ငြိမ်း)**

**အသက်(၇၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အရှေ့ပိုင်း(၁)၊ ပါရမီ(၂)လမ်း၊ အမှတ် ၁/၁၁၂နေ(ဦးထွန်းဟံ-ဒေါ်တော)တို့၏သား၊ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊ (ဦးမြတ်ဦး)-ဒေါ်သန်းသန်းခိုင်၊ (ဦးမြတ်ဇော်)-ဒေါ်သဲသဲ၊ ဦးအောင်မျိုးကျော်-ဒေါ်မြင့်မြင့်စံ၊ (မောင်ဝင်းခိုင်)တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၁-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဆရာမ နော်နောနောဝေ အသက်(၄၉)နှစ်

**(ဟာသ်ာတ ကရင်နှစ်ခြင်းအသင်းတော်)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အမှတ် ၁၊ သာယာအေး(၂)လမ်းနေ (သိက္ခာတော်ရ ဆရာစောဘလေး-နော်ဖောရေ)တို့၏တစ်ဦးတည်းသောသမီး၊ (စောဒီစိန်ဘ-ဆရာမဂျူအဲနာထော)တို့၏သမီးချွေးမ၊ နော်ဆာဟေသား၏ချစ်လှစွာသောမိခင်၊ ဒေါက်တာနော်စေးစေးဖော(ပါမောက္ခ၊ ဌာနမှူး၊ စိတ်ပညာဌာန၊ရန်ကုန်အဝေးသင်တက္ကသိုလ်)-ဦးစောအီးနော့တို့၏ညီမ၊နော်ရူဆဲ (IRC, Myanmar)-စောလယ်မူး၊ စောအယ်မူးဒါး (Pan Pacific Hotel)-မယဉ်မွန်ခိုင်တို့၏အစ်မ၊ စောဆာလောလ(Norwegian Cruise Line)၏ချစ်လှစွာသောဇနီးသည် ၁၉-၂-၂၀၁၈ရက်(တနင်္လာနေ့) ည ၉နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ဂေသရှေမာန် ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ကရင်ခရစ်ယာန်သုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# မဏ္ဍိုင်လေးရပ် လုပ်ပိုင်ခွင့်များကို အများပြည်သူအကျိုးစီးပွားဆိုသည့် အခြေခံပေါ်မူတည်ပြီး စဉ်းစားဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်နှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာတို့အကြား ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန်၊ ပြည်သူများအား တိကျခိုင်မာသည့် သတင်းအချက်အလက်များ ပေးနိုင်ရန်အတွက် ဒုတိယအကြိမ် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ မဏ္ဍိုင်သုံးရပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်) နှင့် ဒေါက်တာမျိုးသန့်တင် ဦးစီးသော သတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ မြန်မာနိုင်ငံ စာနယ်ဇင်းသမဂ္ဂ၊ မြန်မာအမျိုးသမီးသတင်းစာ ဆရာများအဖွဲ့နှင့် BNI (Burma News International) တို့မှ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်မှာ သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့်

*စာမျက်နှာ ၅ ကော်လံ ၁* ◆



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဒုတိယအကြိမ် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ဆေးရုံတက် ကျောင်းသား ကျောင်းသူများအတွက် ဆေးရုံဖြေစာစစ်ဌာနလေးခု စီစဉ်ထားရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့၏ ညှိနှိုင်းထားချက်အရ ၂၀၁၈ ခုနှစ် မတ် ၇ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သော တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက် ဆေးရုံစာဖြေဌာနလေးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားသည်။

**အကူအညီတောင်းခံနိုင်**

ဆေးရုံတက်ရောက်ကုသနေသော စာမေးပွဲဝင်ရောက်ဖြေဆိုလိုသည့် ကျောင်းသား ကျောင်းသူ(လူနာ)များသည် အဆိုပါဆေးရုံကြီးများရှိ ဆေးလူမှုဆက်ဆံရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက် အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## MNL ပွဲစဉ် (၇)တွင် ရန်ကုန်နှင့် ရှမ်းယူနိုက်တက် ထိပ်တိုက်တွေ့ဆုံ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇)ကို ယခုတစ်ပတ် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် ဒုတိယနေရာမှ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ယခုတစ်ပတ်တွင် စုစုပေါင်းငါးပွဲသာ ကျင်းပမည်ဖြစ်ပြီး တန်းတက် နှစ်သင်းဖြစ်သည့် မြဝတီနှင့် စစ်ကိုင်းယူနိုက်တက် ပွဲကို မတ် ၁၁ ရက်သို့ ရွှေ့ဆိုင်းထားသောကြောင့် တစ်ပွဲလျော့နည်းမည်ဖြစ်သည်။ ပွဲစဉ် (၇) အဖြစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရောဝတီအသင်း၊ ဝေဘာလီကွင်း၌ ရခိုင်အသင်းနှင့် GFA အသင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် Southern အသင်း၊ မန္တလာသီရိကွင်း၌

*စာမျက်နှာ ၁၁ ကော်လံ ၁* ❖

၂၀၁၈ ရာသီ MFF Charity Cup ပြိုင်ပွဲတွင် ရန်ကုန်နှင့် ရှမ်းယူနိုက်တက် တွေ့ဆုံခဲ့စဉ်။ ဓာတ်ပုံ-စိုးညွန့်

### တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)ကို လေ့လာကြည့်ရှုရင်း အပန်းဖြေ အနားယူနိုင်သည်အထိ တိုးချဲ့ဆောင်ရွက်သွားမည်



စာမျက်နှာ - ၅

### လားရှိုးမြို့ရှိ ရိုးမဘဏ်နှင့် ရောဝတီဘဏ်အကြား ဗုံးပေါက်ကွဲမှုဖြစ်ပွား နှစ်ဦးသေဆုံး

စာမျက်နှာ - ၁၂



### အမေရိကန်သမ္မတနှင့် မက္ကဆီကို သမ္မတတို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်သဘောတူ

စာမျက်နှာ - ၁၄

